မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အိုသည့်တိုင်အောင် အကျင့်သီလရှိခြင်းသည် ချမ်းသာ၏။ ခိုင်မြဲသော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုတို့ကို မပြုခြင်းသည် ချမ်းသာ၏။

ဓမ္မပဒ

မြဝတီ နေ့စဉ်

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၈)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်
၂၀၂၆ ခုနှစ်၊ ဧပြီ ၂၆ ရက်၊ တနင်္ဂနွေနေ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နေပြည်တော် ဧပြီ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ဧည့်ဆောင်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာနိုင်ငံတော်သမ္မတက တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်အနေဖြင့် မိမိကိုသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ပြီး နာရီပိုင်း အတွင်း ဝမ်းမြောက်ကြောင်းသဝဏ်လွှာအား ပထမဦးဆုံးပေးပို့ခဲ့ပြီး အလေးအနက်ထားမှုကိုပြသပေးမှုအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော်တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးအနေဖြင့်လည်း မိမိဦးဆောင်သည့်အစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်ချိန်တွင် ပထမဆုံးလာရောက်ခဲ့မှု အပေါ်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အစိုးရအဖွဲ့ တာဝန်ယူချိန်အတွင်း မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့်ပြောကြားသည်။

တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးက ပြန်လည်ပြောကြားရာတွင် အဆွေတော်အနေဖြင့် မြန်မာနိုင်ငံ၏သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရမှုအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်မှလည်း ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် ဆုမွန်ကောင်းများတောင်းပေးလိုက်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အဆွေတော်ကို **စာမျက်နှာ ၅ ကော်လံ ၁** ★



အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဧပြီ ၂၆ ရက်)

ရိုးသားကြိုးစားမှုဖြင့် ပြည်သူ့အတွက်ငြိမ်းချမ်းရေးတည်ဆောက်

မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံဖြစ်သည်။ နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟုခေါ်တွင်ရမည်။ နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ကြသောနိုင်ငံဖြစ်သည်။ နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးသည်။ နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည် စသည်ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်) အခန်း(၁) နိုင်ငံတော်အခြေခံမူများ၌ဖော်ပြထားသည်။ နိုင်ငံသားတိုင်းသည် မိမိနိုင်ငံကိုအေးချမ်းသာယာပြီးဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်အဖြစ်မြင်တွေ့လိုကြသည်။ စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်မည်ဆိုပါက နိုင်ငံတော်သည်အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံသားတို့၏လူမှုစီးပွားဘဝများလည်းဖွံ့ဖြိုးလာမည်ဖြစ်သည်။

ပါတီစုံဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူလူထု၏ဆန္ဒနှင့်အညီ ပေါ်ထွန်းလာသည့်စနစ်ဖြစ်သည်။ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားစေလျက် တိုင်းရင်းသားပြည်သူအများ ငြိမ်းချမ်းသာယာဝပြောရေးကို တည်တံ့ခိုင်မြဲအောင် ပါတီစုံဒီမိုကရေစီစနစ်ဖြင့် အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ထိုသို့ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်မှာ နိုင်ငံတော်အတွင်း လက်နက်ကိုင်ပဋိပက္ခများကင်းစင်ပပျောက်နေရမည်ဖြစ်သည်။ ယခုအခါ ပြည်သူလူထုကတစ်ခဲနက်မဲပေးရွေးချယ်တင်မြှောက်ထားသည့် ဒီမိုကရေစီအစိုးရသစ်တစ်ရပ်ပေါ်ထွန်းလာပြီဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးကို ကြိုးပမ်းလျက်ရှိရာတွင် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားဆောင်ရွက်နေပြီဖြစ်သည်။ ထို့ပြင် နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ အတွင်းဆောင်ရွက်ရန်ကိစ္စများတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ပြီးကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများကျင်းပပြုလုပ်နိုင်ရန် လေးနက်စွာဖိတ်ခေါ်ထားပြီးဖြစ်သည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (NSPNC) အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ လုပ်ငန်းစဉ်များဆွေးနွေးခြင်းကို ဧပြီလ ၂၃ ရက်က နေပြည်တော်ရှိ M Gallery ဟိုတယ်၌ကျင်းပခဲ့သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးခိုင်မာစေရန်နှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးကိုရှေးရှုလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်တွေ့ဆုံဆွေးနွေးမှုအရှိန်အဟုန်ကိုမြှင့်တင်ဆောင်ရွက်လျက်ရှိရာ ပိုမိုထိရောက်သောလုပ်ငန်းစဉ်များချမှတ်နိုင်ရန်နှင့် ရရှိပြီးဆွေးနွေးမှုရလဒ်များကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မည့်နည်းလမ်းများ ရှာဖွေဖော်ထုတ်ရန် ရည်ရွယ်လျက် အဆိုပါအစည်းအဝေးကိုကျင်းပခြင်းဖြစ်သည်။

အဆိုပါကော်မတီအနေဖြင့် နိုင်ငံတော်အစိုးရ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား နိုင်ငံတော်၏မူဝါဒများနှင့်အညီ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံများမှ သဘောတူညီထားပြီး ပြည်ထောင်စုလွှတ်တော်မှအတည်ပြုထားသည့် အစိတ်အပိုင်း ၁၊ ၂၊ ၃ ပါ သဘောတူညီချက် ၇၂ ချက်အား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများနှင့် ကိုက်ညီမှုရှိ၊ မရှိ စိစစ်ဆောင်ရွက်ပြီး ဆက်လက်အကောင်အထည်ဖော်ရမည်ဖြစ်သည်။ အဆိုပါကော်မတီကို ၂၀၂၁ ခုနှစ်ကတည်းက စတင်ဖွဲ့စည်းခြင်းဖြစ်သည်။ NCAလက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခုနစ်ဖွဲ့၊ NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့သုံးဖွဲ့တို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်သည်။

လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြုလုပ်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုဖိတ်ခေါ်ထားပြီး PDF အမည်ခံအဖွဲ့အစည်းအသီးသီးတို့သည်လည်း နိုင်ငံတော်အစိုးရ၏ကမ်းလှမ်းဖိတ်ခေါ်သည့်အတိုင်း ဥပဒေဘောင်အတွင်း အမြန်ဆုံးပြန်လည်ခိုလှုံဝင်ရောက်ရန် နှိုးဆော်တိုက်တွန်းထားသည်။ နိုင်ငံနှင့်ပြည်သူ့အကျိုးရှေးရှု၍ ငြိမ်းချမ်းရေးအတွက် ဆက်သွယ်ဆောင်ရွက်လိုပါက တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြထားသည်။ အနှစ်ချုပ်ဆိုရသော် ဒေသတည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ငြိမ်းချမ်းရေးသည်အဓိကဖြစ်ပေရာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းနိုင်ရန် သက်ဆိုင်သူအားလုံးက ရိုးသားမှု၊ ကြိုးစားမှုတို့ဖြင့် ပြည်သူ့အတွက်ငြိမ်းချမ်းရေးတည်ဆောက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

မြိတ်မြို့၌ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲစတင်ကျင်းပ

မြိတ် ဧပြီ ၂၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယခုနှစ်တွင် မန္တလေးကျောင်းတိုက်၌ ကိန်းဝပ်စံပယ်တော်မူသော ဒီပင်္ကရာမြတ်စွာဘုရားရုပ်ပွားတော်အား (၇၅)ကြိမ်မြောက်အဖြစ် ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ဧပြီလ ၂၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ကဆုန်ညောင်ရေသွန်းလောင်းပွဲ ကျင်းပရန် ဒီပင်္ကရာမြတ်စွာဘုရားရုပ်ပွားတော်အား မြို့တွင်းလှည့်လည်ပူဇော်ရာတွင် သာသနာ့အလံကိုင်အဖွဲ့၊ ဥပါသကာများ၊ ဓမ္မစကြာအဖွဲ့၊ ဓမ္မတေး (မော်တော်ယာဉ်များ)ခြံရံလျက် ရုပ်ပွားတော်အား ပြာသာဒ်မော်တော်ယာဉ်တွင် ပင့်ဆောင်ကာ မြို့ပေါ်ရပ်ကွက်များသို့ လှည့်လည်ပူဇော်ရာ လမ်းတစ်လျှောက် လမ်းဘေးဝဲ၊ ယာတွင် ပြည်သူအပေါင်းတို့မှ ပန်း၊ ရေချမ်းများ၊ အမွေးနံ့သာရည်များကပ်လှူပူဇော်ခြင်း၊ အလှူငွေများလှူဒါန်းခြင်းဖြင့် ဖူးမြော်ကြည်ညိုကုသိုလ်ယူကြသည်။

ဒီပင်္ကရာမြတ်စွာဘုရား ရုပ်ပွားတော်မြတ်အား မြို့တွင်းလှည့်လည် ပင့်ဆောင်ပူဇော်၍ ကနဦးများ ရုပ်ကွက် ဓမ္မာရုံယာယီစံကျောင်းတော်၌ နှစ်ရက်ကြာ ညောင်ရေသွန်းလောင်းပူဇော်မည်ဖြစ်သည်။

ထို့ပြင် မန္တလေးကျောင်းတိုက်အတွင်း ဧပြီလ ၂၇ ရက်မှ မေလ ၁ ရက်အထိ ငါးရက်တိုင်တိုင် အပူဇော်ခံထားရှိမည်ဖြစ်ပြီး သစ်သီးဆွမ်းကပ်လှူခြင်း၊ အလှူငွေများလှူဒါန်းခြင်း၊ အမွေးနံ့သာရည်များကပ်လှူပူဇော်ခြင်း၊ ညောင်ရေသွန်းလောင်းပူဇော်ခြင်းတို့ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

စာဖတ်ရှုန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲနှင့် ပြပွဲ ပြိုင်ပွဲများကျင်းပ

နေပြည်တော် ဧပြီ ၂၅

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက် ရွှေနံ့သာ စာကြည့်တိုက်၌ စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေး၊ စာဖတ်ရှုန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများကို ဧပြီလ ၂၄ ရက်က ကျင်းပသည်။

ရှေးဦးစွာ ဥတ္တရရာရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ ဘက်စုံထူးချွန်သော လူရည်ချွန်၊ လူရည်မွန်များ ဖြစ်လာစေရန်နှင့် နောင်တစ်ချိန်တွင် နိုင်ငံတော်ကအားထားရသည့် လူတော်လူကောင်းများဖြစ်လာစေရန်၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ကျင်းပပေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး လူငယ်နှင့် စာဖတ်ခြင်းခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

ယင်းနောက် ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို ကျင်းပရာ ပြိုင်ပွဲအသီးသီးတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိကြသော ကျောင်းသား၊ကျောင်းသူများအား လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းနှင့် ဦးစီးအရာရှိဒေါ်သန်းသန်းနွယ်တို့က ဆုများ အသီးသီးပေးအပ်သည်။

ထို့နောက် ခင်းကျင်းပြသထားသည့် စာဖတ်ရှုန်မြှင့်တင်ရေး အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတရသစာအုပ်၊ စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက လေ့လာဖတ်ရှုကြကြောင်း သိရသည်။ (၄၀၂)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၄-၂၀၂၆(တနင်္ဂနွေနေ့)

၁။	၀၆:၀၃	တရားတော်	၁၀။	၁၀:၃၀	စာပေနှင့်အနုပညာသတင်း
၂။	၀၆:၄၅	ဓမ္မပူဇောတေး	၁၁။	၁၁:၂၀	အတွေးအမြင်
၃။	၀၆:၅၅	နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့	၁၂။	၁၄:၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၄။	၀၇:၀၀	ကိုယ်လက်လှုပ်ရှားအားကစား	၁၃။	၁၄:၁၅	တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်
၅။	၀၈:၂၀	မျိုးချစ်တပ်မတော်	၁၄။	၁၅:၄၀	ဇာတ်လမ်းတို
၆။	၀၈:၄၅	သုတရသစုံလင်ဗဟုသုတပုံပြင်	၁၅။	၁၉:၀၀	**ရုပ်မြင်သံကြားဇာတ်လမ်း ပုဂံမှာသာတဲ့လ (ဇာတ်သိမ်းပိုင်း)**
၇။	၀၈:၅၀	မောင်မယ်လေးများသိစေချင်			**သရုပ်ဆောင် – ရန်အောင်၊ မေသန်းနု**
၈။	၀၉:၂၀	အမှတ်တရနေ့ရက်များ			**ဒါရိုက်တာ – မြတ်တင်အေး**
၉။	၁၀:၂၀	တစ်ပတ်အတွင်းအားကစား သတင်း			

မြဝတီ ခေတ်စဉ် Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေငဲသိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းဝိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂။
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဇွန်သီရိမြို့နယ်၊ နေပြည်တော်။


ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာ၀နံခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာ၀နံခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ကျေးလက်ဒေသများ၌ တိုင်ထောင်ပဲတောင့်ရှည်များ အရောင်းအဝယ်ကောင်းမွန်နေ



ပေါင် ၈ပြီ ၂၅

မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ကျေးလက်ဒေသများ၌ တိုင်ထောင်ပဲတောင့်ရှည်များ အရောင်းအဝယ်ကောင်းမွန်နေသဖြင့် ဒေသခံပဲတောင့်ရှည်စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပေါင်မြို့နယ်ရှိ ဒေသခံများသည် ရော်ဘာစိုက်ပျိုးရေးနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး မိသားစုစားသုံးရန်နှင့် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိစေရန် ဟင်းသီးဟင်းရွက်များကိုလည်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြသည်။

ယခုအခါ တိုင်ထောင်ပဲတောင့်ရှည်များ အရောင်းအဝယ်သွက်ပြီး ဈေးကောင်းရရှိနေကာ လက်ရှိတွင် ပဲတောင့်ရှည်များကို ပိသာဖြင့်လည်းကောင်း၊ ၁၀ တောင့်တစ်စည်း စည်း၍လည်းကောင်း ရောင်းချကြပြီး ဈေးကောင်းရရှိနေသဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။

တိုင်ထောင်ပဲတောင့်ရှည်များကို ရာသီမရွေးစိုက်ပျိုးနိုင်ပြီး မစိုက်ပျိုးမီ စိုက်ပေါင်ကိုပြုပြင်ကာ မျိုးစေ့များကို အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြောင်း၊ တစ်ပင်နှင့် တစ်ပင်ကြား တစ်တောင်ခန့်ခြား၍ စိုက်ပျိုးရကာ အပင်ကြီးထွားမှုနှင့် လေဝင်လေထွက်ကောင်းမွန်စေရန် ဂရုတစိုက်စိုက်ပျိုးရကြောင်း သိရသည်။

စိုက်ပျိုးပြီး ၁၅ ရက်ခန့်အကြာတွင် တိုင်ထောင်ပေးရပြီး ရက် ၄၀ ခန့်အကြာတွင် စတင်အသီးသီး၍ ရက် ၅၀ ခန့်တွင် ပဲသီးများ လှိုင်လှိုင်သီးကြောင်း၊ နှစ်ရက်ခြားတစ်ကြိမ် ခူးဆွတ်ရောင်းချပြီး နှစ်လခန့်ကြာသည်အထိ ခူးဆွတ်ရောင်းချနိုင်ကြောင်း သိရသည်။

ဆောင်းဦး

MGHRDC မှ တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ၈ပြီ ၂၅

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC)မှ တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်းကို ရန်ကုန်မြို့၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

"တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်းဖွင့်လှစ်လာတာ အခုဆိုရင် အမှတ်စဉ်(၁၄) ရောက်ရှိလာပြီဖြစ်ပါတယ်။ တက်ရောက်လိုသူတွေအနေနဲ့ စာရင်းပေးသွင်းနိုင်ပါတယ် " ဟု မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါတစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်းကို ၈ပြီလ ၂၇ ရက်မှ မေလ ၈ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းတွင် အထည်များ၏အစိတ်အပိုင်းများဖြစ်သော အိတ်ဖုံးအပိုင်း၊ ထောင့်ချိုး၊ ခရုပတ်၊ ပခုံးဒေါက်၊ အိတ်ကပ်၊ ကော်လံနှင့် ဘန်တွဲနည်း၊ ရှေ့ခြမ်းလျှာတပ်နည်း၊ လက်ဖတ်၊ လက်ဒေါက်နှင့်လက်တွဲနည်း၊ ဖောက်အိတ်ပုံစံအမျိုးမျိုး၊ ရိုးရိုးဇစ်တပ်နည်း၊ ဇစ်ပျောက်တပ်နည်း၊ ဘေးဖောက်အိတ်ချုပ်နည်း၊ 2 Needle သင်္ဘောသားလျှာခွ၊ ဖောက်အိတ်(အလုံး၊ အပြား)ချုပ်နည်း စသည်တို့ကို တတ်မြောက်သည်အထိ သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းတက်ရောက်လိုသူများအနေဖြင့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ ဖုန်း-၀၉-၉၄၀၈၅၈၃၀၀ နှင့် ၀၉-၄၀၃၉၁၂၅၇၀ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **ဖြူဖြူ**

မြန်အောင်မြို့နယ်၌ ကျောင်းကြက်ခြေနီ ရှေးဦးသူနာပြုစုခြင်း(အခြေခံ)သင်တန်းဖွင့်လှစ်



မြန်အောင် ၈ပြီ ၂၅

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ကျောင်းကြက်ခြေနီ ရှေးဦးသူနာပြုစုခြင်း(အခြေခံ) အဆင့် (၂/၂၀၂၆) သင်တန်းဖွင့်ပွဲကို ၈ပြီလ ၂၅ ရက်က မြန်အောင်မြို့ အခြေခံပညာအလယ်တန်းကျောင်း (လက်ပံရပ်)၌ ကျင်းပသည်။

ရှေးဦးစွာ မြန်အောင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်မင်းက နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းများ၌ သင်တန်းများဖွင့်လှစ်ပေးမှုအခြေအနေများကို ပြောကြားသည်။

ထို့နောက် မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဒေါ်ပြုံးမြင့်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ပြောကြားပြီး အခြေခံပညာ အလယ်တန်းကျောင်း (လက်ပံရပ်) ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါသင်တန်းတွင် ကျောင်းသား၊ ကျောင်းသူများ ကြက်ခြေနီစိတ်ဓာတ်ရှိပြီး ဖြစ်ပေါ်လာသောဘေးအန္တရာယ်များကိုကူညီနိုင်ရန်နှင့် ကာကွယ်နိုင်ရန် ကြက်ခြေနီအကြောင်းသိကောင်းစရာများ၊ ရှေးဦးသူနာပြုစုခြင်း အခြေခံသဘောတရားများနှင့် သဘာဝဘေးအန္တရာယ်အကြောင်းသိကောင်းစရာများကို သင်ကြားပေးလျက်ရှိပြီး မေလ ၈ ရက် ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားတွင် သင်တန်းဆင်းဂုဏ်ပြုမှတ်တမ်းများ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။**ဝင်းဗိုလ်(မြန်အောင်)**

ရန်ကုန်စတော့အိတ်ချိန်း၌ တစ်ပတ်အတွင်း ငွေကျပ် သိန်း ၃၇၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၈၃၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

ရန်ကုန် ၈ပြီ ၂၅

ရန်ကုန်မြို့ရှိ ရန်ကုန်စတော့အိတ်ချိန်း၌ ၈ပြီလစတုတ္ထပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၃၇၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၈၃၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းသည် ၈ပြီလ တတိယပတ်အတွင်း မြန်မာ့ရိုးရာမဟာသင်္ကြန်ကာလပိတ်ရက်ဖြစ်သောကြောင့် စတော့ရှယ်ယာရောင်းဝယ်မှုပိတ်ထားခဲ့ပြီး ယခုတစ်ပတ်တွင် ပြန်လည်ဖွင့်လှစ်ရောင်းချပေးခြင်းဖြစ်သည်။

ရန်ကုန်စတော့အိတ်ချိန်း၏ Main Board တွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ ၈ပြီလ ၂၀ ရက်မှ ၂၄ ရက်အထိ ငွေကျပ် ၃၇၁၃၀၀၂၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၈၃၁၂၇ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

ထိုသို့အရောင်းအဝယ်ပြုလုပ်ရာတွင် FMI ကုမ္ပဏီမှ ငွေကျပ် ၃၇၈၃၄၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၉၃၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၁၁၉၀၀၉၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၉၅၀၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။ MCB ကုမ္ပဏီမှ ငွေကျပ် ၅၀၆၅၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၅၃၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၁၀၀၄၂၉၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၅၃၃၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။ TMH ကုမ္ပဏီမှ ငွေကျပ် ၂၈၆၂၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၈၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၂၄၆၂၉၆၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၃၄၁၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။ AMATA ကုမ္ပဏီမှ ငွေကျပ် ၁၆၆၈၇၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၄၂၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၈ပြီလ၃တိယပတ်ကထက် စတော့ရှယ်ယာအစောင်ထက်ဝက်ကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၈၂၃၇၈၆၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၀၈၈၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၈ပြီလ၃တိယပတ်ကထက် စတော့ရှယ်ယာအစောင်ထက်ဝက်ကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

အဆိုပါ တစ်ပတ်တာကာလအတွင်း စတော့ရှယ်ယာရောင်းချနိုင်မှုအနေဖြင့် ကုမ္ပဏီနှစ်ခုမှအပ ကျန်ကုမ္ပဏီခြောက်ခုမှာ ၈ပြီလ၃တိယပတ်ကထက် စတော့ရှယ်ယာရောင်းချမှုကျဆင်းခဲ့ကြောင်း သိရသည်။ **ခန့်ခန့်**



အရိပ်

မစန္ဒာ



ယမန်နေ့မှအဆက်

'ကျွန်တော် ကူညီရမလား'

စုလှိုင်၏ဘေးတွင် မျက်နှာဖြူအမျိုးသားတစ်ဦးက ယှဉ်လျှောက်လာရင်းမေးသည်။ လေယာဉ်နှင့်ပါလာပြီး လေယာဉ်ဆီဖြည့်စဉ် ခေတ္တခဏ မြေပြင်သို့ဆင်းလာသောခရီးသည်ဖြစ်ဟန်တူသည်။ ကြော့ရှင်းလှပနေသောစုလှိုင်ကို ချီးမွမ်းသလိုကြည့်ရင်း ဆွဲကိုင်ထားသော ကြိမ်ခြင်းတောင်းကို ကူဆွဲပေးမည့်ဟန်နှင့် လက်ကမ်းလာလေသည်။

'ကျေးဇူးတင်ပါတယ်ရှင်၊ ကိစ္စမရှိပါဘူး'

ကြိမ်ခြင်းတောင်းက မလေးလှသောကြောင့် စုလှိုင်က ခေါင်းယမ်းကာ အပြုံးနှင့်ငြင်းလိုက်သည်။ ယခုအချိန်တွင် မည်သူနှင့်မျှလည်း စကားလက်ဆုံမပြောလိုသေးသောကြောင့်ဖြစ်သည်။ အတွေးကိုသာ အဖော်ပြုပြီး တိတ်တိတ်ဆိတ်ဆိတ်လေးနေလိုသေးသည်။

နောက်နောင်တွင်ကား ထိုကဲ့သို့ လူမျိုးခြားများနှင့်သာ ဆက်ဆံရပေတော့မည်။ ကိုယ့်မြန်မာစကားကို ကိုယ်အသုံးပြုချင်၍မှ ပြုရတော့မည်မဟုတ်ချေ။ ဒီလိုတွေးမိပြန်တော့လည်း စုလှိုင်၏ရင်ထဲတွင် လေးလံလာသည်။ ကိုယ့်တိုင်းပြည်၊ ကိုယ့်ဘာသာစကားကို ချစ်တတ်သောစိတ်လေးက သူမသိဘဲနှင့် သူ့ရင်ထဲတွင် တိတ်တိတ်ကလေးကိန်းအောင်းနေခဲ့ဟန်ရှိသည်။

သူ့ကို တစ်နယ်ရပ်ခြားသို့ သယ်ဆောင်သွားမည့် လေယာဉ်ကြီးက အသင့်စောင့်လျက်ရှိနေချေပြီ။ ရှေ့ဘက်မှသွားနှင့်သော ခရီးသည်များက လေယာဉ်ပေါ်ပင် တက်နေကြပြီကိုလှမ်းမြင်နေရသည်။ စုလှိုင်သည် နောက်ဘက်သို့ လည်ပြန်လှည့်ကြည့်လိုက်မိသည်။ တစ်ဖက်အပေါ်ထပ်ဝရန်တာတွင် လိုက်ပါပို့ဆောင်သူအနည်းအကျဉ်းရှိသည်။ ဆိုင်ရာလူများကို လက်ပြနှုတ်ဆက်နေကြသည်။ သူ့ကို လေယာဉ်ကွင်းသို့ လိုက်ပါပို့ဆောင်သူပင် တစ်ဦးမျှမရှိခဲ့သည်မို့ လက်ပြနှုတ်ဆက်သူလည်းရှိနေမည်မဟုတ်သည်မှာ သေချာသည်။

စုလှိုင်သည် အသက်ကိုရှိုက်၍ရှူလိုက်မိပြန်သည်။ မိနစ်ပိုင်းအတွင်း၌ အပြီးတိုင်ခွဲခွာရတော့မည့် မြန်မာပြည် မြင်ကွင်းကို တဝကြီးခြုံ၍ကြည့်လိုက်ပြီး အပြီးတိုင်ကျောခိုင်းလိုက်သည်။

'စု မမစု၊ နေပါဦး မမစု'

တုန်ယင်အက်ကွဲနေသော အမောတကောခေါ်သံကို သဲ့သဲ့ကြားလိုက်ရသည်။ စုလှိုင်၏ခေါင်းလေးသည် ချာခနဲပြန်၍လည်သွားသည်။ နှလုံးသားက တဒိုင်းဒိုင်းနှင့်ခုန်ပေါက်လာသည်။ သူလုံးဝမျှော်လင့်မထားခဲ့မိသောအသံဖြစ်သည်။

'သူ သူ ညီလင်း'

ညီလင်းသည် ဝရန်တာလက်ရန်းမှ ကိုယ်ကိုကိုင်းညွှတ်ကာ ဒိုင်ဗင်ထိုးဆင်းတော့မလိုဖြစ်နေလေသည်။ ထို့နောက် ခြေဖျားထောက်ကာ လက်နှစ်ဖက်စလုံးကို မြှောက်ပြီး ဝှေ့ယမ်းပြပြန်သည်။

'စုကို ကျွန်တော်ချစ်တယ်၊ ကြားရဲ့လား၊ မမစုကို ကျွန်တော်ချစ်တယ်'

စု၏ခေါင်းကလေးလှည့်လာသည်ကိုတွေ့ရသော အခါ ညီလင်းသည် အားတက်လာဟန်ရှိသည်။ သူ့ဘေးမှလူများကို လုံးဝဂရုစိုက်နိုင်ဟန်မတူချေ။ နှစ်ကိုယ်ကြားလေး တီးတိုးပြောရမည့်စကားကို အသံကုန်အော်၍ပြောသည်။

စုလှိုင်၏ခွေးများသည် ရုတ်တရက်ယိုင်ညွတ်သွားသည်။ ခုန်ပေါက်အော်ဟစ်နေသောညီလင်းကို မျှော်ကြည့်ရင်း တစ်ကိုယ်လုံးတုန်ယင်ပြီး အေးစက်လာလေသည်။

'စုကို ကျွန်တော်ချစ်တယ်၊ လက်ထပ်ပါရစေ'

တအားကုန် အော်ပြောနေသော ညီလင်း၏အသံသည် အက်ကွဲနေသည်။ စုလှိုင်၏နှလုံးသားက လည်ချောင်းဝတွင်လာပြီးတစ်ဆို့နေသည်။ အူအသည်းများ ဖြောင်းဆန်ကုန်ပြီဟု ထင်လိုက်မိသည်။ စုလှိုင်သည် သူ့ကိုယ်သူသတိမထားမိခင်မှာပင် မျက်လုံးအိမ်တွင် မျက်ရည်များအိုင်ထွန်းလာပြီး ဒလဟောစီးကျလာလေသည်။

'စုကို လက်ထပ်ပါရစေဗျ'

နားထဲတွင် ဆူဝေလာသော်လည်း၊ အမြင်များ ဝေဝါးလာသော်လည်း သူရူးသဖွယ် ရင်ပွင့်မတတ် အော်လိုက်သောထိုအသံကို သဲ့သဲ့လေးကြားနေရသည်။ လက်နှစ်ဖက်စလုံးကို ဝှေ့လိုက်ယမ်းလိုက်ဖြစ်နေသော သူ့ရုပ်သွင်ကို ရေးရေးလေးမြင်နေရသည်။

'ဘာလို့ ခုမှလာပြောနေတာလဲ ညီလင်းရယ်'

စုလှိုင်က မချိတင်ကဲပြောလိုက်မိသည်။ တင်းကျပ်မောဟိုက်ပြီး အသက်ရှူရကျပ်သောဝေဒနာကို ခံစားနေရသည်။ ရှေ့လည်းမတိုးနိုင်၊ နောက်လည်း မဆုတ်နိုင်ဘဲ လမ်းခုလတ်တွင်ရပ်ရင်း တုန်တုန်ယင်ယင်နှင့် ငိုရှိုက်နေမိသည်။

'ခွင့်ပြုပါရှင်၊ လေယာဉ်ပေါ်မှာ ခရီးသည်တွေ စုံကုန်ပါပြီ၊ ဒီက မစ္စတစ်ယောက်ပဲ ကျန်ပါတော့တယ်'

ရွှေဝါရောင်ဆံပင်နှင့် လေယာဉ်မယ်လေးက လာပြောသည်။ ကြင်နာသောအပြုံးလေးကို ပြုံးပြပြီး စုလှိုင်၏လက်မောင်းကိုဆွဲကိုင်၍ ခေါ်သည်။

'နေရစ်တော့ ညီလင်းရယ်'

စုလှိုင်သည် လက်ကလေးတစ်ဖက်မြှောက်ကာ ဝှေ့ယမ်းပြလိုက်ပြီး ချာခနဲကျောခိုင်းလိုက်သည်။ ထာဝရခွဲခွာကြရပေပြီ။ ကြာတော့လည်း မှေ့သွားကြမှာလား မသိပါဘူး။ 'စုကို မမှေ့ပါနဲ့ကွယ်၊ တစ်ခါတလေတော့ သတိရပါ'ဟု ရင်ထဲမှပြောနေမိသည်။ ဆို့ကျပ်နာကျင်နေသောဝေဒနာကြောင့် အသက်ကိုပင် ခဲယဉ်းပင်ပန်းစွာရှိုက်၍ ရှူနေရသည်။

'မမစု မသွားပါနဲ့ ပြန်လာခဲ့ပါ'

သုတ်သုတ်ကလေးလျှောက်သွားနေသော စုလှိုင်၏ခြေထောက်များကို ညီလင်း၏အသံသဲ့သဲ့လေးက ဆောင့်၍ဆွဲလိုက်သည်။ စုလှိုင် မဟန်နိုင်တော့၊ ခြေလှမ်းအမှားမှားနှင့် ယိမ်းထိုးလာလေသည်။

'ပြန်လာခဲ့ပါ မမစုရဲ့'

ငိုသံပါနေသောအသံသဲ့သဲ့လေးက သူ့နားထဲသို့ အဟုန်ပြင်းစွာပြေးဝင်လာသည်။ စုလှိုင်သည် ရုတ်တရက် ရပ်တန့်လိုက်မိသည်။ အေးစက်တုန်ယင်နေသောလက်သည် ကြိမ်ခြင်းတောင်းလေးတစ်ခုကိုပင် မြဲမြံအောင်ကိုင်မထားနိုင်တော့ပေ။ အားလျော့ကာ လွတ်ကျသွားသည်။ မိန်းကလေးအသုံးအဆောင် အလှပြင်ပစ္စည်းများနှင့် ယွန်းထည်ပစ္စည်းအသေးအမွှားလေးများသည် လမ်းပေါ်တွင် လွင့်ကြဲသွားလေသည်။

'အိုလေယာဉ်ထွက်ချိန်တော့နောက်ကျတော့မှာပဲ'

လေယာဉ်မယ်လေးက စိတ်ရှုပ်စွာပြောရင်း ပြန့်ကြဲနေသောပစ္စည်းများကို အပြေးအလွှားလိုက်ကောက်ကြလေသည်။ စုလှိုင်သည် တွေတွေလေးရပ်နေမိသည်။ တုန်ယင်နေသော လက်ချောင်းလေးများကို အချင်းချင်း တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ထားလိုက်လေသည်။

'နောက်မကျပါဘူး၊ ဘာလို့နောက်ကျရမှာလဲ'

'ဘာလို့လဲ'

'အချိန်ကုန်မခံနဲ့လေ၊ ဒါတွေကို ဘာလို့ကောက်နေတာလဲ၊ ထားခဲ့ပေါ့'

'အို မင်းပစ္စည်းတွေ'

'ဟင့်အင်း ကိစ္စမရှိဘူး၊ ဒို့လည်း မလိုက်တော့ဘူး'

စုလှိုင်က ဆုံးဖြတ်ချက်တစ်ခုကို ချက်ချင်းချလိုက်သည်။ သူ့ရင်ထဲတွင် သတ္တိများပြည့်လျှမ်းလာသည်ဟု ထင်လိုက်မိသည်။ ခေါင်းကိုဆတ်ခနဲမော့ကာ နှုတ်ခမ်းကို တင်းတင်းစေ့ထားလိုက်သည်။

ပုစွန်ဆီသွေးရောင်ဆည်းဆာရိပ်ဝယ် အရာရာသည် ဆန်းသစ်လှပနေသည်ကို စုလှိုင်တွေ့ရသည်။ လေထဲတွင်ပင် မေတ္တာရနံ့များ မွန်းထုံနေသည်။ ချိုမွေးသင်းပျံ့နေသည်။

'ဟင် ဘာဖြစ်တာလဲ ဘာဖြစ်လို့လဲ'

လေယာဉ်မယ်လေးက တအံ့တသြမေးသည်။ စုလှိုင်သည် မသိလား နားမလည်ရန်ကောဟူသော အကြည့်လေးနှင့် သူ့ကိုအထက်စီးမှ ငုံ့ငုံ့စားစားလေးကြည့်လိုက်မိသည်။

'မင်း မသိဘူးလား၊ မင်းမချစ်ဖူးဘူးလား၊ ဒို့ကိုများ ဒို့ရဲ့ချစ်သူနဲ့ခွဲနိုင်လိမ့်မယ်လို့ မင်းကထင်နေသလား'

စုလှိုင်သည် သူ့ကိုစောင့်နေသော လေယာဉ်ကြီးအား ကျောခိုင်းလိုက်သည်။ လေယာဉ်ကွင်းအဆောက်အအုံဘက်သို့ အားကုန်ပြန်ပြေးလာသည်။ ပါးပြင်နှစ်ဖက်ပေါ်သို့ မျက်ရည်များစီးကျလာသည်။ ပြေးရင်း ငိုသည်။ ငိုရင်းရှိုက်သည်။ ထို့နောက် ရှိုက်ရင်း ရယ်မိပြန်လေသည်။

ညီလင်းသည် ခုန်ကာပေါက်ကာနှင့် ရင်ပွင့်မတတ် အော်ဟစ်နေဆဲဖြစ်သည်။ စုလှိုင်၏နားထဲတွင် ဆူဝေနေသောကြောင့် သူဘာပြောနေသနည်း အသေအချာ မကြားရချေ။ 'စုကို သိပ်ချစ်တယ်၊ ချက်ချင်းလက်ထပ်မယ်'ဟု အော်နေသည်ထင်သည်။ ဒါမှမဟုတ် 'ကျွန်တော့်ကိုချစ်ရဲ့လား'ဟု မေးနေသည်လား မသိရ။ 'စုကို ကျွန်တော် မခွဲနိုင်ဘူး၊စုရော ကျွန်တော့်လိုပဲ မဟုတ်လား'ဟု ပြောနေသည်လည်း ဖြစ်နိုင်သည်။

စုလှိုင်သည် မေတ္တာရနံ့သင်းထုံချိုမွေးနေသော လေအေးကိုရှိုက်၍ ရှူရင်း ညီလင်းကိုမော်ကြည့်သည်။ ပါးပြင်ပေါ်မှ မျက်ရည်များကို ကလေးငယ်ကဲ့သို့ လက်ခုံနှစ်ဖက်နှင့် ပွတ်သုတ်လိုက်သည်။ ထို့နောက် ခေါင်းကို တအားညိတ်ပြလိုက်လေသည်။

ပြီးပါပြီ။

ဤဝတ္ထုပြီးဆုံးပါက စာရေးဆရာကြီး တင့်တယ်၏"ကမ္မဖလ"ဝတ္ထုအား ဆက်လက်ဖော်ပြပါမည်။

ရွှေဘိုမြို့၌ အပူဒဏ်အန္တရာယ်ကာကွယ်နိုင်ရန် အပူရှောင်စခန်းများဖွင့်လှစ်

ရွှေဘို ၈ပြီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ရွှေဘိုခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ၏ကြီးကြပ်မှုဖြင့် သက်ကြီးဘိုးဘွားများနှင့် ပြည်သူများ အပူဒဏ် အန္တရာယ်ကာကွယ်နိုင်ရန် အပူရှောင်စခန်းကို ရန်ကြီးအောင်ပန်းခြံရှိမြို့တော်ခန်းမ၌ ၈ပြီလ ၂၄ ရက်က ဖွင့်လှစ်ထားကြောင်း သိရသည်။

အဆိုပါ အပူရှောင်စခန်းများတွင် သန့်ရှင်းသပ်ရပ်သည့် နေရာထိုင်ခင်းများ၊ သောက်သုံးရေများ၊ အရေးပေါ်ကျန်းမာရေးဆိုင်ရာဆေးဝါးနှင့်ပစ္စည်းများ၊ အပူရှောင်စခန်းများ၌ လာရောက်အပူရှောင်သည့် ပြည်သူများဖတ်ရှုနိုင်ရန် နံရံကပ်စာစောင်များကိုလည်း စီစဉ်ပေးထားကြောင်း သိရသည်။

ထို့ပြင် မိဘပြည်သူများ အပူဒဏ်ကြောင့် ကျန်းမာရေးထိခိုက်မှုများမဖြစ်စေရေး အပူဒဏ်အန္တရာယ်အကြောင်းကို ရွှေဘိုခရိုင်မီးသတ်ဦးစီးဌာနမှ အရေးပေါ် အပူလှိုင်းသတိပေးချက်နှင့် အပူချိန်အမြင့်ဆုံးအချိန်တွင် အပြင်ထွက်ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ရန် မြို့ပေါ် ရပ်ကွက်များ၌ လှည့်လည်သတိပေးခြင်းနှင့် ဆော်သြခြင်းတို့ဆောင်ရွက်ကြောင်း သိရသည်။ **အောင်ထွန်းခိုင်**



မိမိတို့အစိုးရအဖွဲ့တာဝန်ယူချိန်အတွင်း မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့၏ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် . . .

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

နှစ်နိုင်ငံအကြား နိုင်ငံတော်နှင့်ပြည်သူလူထုတို့၏ လူမှုစီးပွားဘဝအကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များကို အရှိန်အဟုန်မြှင့်တင်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၊ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံအပေါ် ဆက်လက်ရပ်တည်ထောက်ခံဆောင်ရွက်ပေးသွားမည်ဖြစ် . . .

တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

★ **ရှေ့ပုံးမှအဆက်**

သမ္မတကြီးအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး နာရီပိုင်းအတွင်းဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့ခြင်းနှင့် ကျမ်းသစ္စာကျိန်ဆိုပွဲသို့ ကိုယ်စားလှယ်အဖွဲ့စေလွှတ်တက်ရောက်စေခဲ့ခြင်းမှာ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူလူထုတို့အပေါ်၌ မိမိတို့နိုင်ငံအနေဖြင့် အလေးအနက်ထားမှုကို ပြသခြင်းပင်ဖြစ်ပါကြောင်း၊ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံအနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်လာမည်ဟုလည်း ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံအကြား နိုင်ငံတော်နှင့် ပြည်သူလူထုတို့၏ လူမှုစီးပွားဘဝအကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များကို အရှိန်အဟုန်မြှင့်တင်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံအပေါ် ဆက်လက်ရပ်တည်ထောက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံအကြားသံတမန်ဆက်ဆံမှုနှင့် ချစ်ကြည်ရင်းနှီးမှုများတိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံအကြား အေးအတူပူအမျှအသိုက်အဝန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏အခြေအနေနှင့်ကိုက်ညီသော ပြည်သူများ၏ထောက်ခံမှုကိုလည်းရရှိနိုင်သည့်အောင်မြင်မှုလမ်းကြောင်းကိုချီတက်ရန် စွဲစွဲမြဲမြဲထောက်ခံအားပေးလျက်ရှိမှု၊ မြန်မာနိုင်ငံ၏ နိုင်ငံတော်အချုပ်အခြာအာဏာနှင့်နယ်မြေလုံခြုံရေး၊ တည်တံ့ခိုင်မြဲရေးကိုလည်း စွဲစွဲမြဲမြဲထောက်ခံအားပေးလျက်ရှိမှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားရင်ကြားစေ့ရေးနှင့် လူဘောင်အဖွဲ့အစည်းသဟဇာတဖြစ်မှုကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် စွဲစွဲမြဲမြဲထောက်ခံအားပေးလျက်ရှိမှုအခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုများ လွယ်ကူလျင်မြန်ချောမွေ့စေရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး စသည့်ကိစ္စရပ်များတွင် နှစ်ဦးနှစ်ဖက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ မန္တလေးငလျင်ကြီးကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးခဲ့ရမှုများအား ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် တရုတ်နိုင်ငံအနေဖြင့် ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်နှင့် အာဆီယံအသိုက်အဝန်းတို့အတွင်း ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပြည်သူများကရွေးချယ်သည့် အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်အား ဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိသည့်အတွက် အာဆီယံအဖွဲ့အတွင်း ပါဝင်ဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသမ္မတ မစ္စတာရီကျင့်ဖျင်၏ အရှေ့အလယ်ပိုင်းဒေသတည်ငြိမ်အေးချမ်းရေးအတွက် ပြောကြားထားသည့် အကြံပြုချက် (၄) ချက်အပေါ် တွင်လည်း ထောက်ခံလျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသကုန်သွယ်မှု၊ စွမ်းအင်နှင့်သတ္တုကဏ္ဍ၊ စိုက်ပျိုးရေးနှင့် နည်းပညာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ပူးပေါင်းတိုက်ဖျက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံနှင့်နှစ်နိုင်ငံပြည်သူများအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့်နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန် **စာမျက်နှာ ၆ သို့**★



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi တို့ အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန် ပေးအပ်ကြစဉ်။

❖ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်နှင့် အာဆီယံအသိုက်အဝန်းတို့အတွင်း ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပြည်သူများကရွေးချယ်သည့် အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်အား ဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိသည့်အတွက် အာဆီယံအဖွဲ့အတွင်း ပါဝင်ဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ။

❖ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ အရှေ့အလယ်ပိုင်းဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ပြောကြားထားသည့်အကြံပြုချက် (၄)ချက်အပေါ်တွင်လည်း ထောက်ခံလျက်ရှိမှုအခြေအနေများ။

❖ နှစ်နိုင်ငံနယ်စပ်ဒေသကုန်သွယ်မှု၊ စွမ်းအင်နှင့် သတ္တုကဏ္ဍ၊ စိုက်ပျိုးရေးနှင့် နည်းပညာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ပူးပေါင်းတိုက်ဖျက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်နှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေး . . .

⭐ **စာမျက်နှာ ၅ မှအဆက်**

ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွှန့်ဝင်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia၊ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

အင်းစိန်မြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များဆောင်ရွက်ပေး

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် အင်းစိန်မြို့နယ်စော်ဘွားကြီးကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် နံ့သာကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အင်းစိန်မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို ဧပြီလ ၂၄ ရက်က ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ပေးရာတွင် မြို့နယ်ဦးစီးမှူးဦးဆောင်၍ ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီစိစစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်း၊ အိမ်ထောင်စုစာရင်းနှင့် e-ID စနစ်ဖြင့် Biographic/Biometric ကောက်ယူ၍ Unique ID နံပါတ်တစ်ပါတည်းဆောင်ရွက်ခြင်း၊ မှတ်ပုံတင်နှင့် UID Card မပြုလုပ်ရသေးသည့် ပြည်သူများအား အသက် ၁၀ နှစ်နှင့်အထက် မှတ်ပုံတင်အသစ်ပြုလုပ်ပေးခြင်း၊ အသက် ၁၈ နှစ်ပြည့် မှတ်ပုံတင်လဲလှယ်ခြင်း၊ ဟောင်းနွမ်းပျက်စီးမှတ်ပုံတင်များကို အသစ်လဲလှယ်ပြုလုပ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို အင်းစိန်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အင်းစိန်မြို့နယ်ဦးစီးမှူးတို့က ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထွန်းလင်းကျော်(ပြန်/ဆက်)

ပေါင်းတည်မြို့နယ်၌ စိုက်ပျိုးထားသောနွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ပေါင်းတည် ဧပြီ ၂၅

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ်၌ စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

နွေစပါးများသည် ရက် ၉၀ ဝန်းကျင်သက်တမ်းရှိပြီး တချို့ကောက်ပင်များတွင် နို့ရည်တည်လျက်ရှိကာ သဘာဝဘေးနှင့် သီးနှံဖျက်ပိုးဘေးအန္တရာယ်ကင်းရှင်းကြောင်း သိရသည်။

ထိုသို့ အောင်မြင်ဖြစ်ထွန်းရေးအတွက် မြို့နယ် စိုက်ပျိုးမှုကြီးကြပ်ရေးအဖွဲ့မှ စပါးစိုက်ပျိုးမှုလုပ်ငန်းစဉ်အတိုင်း လယ်ယာလုပ်ငန်းခွင်တွင် စိုက်ပျိုးပင်သက်တမ်းအလိုက် စနစ်တကျပြုစောင့်ရှောက်ရေးကို တောင်သူများနှင့်ပူးပေါင်း၍ နွေစပါးပန်းတိုင်အထွက်နှုန်းပြည့်မီကျော်လွန်ရေး



အတွက် စဉ်ဆက်မပြတ်ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် ဒေသတွင်းစိုက်ပျိုးလျက်ရှိသည့် စပါးမျိုးဇက ၂၆၅၀၀ စိုက်ပျိုးထားသည့်အပြင် ဈေးကွက်ဝင်စပါးမျိုးဖြစ်သည့် ရေဆင်းပေါ်ဆန်းမျိုးကိုလည်း ၁၀ ဇက စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ အဆိုပါစပါးမျိုးကို ဒေသတွင်းမျိုးပြန့်ပွားရေးနှင့် တောင်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် လာမည့် စိုက်ပျိုးရာသီများတွင် ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး စီစဉ်ထားကြောင်း သိရသည်။

ရွှေသား

(၆၅)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ



ပဲခူး ဧပြီ ၂၅

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ဆုတောင်းပြည့်ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ (၆၅) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဧပြီလ ၂၄ ရက်နံနက်ပိုင်းတွင် စေတီတော်ကြီးရင်ပြင်တော်ရှိ စံကျောင်းတော်ဓမ္မာရုံကြီး၌ ကျင်းပသည်။

ရှေးဦးစွာ ဆုတောင်းပြည့်ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ သြဝါဒိစရိယဆရာတော်ကြီးများ၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့များနှင့် အလှူရှင်များက နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ကြပြီး သြဝါဒိစရိယဆရာတော်ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ပဉ္စဖိတ်ထားသည့်ဆရာတော်၊ သံဃာတော်များက ပဋ္ဌာန်းတရားတော်များကို ရွတ်ဖတ်ပူဇော်ကြပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ ပဲခူးမြို့ ဆုတောင်းပြည့်ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ (၆၅)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဧပြီလ ၂၄ ရက်မှ မေလ ၁ရက်အထိ ပဲခူးမြို့ပေါ်ရှိ ဆရာတော်၊ သံဃာတော် (၅၅) ပါးတို့က အလှည့်ကျရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ကြောင်းသိရသည်။

(၄၁၀)

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရေနံချောင်း ဧပြီ ၂၅

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်ကိုကို နှင့် တာဝန်ရှိသူများသည် ဧပြီလ ၂၄ ရက်နေ့က ချောက်ခရိုင် ရေနံချောင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရေနံချောင်းမြို့ မြို့ရှောင်လမ်း Greening Complex Zone သို့ရောက်ရှိပြီး မိုင်တိုင်အမှတ်(၃၅၇/၀)တွင် စံပြတမာစိုက်ခင်း ဧက ၁၀၀ စိုက်ပျိုးရှင်သန်ကြီးထွားနေမှုများကို လည်းကောင်း၊ သုံးဆယ့်ခြောက်ကျေးရွာအုပ်စုအတွင်း မြို့နယ်လမ်းဦးစီးဌာနနှင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တို့မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ် ၂၆ ဒသမ ၅၉၀ သန်းဖြင့် ဆောင်ရွက်သည့် ရဟတ်ယာဉ်ကွင်း တည်ဆောက်ပြီးစီးမှုနှင့် ခွင့်ပြုငွေကျပ် ၃၂ ဒသမ ၇၂၀ သန်းဖြင့် ဆောင်ရွက်သည့် မြေနီခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သုံးဆယ့်ခြောက်ကျေးရွာ ကွင်းအမှတ်(၃၂/ခ/၁) တောင်အနောက်ကွင်းတွင် ဆိုလာရေတင်စနစ်ဖြင့် ယာမြေမှ လယ်မြေသို့ ပြောင်းလဲစိုက်ပျိုးဆောင်ရွက်လျက်ရှိသည့် ဧက(၁၀၀)စီမံကိန်းစိုက်ခင်းအတွင်း စပါးများ စမ်းသပ်စိုက်ပျိုး



အောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်လွတ်တော်ကိုယ်စားလှယ်များက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ ချောက်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်နိုင်က ချောက်ခရိုင်အတွင်းရှိ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍လည်းကောင်း၊ ဒေသခံတောင်သူများ၊ မြို့မိမြို့ဖများက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ဒေသလိုအပ်ချက်များကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးတင်ပြသည်။

ယင်းနောက် ရေနံချောင်းတက္ကသိုလ် ဘူမိဗေဒဌာန လက်တွေ့ခန်းသို့ရောက်ရှိပြီး သင်ထောက်ကူပစ္စည်းများ ဆောင်ရွက်ထားရှိမှုများနှင့် အပန်းဖြေရိပ်သာတည်ဆောက်နေမှုလုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးပြီး ရေနံချောင်းတက္ကသိုလ်သစ္စာဆောင်တွင် ဖွင့်လှစ်လျက်ရှိသည့် အင်္ဂလိပ်စာအရည်အသွေးမြှင့်တစ်လသင်တန်းတွင် တက်ရောက်နေသည့် အခြေခံပညာဦးစီးဌာနမှ ဆရာမများအား သင်ကြားပို့ချပေးနေမှုများကို ကြည့်ရှုအားပေးကြောင်း သိရသည်။

ကိုစိုးကြီး

ဓာတ်မြေဩဇာရောင်းချပွဲနှင့် တောင်သူပညာပေးဆွေးနွေးပွဲကျင်းပ

အမရပူရ ဧပြီ ၂၅

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် သာလှအေးကျေးရွာ ရွာဦးဓမ္မာရုံ၌ နွေသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ဓာတ်မြေဩဇာရောင်းချပွဲနှင့် တောင်သူပညာပေးဆွေးနွေးပွဲကို ဧပြီလ ၂၄ ရက် မွန်းလွဲပိုင်းတွင်ကျင်းပသည်။

အခမ်းအနားတွင် အမရပူရခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးမျိုးလှိုင်က ဓာတ်မြေဩဇာရောင်းချပေးရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားကာ ဓာတ်မြေဩဇာများရောင်းချပေးသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယလက်ထောက်ဦးစီးမှူး ဒေါ်ဇင်သီယာဦးမွန္နေစပါးပန်းတိုင်အထွက်နှုန်းရရှိအောင်ဆောင်ရွက်မည့်နည်းလမ်းများအား ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသော တောင်သူများက လိုအပ်ချက်များအားတင်ပြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ အခမ်းအနားတက်ရောက်လာကြသူများက သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာလက်တွေ့ရောစပ်ကြဲပက်နေမှုကို ကြည့်ရှုအားပေးကြကြောင်းသိရသည်။ **စိုးသီဟ(အမရ)**

မြန်မာ

- မြန်မာမှန်လျှင်
  သူ့ဆန် သူ့ဟင်း၊ သူ့ထမင်း၌
  ခံတွင်းမမြိန်၊ မတင်းတိမ်ဘဲ
  စည်းစိမ်လောဘ၊ မတက်ကြလည်း
  နှိမ့်ချပြစ်မှား၊ သူတစ်ပါးက
  တရားမဲ့ကင်း၊ တို့ပြည်တွင်းသို့
  ချင်းနင်းကျူးကျော်၊ ရန်စသော်မူ
  မြေပေါ်တစ်လက်မ၊ ခြေမချအောင်
  တက်ကြွမှုန်းချေ၊ တိုက်ထုတ်ပေအံ့။
- မြန်မာမှန်လျှင်
  သူ့ကန် သူ့ကျောင်း၊ သူ့ချောင်း သူ့ရေ
  သူ့ဌာနေနှင့်၊ သူ့ဆွေမျိုးကြောင်း
  မကောင်းမဆို၊ ဝန်တိုကင်းမဲ့
  မကဲ့ရဲ့လည်း၊ ချီးဖွဲ့ပြစ်တင်
  အဆိုးမြင်ဖြင့်
  ညာဏ်ဆင်နှုတ်ခွန်း၊ တို့ကိုညွှန်းသော်
  တစ်ခွန်းမခံ၊ တို့တွန်းလှန်၍
  တော်မှန်ရေးတွက်၊ တို့ချေဖျက်အံ့။
- ဤရေ ဤမြေ၊ တို့ဌာနေတည့်
  ဤမြေမှာဖွား၊ တို့သွေးသားတည့်
  စကားလည်းတည်၊ ရဲသွေးနီလျက်
  ဤမြေအတွက်၊ တို့အသက်ကို
  ရက်ရက်မရွံ့၊ ပေးဆက်ဝံ့၏
  စွန့်လွှတ်စွန့်စား၊ မြန်ပြည်သားတို့
  ဝင့်ကြွားစွမ်းဆောင်၊ သတ္တိပြောင်သော်
  အောင်တိတ် အောင်ဟိတ်၊ အောင်နိမိတ်ဖြင့်
  အောင်ရိပ်ဝေစည် ငါတို့ပြည်။
  သူ့ကျွန်ဘယ်တော့ မဖြစ်ပြီ။
  မျိုးချစ်မြန်မာ ဝီရမည်။ ။

မြင်းမူမောင်နိုင်မိုး

နွေရာသီမှာ ရေချိုးဆင်ခြင်ပါ

"မည်မျှပင်ပူအိုက်နေပါစေ ညဘက်ရေချိုးခြင်းကို ရှောင်ကြဉ်သင့်သည်။ လူအများစုသည် နွေရာသီတွင် ညဘက်အိပ်ကောင်းစေရန် ရေချိုးတတ်ကြသည်။ သို့သော် ည၌နက်သည့်အခါ ပတ်ဝန်းကျင်အပူချိန်ကျဆင်းသွားသဖြင့် အဆုတ်အအေးမိခြင်း သို့မဟုတ် အဆစ်အမျက်ကိုက်ခဲခြင်းဖြစ်နိုင်သည်။ အိပ်ရာမဝင်မီ အနည်းဆုံးတစ်နာရီခန့် ကြိုတင်ရေချိုးထားခြင်းသည် သင့်လျော်သည်။ ည၌နက်ချိန် ရေချိုးခြင်းသည် သွေးလေထိုင်းမှိုင်းပြီး အခိုးမထွက်တော့ဘဲ ရေချိုးမှား၍ ဖျားနာတတ်သည်။ အကယ်၍ မဖြစ်မနေ ညဘက်ရေချိုးရမည်ဆိုပါက ၁၅ မိနစ်ခန့် မရပ်မနားလမ်းသွက်သွက်လျှောက်ပြီး လည်ကုပ်နှင့်ချိုင်း ခြေဖျားတို့ကို ဦးစွာရေစိုစေပြီးမှ ရေချိုးသင့်သည်။"

နွေရာသီ၏ ပြင်းထန်သောအပူဒဏ်ကြောင့် မကြာခဏရေချိုးတတ်ကြသည်။ အပူချိန်မြင့်တက်ချိန်တွင် ပုံစံမမှန်ဘဲ ရေချိုးမိလျှင် ကျန်းမာရေးအတွက် အန္တရာယ်ရှိနိုင်သည်။

အိုဇုန်းလွှာပြဿနာကြောင့် ကမ္ဘာကြီးပူနွေးလျက်ရှိရာ မြန်မာနိုင်ငံ၏ရာသီဥတုမှာလည်း တစ်နေ့ထက်တစ်နေ့ အပူချိန်မြင့်တက်လျက်ရှိသည်။ ထို့ကြောင့် ရေများများသောက်ရန်လိုအပ်သည်။ အပူဒဏ်ကို ရင်ဆိုင်ရာတွင် လူတို့၏ဇီဝပြောင်းလဲမှုဖြစ်စဉ်များကို ထိန်းချုပ်နိုင်ရန် ရေမရှိမဖြစ်လိုအပ်သည်။ အပူဒဏ်ကြောင့် တစ်နာရီကြာချွေးထွက်ခြင်းအတွက် သန့်ရှင်းသောသောက်ရေ တစ်လီတာခန့်သောက်သုံးပေးသင့်သည်။ ချွေးထွက်လွန်နေသော အရွယ်ရောက်ပြီးသူတစ်ဦးအတွက် တစ်နေ့လျှင် ရေ ၅ လီတာမှ ၈ လီတာခန့်ကို ဓာတ်ဆားရည်နှင့်ရောရှေ့သောက်သုံးပေးသင့်သည်။

အဘယ်ကြောင့် ရေများများသောက်သင့်သနည်း

- အပူချိန် ၂၇ ဒီဂရီစင်တီဂရိတ်မှ ၃၂ ဒီဂရီစင်တီဂရိတ်အတွင်း ကြာရှည်စွာနေထိုင်ရပါက မောပန်းခြင်း၊ ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်းတို့ဖြစ်နိုင်သည်။

- အပူချိန် ၃၂ ဒီဂရီစင်တီဂရိတ်မှ ၄၁ ဒီဂရီစင်တီဂရိတ်အတွင်းတွင် ကြွက်တက်ခြင်းနှင့် အပူကြောင့် မောပန်းနွမ်းနယ်ခြင်းတို့ဖြစ်နိုင်ပြီး အထူးသတိထားရမည့်အဆင့်ဖြစ်သည်။

- အပူချိန် ၄၁ ဒီဂရီစင်တီဂရိတ်မှ ၅၄ ဒီဂရီစင်တီဂရိတ်အတွင်းရောက်ရှိပါက အပူလျှပ်ခြင်း (Heat Stroke) ဖြစ်နိုင်ခြေအလွန်မြင့်မားပြီး အန္တရာယ်ရှိနိုင်သောအဆင့်ဖြစ်သည်။ အကယ်၍ လူတစ်ယောက်သည် အပူချိန် ၄၁ ဒီဂရီစင်တီဂရိတ်တွင် အချိန်ကြာကြာ အပူဒဏ်ကိုဆက်၍ခံနေရပါက ဦးနှောက်ကလာပ်စည်းများကို ထိခိုက်ပျက်စီးစေနိုင်သည်။

- လူတစ်ယောက်သည် အပူချိန် ၁၀၉ ဒီဂရီဖာရင်ဟိုက် (၄၃ ဒီဂရီစင်တီဂရိတ်)တွင် အသက်အန္တရာယ်ရှိနိုင်သည်။

- အပူချိန် ၅၄ ဒီဂရီစင်တီဂရိတ်အထက်ဆိုပါက အသက်သေဆုံးနိုင်သည်။

ထို့ကြောင့် ပြောင်းလဲလာသော ပြင်ပအပူချိန်နှင့်အတူ လူ့ခန္ဓာကိုယ်အတွင်း အပူချိန်တို့ မျှခြေဖြစ်စေရန် ပူပြင်းသောရာသီတွင် ရေများများသောက်ပေးသင့်သည်။ ထို့ပြင် အပူဒဏ်ခံရမှုကြောင့် ကိုယ်အပူချိန်ကျစေရန် ရေများများသောက်ခြင်း၊ ခန္ဓာကိုယ်အတွင်း အပူငြိမ်း၍အေးမြစေသော အစားအသောက်များဖြစ်သည့် နွားနို့၊ ဒိန်ချဉ်၊ အုန်းစိမ်းရည်၊ ဖရဲသီး၊ ဖရဲသခွား၊ သခွားမွေးသီး၊ သံပရာသီး၊ သခွားသီး၊ မန်ကျည်းသီး၊ ရှောက်သီး၊ ပူဒီနာရွက်၊ ဂေါ်ရခါးသီး၊ ဘူးသီး၊ မုန်လာဥဖြူ စသည်တို့ကို စားပေးသင့်သည်။

ပူပြင်းသောရာသီတွင် ရေချိုးနည်းစနစ်မှန်ကန်ရန် အထူးအရေးကြီးသည်။ ရေချိုးနည်းမှန်ကန်မှသာ အပူကိုအကြောင်းခံ၍ဖြစ်ပေါ်သော လေသင်တုန်းဖြတ်ခြင်းကို ကာကွယ်နိုင်မည်ဖြစ်သည်။ ရေချိုးသည်ဆိုရာတွင်လည်း အချိန်အခါမဟုတ် မချိုးသင့်ပေ။ ဆောင်း ၁၀၊ နွေ ၉ ၊ မိုး ၇ ရေချိုးစနစ်အကျိုးဖြစ်၏ဟု ရှေးဆရာကြီးများက မိန့်ဆိုထားသည်။ ထို့ကြောင့် နွေရာသီအတွက် ရေချိုးရန်အသင့်တော်ဆုံးအချိန်မှာ နံနက် ၉ နာရီဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံရာသီဥတုအတွက် တစ်နှစ်ပတ်လုံး နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်းသာ ရေချိုးသင့်ကြောင်း မှတ်သားလိုက်နာသင့်ပေသည်။

နေပူထဲမှပြန်လာလျှင် ချက်ချင်းရေမချိုးသင့်ပေ။ နေပူထဲမှပြန်လာသည့်အခါ သို့မဟုတ် ချွေးထွက်များနေချိန်တွင် ခန္ဓာကိုယ်အပူချိန်မြင့်တက်နေသည်။ ထိုအချိန် ရေအေးဖြင့် ချက်ချင်းလောင်းချလိုက်လျှင် ခန္ဓာကိုယ်က အပူနှင့်အအေးကို ရုတ်တရက် မညှိနိုင်ဘဲ အပူငုပ်ခြင်း သို့မဟုတ် သွေးကြောဆိုင်ရာ ပြဿနာများဖြစ်တတ်သည်။ ထို့ကြောင့် နေပူထဲမှ ပြန်လာပြီးနောက် ရေကိုဝအောင်သောက်၍ အနည်းဆုံး ၁၅ မိနစ်မှ မိနစ် ၂၀ ခန့်နားပြီး ချွေးတိတ်မှ ရေချိုးသင့်သည်။

ရေခဲရေဖြင့် ရေချိုးခြင်းကိုရှောင်ကြဉ်ပါ။ ရေခဲရေဖြင့် ရေချိုးခြင်းသည် ခန္ဓာကိုယ်မှအပူကို အပြင်ထုတ်ပေးသည့်ချွေးပေါက်များ ပိတ်သွားစေနိုင်သည်။ ထိုအခါ ခန္ဓာကိုယ်ထဲ၌ အပူအောင်းခြင်းကို ပိုဖြစ်စေသည်။ သာမန်အပူချိန်ရှိသည့် ရေ သို့မဟုတ် ရေကြက်သီးနွေးဖြင့် ချိုးပေးခြင်းသည် ခန္ဓာကိုယ်အပူချိန်ကို အကောင်းဆုံးလျှော့ချပေးနိုင်သည်။

မည်မျှပင် ပူအိုက်နေပါစေ ညဘက်ရေချိုးခြင်းကို ရှောင်ကြဉ်သင့်သည်။ လူအများစုသည် နွေရာသီတွင် ညဘက်အိပ်ကောင်းစေရန် ရေချိုးတတ်ကြသည်။ သို့သော် ည၌နက်သည့်အခါ ပတ်ဝန်းကျင်အပူချိန် ကျဆင်းသွားသဖြင့် အဆုတ်အအေးမိခြင်း သို့မဟုတ် အဆစ်အမျက်ကိုက်ခဲခြင်းဖြစ်နိုင်သည်။ အိပ်ရာမဝင်မီ အနည်းဆုံးတစ်နာရီခန့် ကြိုတင်ရေချိုးထားခြင်းသည် သင့်လျော်သည်။ ည၌နက်ချိန်ရေချိုးခြင်းသည် သွေးလေထိုင်းမှိုင်းပြီး အခိုးမထွက်တော့ဘဲ ရေချိုးမှား၍ ဖျားနာတတ်သည်။ အကယ်၍ မဖြစ်မနေ ညဘက်ရေချိုးရမည်ဆိုပါက ၁၅ မိနစ်ခန့် မရပ်မနားလမ်းသွက်သွက်လျှောက်ပြီး လည်ကုပ်နှင့်ချိုင်း ခြေဖျားတို့ကို ဦးစွာရေစိုစေပြီးမှ ရေချိုးသင့်သည်။

ရာသီဥတု မည်မျှပင်ပူအိုက်နေပါစေ တစ်နေ့လျှင် အကြိမ်ပေါင်းများစွာ ရေချိုးခြင်းသည် အရေပြားကို ခြောက်သွေ့စေပြီး ယားယံခြင်း၊ အဖုအပိမ့်ထခြင်းဖြစ်စေနိုင်သည်။ တစ်နေ့လျှင် နှစ်ကြိမ်သာ ရေချိုးပါ။ အကယ်၍ လန်းဆန်းချင်ရင် ရေစိုအဝတ်ဖြင့် ကိုယ်တိုက်ပေးခြင်းသာပြုလုပ်သင့်သည်။

မှန်ကန်သော ရေချိုးနည်းစနစ်

ပုံမှန် ကျန်းမာရေးကောင်းမွန်နေသူအတွက် လိုက်နာသင့်သော ရေချိုးပုံနည်းစနစ်အဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်သည်။

- ဒူးဆစ်အောက်ပိုင်း ခြေထောက်မှစ၍ ရေလောင်းချိုးပါ။
- ခါး၊ ပေါင် စသည်တို့ကို ရေလောင်းချိုးပါ။
- ကျောပြင်မှစ၍ ရေလောင်းချိုးပါ။
- တစ်ကိုယ်လုံး ရေလောင်းချိုးပါ။

ထိုနည်းစနစ်ဖြင့် ရေချိုးလျှင် ခန္ဓာကိုယ်အတွင်းအောင်းနေသော အပူ၊ အပုပ်၊ အခိုးများထွက်၍ ကိုယ်လက်ပေါ့ပါးကာ စိတ်ကြည်လင်လန်းဆန်းစေမည်ဖြစ်သည်။ အထူးသတိထားဆင်ခြင်ရန်မှာ ရေကို ခေါင်းမှစ၍ လောင်းချိုးလျှင် တစ်ကိုယ်လုံးရှိ အခိုးအငွေ့များ ဦးခေါင်းထဲရောက်လာပြီး ခေါင်းကိုက်၊ ခေါင်းမူး၊ မျက်စိမှုန်၊ ဆံပင်ကျွတ်၊ ထိပ်ပြောင်ခြင်းတို့ဖြစ်စေသည်။ ထို့ကြောင့် ခေါင်းလျှော်သည့်နေ့များတွင်လည်း ဖော်ပြပါ ရေချိုးပုံနည်းစနစ်အဆင့်ဆင့် အတိုင်း လိုက်နာသင့်သည်။

အထက်ပါရေချိုးနည်းသည် ကျန်းမာရေးပုံမှန်ကောင်းမွန်နေသူများအတွက်ဖြစ်သော်လည်း ခြေဖျား၊ လက်ဖျား အမြဲအေးစက်လေ့ရှိသူများ၊ သွေးပေါင်ချိန်ကျသူများနှင့် တစ်မိနစ်လျှင် သွေးခုန်နှုန်းအကြိမ် ၅၀ အောက်နည်းသူများကမူ ရေမချိုးမီ အသက်ပြင်းပြင်းရှူပါ။ လေကောင်းလေသန့်ရသောနေရာ၌ ခေတ္တလမ်းလျှောက်ပြီး ရေနွေးဖြင့်ချိုးပါ။ သို့သော် ရေနွေးအပူသည် လူ့ခန္ဓာကိုယ်အပူထက် ပို၍မပူသင့်ပေ။ ရေနွေးနှင့်ရေချိုးနေစဉ် မျက်နှာသုတ်ပဝါတစ်ထည်ကို ရေအေးဆွတ်၍ ဦးခေါင်းကိုလုံအောင် ပေါင်းထားသင့်သည်။

ရေချိုးခြင်း၏အကျိုးကျေးဇူးများ

နေ့စဉ်ရေချိုးခြင်းအားဖြင့် လူ့ခန္ဓာကိုယ်ကို အပူ၊ အအေးမျှတအောင် သဘာဝနည်းဖြင့် ပြုပြင်ပေးရာရောက်သည်။ တစ်နည်းဆိုသော် ခန္ဓာကိုယ်ကို အပူ၊ အအေးမျှတအောင် သဘာဝအလျောက် ပြုပြင်ပေးသည့်ကုထုံးတွင် ရေချိုးခြင်းသည် အထိရောက်ဆုံးနှင့် အလွယ်ကူဆုံးနည်းစနစ်ဖြစ်သည်။ ရေမှန်မှန်ချိုးခြင်းဖြင့် အောက်ဖော်ပြပါ ကျန်းမာရေးအကျိုးကျေးဇူးများစွာကို ရရှိနိုင်သည်။

- လူ့ခန္ဓာကိုယ်မှထွက်သည့် မကောင်းသောအခိုး၊ အနံ့နှင့်ကြေးညှော်များကို သန့်ရှင်းစင်ကြယ်စေသည်။
- သာမန်ပိုးမွှားများကို ပယ်ပျောက်စေသည်။ ထိုမျှမက ကူးစက်တတ်သည့် ကိုဗစ်-၁၉ ရောဂါဖြစ်စေသော ကိုရိုနာဗိုင်းရပ်စ်ပိုးများကိုလည်း ရေများများလောင်း၍ ဆပ်ပြာမော်လီကျူးများဖြင့် နိမ့်နင်းနိုင်သည်။
- လူ့ခန္ဓာကိုယ်မှထွက်သော ချွေး၊ အဆီတို့သည် မွေးညင်းပေါက်များကိုပိတ်ဆို့ထားရာ ရေချိုးလိုက်ခြင်းဖြင့် ယင်းမွေးညင်းပေါက်များပွင့်လာသည်။ အခိုးပွင့်လာသဖြင့် စိတ်ကြည်လင်လန်းဆန်းလာသည်။
- ရေမှန်မှန်ချိုးခြင်းဖြင့် မျက်စိကြည်လင်စေပြီး သွားကိုက်သွားနာခြင်း၊ သွားဖုံးရောင်ခြင်း၊ ခေါင်းအုံခြင်း၊ အကြောတက်ခြင်း၊ နားအူခြင်းတို့မှ ကာကွယ်နိုင်သည်။
- ပင်ပင်ပန်းပန်းအလုပ်လုပ်ပြီးနောက် ရေချိုးလိုက်သောအခါ ချက်ချင်းဆိုသလို စိတ်ရောကိုယ်ပါ လန်းဆန်းလာစေသည်။
- သဘာဝပတ်ဝန်းကျင်လေထုနှင့် ထိတွေ့မှုနည်းသော ခန္ဓာကိုယ်အစိတ်အပိုင်းများဖြစ်ကြသည့် ပေါင်ခြံ၊ ချိုင်းကြားတို့ကို ရေချိုးခြင်းဖြင့် သန့်ရှင်းစင်ကြယ်စေသည်။
- ရေချိုးခြင်းဖြင့် မျက်စိ၊ နား၊ နှာခေါင်းကျန်းမာရေးအတွက် တစ်ဖက်တစ်လမ်းမှ ကောင်းကျိုးပြုသည်။
- နွေရာသီ ခံတွင်းပျက်ပြီး အစာစားချင်စိတ်မရှိသော သက်ကြီးရွယ်အိုများ ရေချိုးပြီးနောက် ထမင်းစားပါက ခံတွင်းလိုက်ပြီး ထမင်းမြိန်စေသည်။

အပူဒဏ်ခံနိုင်အောင် မှန်ကန်သည့်ရေချိုးနည်း

အပူဒဏ်ခံနိုင်အောင် ဆေးဖက်ဝင်ရေချိုးနည်းအဆင့်ဆင့်ကို အောက်ပါအတိုင်း အကြံပြုလိုပါသည်။

- အရိပ်ထဲတွင် ရေချိုးပါ။
- ဦးစွာ သောက်ရေတစ်ဖန်ခွက် အပြည့်သောက်ပါ။
- ပြီးနောက် ဦးနှောက်ထဲရှိ အပူထိန်းအာရုံကြော စနစ်များဖြစ်ကြသည့် ခြေထောက်အောက်ပိုင်း၊ လက်ဖျားနှင့် လက်မောင်းတို့ကို ကြိုတင်အသိပေးသည့်အနေဖြင့် ရေဆွတ်ပက်ဖျန်းပေးပါ။
- ပြီးနောက် မျက်နှာသစ်ပါ။
- တစ်ဆက်တည်းမှာပင် လည်ကုပ်နှင့်လည်ပင်းတို့ကို ရေဖြင့်ပက်ပေးပါ။
- ပြီးမှ ရေလောင်းချိုးပါ။
- ရေချိုးပြီးမှ သွားတိုက်ပါ။
- အလွန်အေးစိမ့်သောရေကိုမချိုးရ။
- ဆပ်ပြာကိုလည်း ရှားစောင်းလက်ပပ်၊ မန်ကျည်းတို့ပါဝင်သော ဆပ်ပြာကိုသုံးပါ။
- ရေချိုးပြီးခါစဖြစ်သော်လည်း နွေရာသီတွင် ချွေးထွက်တတ်သည်။ ရေချိုးပြီးခါစ ပန်ကာလေမခံသင့်ပေ။
- ရေချိုးပြီးနောက် ရေခြောက်အောင်သုတ်ပါ။
- သနပ်ခါးရည်ကျဲကို နေ့စဉ်မှန်မှန်လိမ်းပေးပါ။

ရေချိုးသောအခါ ဖြုန်းခနဲ ရေကိုလောင်းချိုးခြင်းမပြုပါနှင့်။ ယင်းနည်းက ကိုယ်ငွေ့ အပြင်သို့မထွက်တော့ဘဲ အပူငုပ်တတ်သည်။ ပူပြင်းသောရာသီတွင် ရေချိုးချိန်သည် အနည်းဆုံး ခုနစ်မိနစ်မှ အများဆုံး ၁၁ မိနစ်ခန့်ဖြစ်သင့်သည်။ မြစ်၊ ချောင်းများ၌ ရေချိုးသူများသည် တစ်ခါတည်း မြစ်၊ ချောင်းထဲသို့ ခုန်မချဘဲ ရေဖြင့် ကိုယ်လက်တို့ကိုပွတ်သပ်ပြီးမှ ရေထဲသို့ဆင်းပါ။ နေပူကျဲကျဲအချိန်၊ ဖျားနာနေချိန်၊ နေပူထဲမှပြန်ရောက်ခါစအချိန်၊ အလုပ်သိမ်းခါစ မောပန်းနွမ်းနယ်ချိန် သို့မဟုတ် အားကစားလုပ် ပြီးပြီးချင်း ချွေးထွက်များချိန်၊ ခရီးရောက်မဆိုက်အချိန် စသည့် အချိန်များတွင် ရေချိုးပါက အဆုတ်နာရောဂါ၊ မျက်စိမှုန်ခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ နားပင်းခြင်းနှင့်လေဖြတ်လေငန်းရောဂါများ ဖြစ်စေတတ်သည်။

အထူးသတိပြုရန်မှာ မည်သည့်ရာသီဥတုမဆို အလွန်အေးသောရေနှင့် အလွန်ပူနွေးသောရေတို့ကို မချိုးပါနှင့်။ ရေမချိုးမီ ရေတစ်ခွက် ကြိုတင်သောက်ထားသင့်ပြီး ဆီးအရင်သွားထားရန်လိုအပ်သည်။ ရေမချိုးမီ ခြေဖဝါးကိုဆားပွတ်ခြင်းသည် အလွန်ကောင်းမွန်သောအလေ့အထဖြစ်သည်။ နွေရာသီတွင် အပူဒဏ်ကြောင့်ဖြစ်တတ်သည့် အပူလျှပ်ခြင်းကိုကာကွယ်ရန် ရေချိုးခြင်းအပြင် ရေများများသောက်ရန်နှင့် နေပူထဲထွက်ပါက နေကာမျက်မှန်သို့မဟုတ် ထီး၊ ဦးထုပ်ဆောင်းရန်လည်း လိုအပ်သည်။

အချုပ်အားဖြင့်ဆိုရသော် အနာရောဂါကင်းဝေးပြီး သက်တမ်းစေ့နေထိုင်နိုင်ရန် ရေချိုးရာတွင် စနစ်တကျမှန်ကန်ရန်လိုအပ်ပြီး ရေချိုးမှားတတ်သူများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များအတွက် နွေရာသီတွင် အပူဒဏ်ခံနိုင်ရန် မှန်ကန်သည့်ရေချိုးနည်းကို အကြံပြုရေးသားလိုက်ရပါသည်။

ပေါက်ပေါက်

မြိတ်မြို့နယ်၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်

မြိတ် ဧပြီ ၂၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သည်ရက်၁၀၀စီမံချက်ဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်မည့် အင်းလေးမြိုင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီလ ၂၅ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်အေးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်မှုကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင် ၁၁ ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးကြောင်း သိရသည်။ ကာရံ(ကျေးလက်)

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး
(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊
၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊
၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၈၉၀၉၃၃၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၄၄၅၊ ၀၂-၄၀၂၁၄၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၁၇၊ ၀၉-၂၅၅၀၀၂၅၁၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၅၀၀၂၅၁၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၅၀၀၂၅၁၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၄၄၅၄၀၊ ၀၈၁-၂၁၄၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၅၀၀၂၅၁၅

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေး အပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

နိုင်ငံသားကောင်း

☆ သွေးရင်းအဆွေ ပြည်ထောင်စု
သက်သေပြု ညီညွတ်စွာ။
ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးတို့
စိုးမိုးကြပါ။
ငြိမ်းချမ်းရေး ပြည်မြန်မာ
အားလုံးမှာ တာဝန်ရှိ။
နွားကွဲလျှင် ကျားဆွဲပေါ့
စိတ်ထဲသတိ။

☆ သွေးရဲနီ ဇွဲသတ္တိနှင့်
တိုင်းပြည်၏ အကျိုးကို။
ကျတာဝန် ကျေပွန်ထမ်းလို့
ကြိုးပမ်းဖို့လို။
စည်းလုံးခြင်းဖြင့် အဖျက်ရန်ဖြို့
ရင်တွင်းသို့ ညီနောင်များ။
ဇာတိမာန် ဇာတိသွေးတို့
မွေးထုတ်ကာထား။

☆ အဆွေပေါင်းဖော် ပြည်ချစ်သားပါကွဲ့
နိုင်ငံအား အကျိုးပြုစေ။
အမျိုးဘာသာ အစဉ်ထိန်းလို့
ရင်ကိန်းကြလေ။
ယဉ်ကျေးမှု မြန်မာ့အမွေ
ထိန်လျှံဝေ မတိမ်းစောင်း။
အမိမြန်မာပြည် သာယာလှဖို့
ထိန်းကြစုပေါင်း။ ။

ဂန္ဓဝင်ချစ်သူ

MWD Variety Channel

၂၆-၄-၂၀၂၆(တနင်္ဂနွေနေ့)

၁။ ၀၉:၂၀ မှတ်သားလေ့လာ အိမ်တွင်းမှုပညာ
၂။ ၁၁:၄၅ နိုင်ငံ့ဂုဏ်ရောင်မြှင့်တင်ဖော်ဆောင် ထူးချွန်ထင်ရှား တပ်မတော်သားအားကစားသမားများ
၃။ ၁၄:၂၀ တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်
၄။ ၁၇:၄၅ ရွှေသွေးတို့ပျော်စရာ ပုံပြင်ကမ္ဘာ

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ကုန်သွယ်မှုကို ဆောင်ရွက်ရာတွင် ပို့ကုန်နှစ်ဆတိုးမြှင့်ရန် လိုအပ်



နေပြည်တော် ၈ပြို ၂၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးနှင့် သွင်းကုန်တင်သွင်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အခြေခံကျသည့် အုတ်မြစ်တစ်ခုဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ကုန်သွယ်မှုကို ဆောင်ရွက်ရာတွင် ပို့ကုန်နှစ်ဆတိုးမြှင့်ရန်လိုအပ်ကြောင်း၊ နိုင်ငံ၏ အဓိကပို့ကုန်များဖြစ်သော ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ရေထွက်၊ အထည်ချုပ်၊ စက်မှုကုန်ချော အစရှိသည့် ပို့ကုန်များကို တိုးမြှင့်တင်ပို့ပေးရန်ဖြစ်ကြောင်း၊ နိုင်ငံတကာဈေးကွက် ချဲ့ထွင်နိုင်ရေးအတွက် စီးပွားရေးသံမှူးများက ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကိုရှေးရှုပြီး အင်တိုက်အားတိုက် ဆောင်ရွက်ပေးစေလိုကြောင်း၊ ထုတ်ကုန်တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ပြည်ပမှ မဖြစ်မနေလိုအပ်သော ကုန်ကြမ်းများ၊ ဈေးကွက်အတွင်းမရှိမဖြစ်လိုအပ်သော ပစ္စည်းများကို စနစ်တကျစိစစ်တင်သွင်းနိုင်ရေးပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်းနှင့် လိုအပ်သည်များအား သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့ ရွှေလင်ဗန်းစက်မှုဇုန်ရှိ ရွှေဝါရောင်ဆန်စက်နှင့် ဆန်သိုလှောင်ရုံသို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တာဝန်ရှိသူတစ်ဦးက ပြည်တွင်းဖြန့်ဖြူးရန်နှင့် ပြည်ပသို့တင်ပို့ရန်အတွက် ဆန်များကြိတ်ခွဲနေမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စက်ရုံတွင် ဆန်အားသန့်စင်ခြင်း၊ အခြောက်အရောင်တင်ခြင်း၊ ဆန်ကွဲ ခွဲထုတ်ခြင်း၊ ရေနှင့်ထပ်မံအရောင်တင်ခြင်း၊ ဆန်အဆင့်အတန်းခွဲခြားခြင်း၊ အရောင်ခွဲခြားခြင်းနှင့် ထုပ်ပိုးခြင်းလုပ်ငန်းစဉ်များနှင့် ပြည်ပသို့တင်ပို့ရန် သိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် ရွှေပြည်သာမြို့ သာခုကန်စက်မှုဇုန်ရှိ Diamond Arrow General Trading Co., Ltd. ၏ နှမ်းသန့်စင်စက်ရုံနှင့် Bright Light Group Co., Ltd. ၏ ပဲမျိုးစုံ သိုလှောင်ရုံနှင့် ပဲသန့်စင်စက်တို့တွင် ပဲမျိုးစုံနှင့် နှမ်းသန့်စင်ခြင်း၊ အရွယ်အစားခွဲခြားခြင်း၊ အလေးချိန်ရွေးချယ်ခြင်း၊ ခဲရွေးခြင်း၊ အရောင်ခွဲခြင်း၊ အရွယ်အစားရွေးခြင်းနှင့် ထုပ်ပိုးခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်တွင်းစားသုံးမှု ဖူလုံမှုရှိရေးကို ဦးစားပေးဆောင်ရွက်ရန်နှင့် ပို့လျှံသည်များကို ပြည်ပသို့တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်ရန်၊ အဆင့်မီပို့ကုန်များရရှိရေးအတွက် စက်ပစ္စည်းများအရည်အသွေးမြှင့်တင်သွားရန်မှာကြားသည်။

ထို့နောက် သာခုကန်စက်မှုဇုန်ရှိ Shwe Me Group of Companies ၏ ပြောင်းသိုလှောင်ရုံ၌ ပြောင်းများသိုလှောင်ထားရှိမှုနှင့် ပြည်ပသို့တင်ပို့ရန် ပြင်ဆင်ထားရှိမှုအားလည်းကောင်း၊ ရွှေပြည်သာမြို့နယ် ဝါးတစ်ရာစက်မှုဇုန်ရှိ Light House Enterprise Co., Ltd. ၏ Myanmar Standard Rubber – MSR–20 (Technically Specified Rubber – TSR–20) ထုတ်လုပ်နေမှုအဆင့်ဆင့်အား လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

လယ်ယာသုံးစက်ကိရိယာမျိုးစုံထုတ်လုပ်နိုင်ပြီး စားသုံးကုန်နှင့် လူသုံးကုန်များလည်း ထုတ်လုပ်လျက်ရှိ



ပဲခူး ၈ပြို ၂၅

ပဲခူးတိုင်းဒေသကြီး၏ အဓိကစီးပွားရေးမောင်းနှင်အားသည် MSMEs လုပ်ငန်းများပေါ်တွင် မူတည်လျက်ရှိပြီး ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်သည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် လယ်ယာသုံးစက်ကိရိယာ မျိုးစုံထုတ်လုပ်နိုင်ကာ စားသုံးကုန်နှင့် လူသုံးကုန်များကိုလည်းထုတ်လုပ်လျက်ရှိကြောင်းယမန်နေ့မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ MSMEs လုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လာစေရေး MSMEs စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းကပြောကြားသည်။

ဆက်လက်၍တိုင်းဒေသကြီးဝန်ကြီးချုပ်က လယ်ယာသုံးစက်ကိရိယာများတွင်လည်း စက်သုံးဆီအခြေပြုစနစ်မှ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် Solar စနစ်သို့ ပြောင်းလဲထုတ်လုပ်သွားရမည်ဖြစ်ကြောင်း၊ တက်ရောက်လာသည့် MSMEs လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏လုပ်ငန်းများအလိုက် ကြုံတွေ့ရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများအား ပွင့်ပွင့်လင်းလင်း တင်ပြပေးစေလိုကြောင်းနှင့်တိုင်းဒေသကြီး MSMEs အေဂျင်စီအနေဖြင့် လိုအပ်သည့် အရင်းအနှီး၊ စက်ပစ္စည်းနှင့် နည်းပညာရရှိရေး ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက်ပဲခူးတိုင်းဒေသကြီး MSMEs အေဂျင်စီအဖွဲ့ ဥက္ကဋ္ဌ၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးကျော်ထွဋ်က ပဲခူးတိုင်းဒေသကြီးအတွင်းရှိ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ပေးလျက်ရှိမှုနှင့် ဆက်လက်ကူညီပံ့ပိုးပေးသွားမည့် လုပ်ငန်းစီမံချက်များအား ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသည့် လယ်ယာသုံးစက်ကိရိယာထုတ်လုပ်သူ လုပ်ငန်းရှင်များ၊ လူသုံးကုန်နှင့် စားသုံးကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ ဘက်စုံအဆင့်မြှင့်သွားမည့် အစီအမံများနှင့်ကြုံတွေ့နေရသည့် အခက်အခဲများကို ရင်းနှီးမှုင့်လင်းစွာ တင်ပြဆွေးနွေးကြရာ တက်ရောက်လာသည့် ဌာနဆိုင်ရာများက ဝိုင်းဝန်းအကြံပြုရှင်းလင်းပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က MSMEs လုပ်ငန်းရှင်များ၏ တင်ပြချက်များနှင့်ပတ်သက်၍ လုပ်ငန်းတစ်ခုချင်းအလိုက် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ (၄၁၀)

အဆင့်မြင့်ပညာနှင့် အခြေခံပညာလူရည်ချွန် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲကျင်းပ

လှိုင်ကော် ၈ပြို ၂၅

ကယားပြည်နယ်အစိုးရအဖွဲ့မှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အဆင့်မြင့်ပညာနှင့် အခြေခံပညာလူရည်ချွန် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ၈ပြိလ ၂၅ ရက်တွင် လှိုင်ကော်မြို့မင်းစုရပ်ကွက်ရှိ ပြည်နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးမော်ရယ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူများနှင့် ကျောင်းအုပ်ကြီးများ၊ လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လှိုင်ကော်ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသားတစ်ဦးက လူရွှန်လူကောင်းသီချင်းဖြင့် သီဆိုဂုဏ်ပြု၍ အခမ်းအနားကိုဖွင့်လှစ်ပေးပြီး ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်က ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်အဖြစ် ရွေးချယ်ခံရသည့် ကျောင်းသား၊ ကျောင်းသူများကို ပြည်နယ်အစိုးရအဖွဲ့က အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပပေးခြင်းဖြစ်ကြောင်း၊ လူရည်ချွန်များအဖြစ် အဆင့်ဆင့်စိစစ်ရွေးချယ်ပြီး ဂုဏ်ပြုချီးမြှင့်ခြင်းသည် နောင်တစ်ချိန် နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်းရတနာများအဖြစ် တာဝန်အပ်နှင်းသည့် အဓိပ္ပာယ်ဖြစ်ကြောင်း၊ လူရည်ချွန်ဆိုသည်မှာ ပညာရေးနယ်ပယ်တစ်ခုတည်း၌သာ ထူးချွန်ရုံမျှမက ဗလငါးတန်နှင့်ပြည့်စုံသူများဖြစ်ကြောင်း၊ လူရည်ချွန်မှသည် နိုင်ငံတော်တည်ဆောက်ရေးဆီသို့ ဆောင်ပုဒ်နှင့်အညီ မောင်မယ်တို့၏ခြေလှမ်းတိုင်းသည် တိုင်းပြည်အတွက် အားအင်များဖြစ်စေပြီး မိဘ၊ ဆရာသမားများနှင့် ပြည်နယ်ကအားကိုးရသည့် သားကောင်းရတနာ၊ သမီးရတနာများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန် အမှာစကား ပြောကြားကြောင်း သိရသည်။

(၄၀၅)

ကျေးရွာတွင်းလမ်းသဲကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မိုးညှင်း ၈ပြို ၂၅

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရက်(၁၀၀)စီမံချက်ဖြစ်သည့် ပြည်ထောင်စုဘဏ္ဍာအထွေထွေပို့လျှံရန်ပုံငွေ (GRF) ဒုတိယအကြိမ် Quick Win အစီအစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဟဲလုံခေတ်မီစံပြကျေးရွာ၌ ကျေးရွာတွင်းလမ်း သဲကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ၈ပြိလ ၂၅ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြသိန်းဝင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးမြင့်နှင့် တာဝန်ရှိသူများက ဟဲလုံခေတ် မီစံပြကျေးရွာကျေးရွာတွင်းလမ်း ကွန်ကရစ်ပေါင်ဖြင့် သဲကျောက်ခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများအချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါကျေးရွာတွင်းလမ်းသည် အရှည် ပေ ၁၈၃၀၊ အကျယ် ၁၂ ပေ၊ ထူ ၆ လက်မ ရှိပြီး ကွန်ကရစ်ပေါင်ဖြင့် သဲကျောက်ခင်းခြင်းနှင့် ရေပြွန်နှစ်စင်း စသည့်လုပ်ငန်းများကို ယခုဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာအထွေထွေပို့လျှံရန်ပုံငွေ (GRF) ငွေကျပ် ၁၃၇ ဒသမ ၂၀၂ သန်းဖြင့် ၈ပြိလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေမိုးညှင်း

နိပါတ်တော်လာသိမှတ်စရာ

အများအတွက် အသက်စွန့်သူ(မဟာကပိဇာတ်)



ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးစိုးစံနေစဉ် ဘုရားအလောင်းမျောက်မင်းသည် မျောက်ရှစ်သောင်းခြံရံ၍ ဟိမဝန္တာတောတွင်နေ၏။ ထိုတောကြီးအတွင်းရှိ ဂင်္ဂါမြစ်ကမ်းနံဘေးတွင် အခက်အလက်များနှင့် အံ့ဆိုဉီးနေသော သရက်ပင်ကြီးတစ်ပင်ရှိ၏။

မျောက်မင်းသည် နောက်လိုက်နောက်ပါ မျောက်အပေါင်းကိုခေါ်ယူပြီး သရက်ပင်ကြီးသို့သွားကာ သရက်သီးမှည့်များကို စားသောက်လေ့ရှိ၏။

တစ်နေ့တွင် ဗာရာဏသီမင်းသည် ဂင်္ဂါမြစ်၌ ရေကစားနေစဉ် ရေစီးအတိုင်းမျောပါလာသော သရက်သီးမှည့်တစ်လုံးကိုရရှိပြီး စားသုံးရာ အရသာထူးကဲလှကြောင်းသိရ၏။ ထိုသရက်သီးမှာ ဘုရားအလောင်းမျောက်မင်း စားသောက်လေ့ရှိသည့် သရက်ပင်မှ ကြွေကျလာသော အသီးဖြစ်၏။

မင်းကြီးသည် အရသာထူးကဲလှသောသရက်သီးများကို အမြဲတမ်းစားသုံးနိုင်ရန် လေ့များဖောင်ဖွဲ့၍ ဂင်္ဂါမြစ်ကိုဆန်တက်ကာ သရက်ပင်ကို ရှာဖွေစေ၏။ ရောက်ရှိလတ်သော် မင်းကြီးသည် သရက်သီးများကို အားရအောင်စားသုံးပြီး သရက်ပင်အခြေ၌ပင် ညအိပ်လေ၏။

သန်းခေါင်ယံအချိန်တွင် မျောက်မင်းသည် သူ့ပရိသတ်များနှင့်အတူ သရက်ပင်ပေါ်သို့ တိတ်တဆိတ်လာရောက်၍ သရက်သီးများကို စားသုံးကြ၏။ မင်းကြီးလည်း အိပ်ပျော်နေရာမှ နိုးလာသော် မျောက်များကိုမြင်သဖြင့် လေးသည်တော်များကိုနှိုး၍ သရက်ပင်ကို ဝိုင်းရံစေ၏။

မျောက်မင်းက သူ့တပည့်များကို မကြောက်ကြရန် ပြော၏။ “သင်တို့အားလုံးကို ဘေးကင်းရာသို့ ငါကယ်တင်မည်” ဟုဆိုကာ အမြင့်ဆုံးအကိုင်းပေါ်သို့ တက်၍ ထိုအကိုင်းမှတစ်ဆင့် ဂင်္ဂါမြစ်တစ်ဖက်ကမ်းသို့ အားယူလှမ်းခုန်လိုက်ရာ ချုံပုတ်တစ်ခုပေါ်သို့ ကျရောက်လေသည်။ မျောက်မင်းသည် ကြိမ်နွယ်တစ်ချောင်းကို ရှာဖွေဖြတ်ယူ၍ ထိုဘက်ကမ်းရှိ သစ်ပင်တစ်ပင်တွင် ခိုင်ခံ့စွာချည်နှောင်၏။ ကျန်အစွန်းတစ်ဖက်ကို မိမိခါးတွင် ဖွဲ့ချည်၍ သည်ဘက်ကမ်းရှိ သရက်ပင်ကြီးဆီသို့ ပြန်လည်ခုန်ချလိုက်၏။

နွယ်ကြိုးမှာ အနည်းငယ်တိုနေသဖြင့် မျောက်မင်း၏ကိုယ်သည် သရက်ကိုင်းပေါ်သို့ မရောက်ဘဲ လက်ဖြင့်ဖမ်းဆုပ်နိုင်ရုံမျှသာ မီလေ၏။ မျောက်မင်းသည် သရက်ကိုင်းကို အားယူဖမ်းဆုပ်၍ “ငါ့ကိုယ်ပေါ်မှဖြတ်နင်း၍ တစ်ဖက်ကမ်းသို့ အမြန်ကူးကြပါလေ” ဟု ကျန်မျောက်များကို အော်ဟစ်သတိပေး၏။

မျောက်တို့သည် မျောက်မင်းကို ရိုရိုးကန်တော့ကာ တစ်ကောင်ပြီးတစ်ကောင် တစ်ဖက်ကမ်းသို့ ကူးကြလေသည်။ နောက်ဆုံးကျန်သူ ဒေဝဒတ် မျောက်မင်းသည်ကား “အခါအခွင့်သင့်ပြီ။ ငါ့ရန်သူကို ပျက်စီးစေအံ့” ဆိုကာ အမြင့်ဆုံးအကိုင်းပေါ်မှနေ၍ မျောက်မင်း၏ ကျောကုန်းပေါ်သို့ ပြင်းထန်သော အရှိန်ဖြင့် ခုန်ချလေ၏။ မျောက်မင်းသည် ထိုဒဏ်ချက်ကြောင့် နှလုံးကွဲကြေသောဝေဒနာဖြင့် တစ်ကောင်တည်းကျန်ရစ်ခဲ့ရှာ၏။

ထိုဖြစ်ရပ်ကို အစအဆုံးမြင်တွေ့လိုက်ရသော ဗာရာဏသီမင်းသည် အမျိုးအတွက် အသက်ကိုပင် ပေးလှူဝံ့သောမျောက်မင်းကို လွန်စွာကြည်ညိုလေ၏။ ထို့ကြောင့် နံနက်လင်းသော်ငြမ်းဆင်၍ မျောက်မင်းကို ချယူကာ ဆေးဝါးကုသပြုစုပေး၏။ မျောက်မင်းက ဗာရာဏသီမင်းအား “မင်းကောရာဇ်တို့မည်သည် ပြည်သူပြည်သားလူအများအား အကျိုးစီးပွားကို ရှာဖွေပေးရမည်။ ပညာဉာဏ်အမြော်အမြင်နှင့် ပြည့်စုံရမည်” ဟု ဟောပြော၏။

ဘုရားအလောင်းမျောက်မင်းသည် ဝေဒနာမသက်သာဘဲ မိမိ၏ အမျိုးအနွယ်အတွက် အသက်စွန့်ရှာလေသည်။ ဇာတ်ပေါင်းသော် ဗာရာဏသီမင်းသည် အရှင်အာနန္ဒာ၊ ပြစ်မှားတတ်သောမျောက်သည် ဒေဝဒတ်ဖြစ်၍ မျောက်မင်းကား ဗုဒ္ဓဖြစ်လေ၏။

နိပါတ်တော်လာ သိမှတ်စရာအနေဖြင့် မိမိတစ်ဦးတည်းကိုယ်ကျိုးကိုသာ ဦးစားပေးသည်ထက် အများအကျိုးကို ဆောင်နိုင်သူများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ပါသည်။ ။

သုတကြွယ်

မြန်မာ့ရိုးရာကစားနည်း

မြို့တံခါးကြီး ကစားနည်း



ကစားသူများအနက် ကလေးနှစ်ယောက်သည် မျက်နှာချင်းဆိုင်ရပ်လျက် သူတို့ လက်နှစ်ဖက်ကို ဆက်၍ အောက်ဘက်သို့ နှိမ့်ချထားရသည်။ လက်တန်းသည် တံခါးဖြစ်သည်။ လူဝင်သော အခါ လက်တန်းတံခါးကို ဖွင့်ဟန် မြှောက်ပေးရသည်။ ကျန်ကစားသူများသည် တစ်ယောက်၏ နောက်တွင် တစ်ယောက်ရှိနေကြသည်။ ခါးရှိလုံချည်ကိုဖြစ်စေ၊ အင်္ကျီစကိုဖြစ်စေ ကိုင်ကာတွဲထားကြရသည်။ ထို့နောက် အတန်းလိုက်ရှိနေကြသော ကစားသူများနှင့် လက်နှစ်ဖက်ဆက်ထားသော ကလေးနှစ်ယောက်တို့သည် ဤသို့အပြန်အလှန်ပြောဆိုကြလေသည်။

အတန်းရှိကစားသူများ – မြို့တံခါးကြီးဖွင့်ပေးပါ
ကလေးနှစ်ယောက် – ဘယ်မင်းအိမ်ကလည်း
အတန်းရှိကစားသူများ – ဆင်ထိန်းအိမ်က
ကလေးနှစ်ယောက် – ဆင်စောင်နံပြန်လေဦးတော့
အတန်းရှိကစားသူများ – မြို့တံခါးကြီး ဖွင့်ပေးပါ
ကလေးနှစ်ယောက် – ဘယ်မင်းအိမ်ကလဲ
အတန်းရှိကစားသူများ – မြင်းထိန်းအိမ်က
ကလေးနှစ်ယောက် – မြင်းစောင်နံပြန်လေဦးတော့

တွဲထားကြသောကလေးများသည် ယခင်ကကဲ့သို့ပင် လှည့်ထွက်သွား၍ ပြန်လှည့်လာကြပြီးလျှင် တံခါးဖွင့်ရန်အော်၍ ပြောကြသည်။ လက်ဆက်ထားသော ကလေးနှစ်ယောက်က ရှေးနည်းအတိုင်းပင် ပြန်မေးကြ၏။ အတန်းရှိကလေးများကလည်း မိမိတို့စိတ်ကူးရထားသည့်အိမ်ကို ပြောပြကြလေသည်။ ကလေးနှစ်ယောက်က သူတို့သဘောမကျသေးလျှင် အကြိမ်ကြိမ်ပြန်လွှတ်၍ သူတို့သဘောကျသည့်အိမ် (ဥပမာ – သူဌေးကြီး) ဆိုလျှင် “အေး...အေး” ဟု ဆိုကာ သူတို့လက်များကို တံခါးဖွင့်ပေးသကဲ့သို့ မြှောက်ပေးလိုက်ကြသည်။

ထိုအခါ လူတွဲက မြှောက်ထားသောလက်များ အောက်မှဝင်၍ “ထင်းကလေး ခွေပါရစေဦး” ဟုဆိုကာ ထွက်သွားကြ၏။ နောက်အခေါက်များတွင် “ဟင်းရွက်ကလေး ခူးပါရစေဦး”၊ “ရေကလေး ခပ်ပါရစေဦး” စသည်ဖြင့် အမျိုးမျိုးဆိုကာ မြှောက်ထားသောလက်နှစ်ဖက်အောက်မှ ဝင်သွားကြလေသည်။ နောက်ဆုံးအခေါက်တွင်မူ “မိုးချုပ်ပြီ၊ မြို့အတွင်းဝင်ကြစို့” ဟုဆို၍ ဝင်သောအခါ လက်ဆက်ထားသော ကလေးနှစ်ယောက်က သူတို့၏ လက်များကို မြှောက်မပေးတော့ဘဲ ချထားကြသဖြင့် လူတွဲက “မြို့တံခါးကြီးပိတ်ပြီလား၊ ဖွင့်ပါ” ဟုမေးကြသည်။ ကလေးနှစ်ယောက်က “လေးချက်လွန်ကျော် ပိတ်ပါသော်” ဟုပြော၍ လက်များကို မမြှောက်ဘဲထားကြသည်။ လူတွဲက “နောက်ဆုံးလူနော် ယူတော့...” ဟု ဆိုကြသောအခါ တံခါးစောင့်များဖြစ်သူ ကစားသူနှစ်ဦးက “အေး” ဟုဆိုကာ တံခါးကိုဖွင့်ပေးသည့်ပမာ သူတို့၏လက်များကိုမြှောက်လိုက်ကြသည်။

နောက်ဆုံးကစားသူ ဝင်မိသောအခါတွင် တံခါးစောင့်များအဖြစ် ကစားသူနှစ်ဦးက မြှောက်ထားသောလက်ကွင်းဖြင့် စွပ်ဖမ်းလိုက်ရသည်။

ဖမ်း၍မမိလျှင် အစမှပြန်ကစားရသည်။ ဖမ်းမိလျှင် မိသူနှင့်တကွ တံခါးပိတ်သံ “ဂြိတ်...ဂြိတ်” ဆို၍ ထိုင်ရသည်။ အတန်းလိုက်ရှိနေကြသော ကစားသူများက စုရုံးလာကြပြီးသော် ထိုသုံးယောက်ကိုဝိုင်း၍ ထိုင်ချလိုက်ကြသည်။

ထို့နောက် အပြန်အလှန်မေးကြပြီး၍ နောက်ဆုံးတွင် တံခါးစောင့်အဖြစ် ကစားသူနှစ်ဦးက မိထားသူအား “ရေတိမ်သလား၊ နက်သလား” ဟုမေးရာ အဖမ်းခံရသူက ရေတိမ်သည်ဟုဖြေလျှင် သူတို့၏ လက်များကို အောက်သို့နှိမ့်၍ မိထားသူအား ထွက်သွားစေ၏။ ရေနက်သည်ဟုဖြေမိလျှင် သူတို့၏လက်များကို မြှောက်ထားကြပြီး မိနေသူအား ခုန်၍ထွက်စေ၏။ ထို့နောက် ကစားပွဲကို အသစ်တစ်ဖန်ပြန်စ၍ ကစားကြရလေသည်။ ။

မောင်ရင်သွေး

ရယ်စရာပျံ့အေး

ကြောက်ပါတယ်ဆိုမှ

သာထွေးနဲ့ သာကွေးတို့ ညီအစ်ကိုနှစ်ယောက် ငယ်ငယ်ကပေါ့။ စွေးထဲကို ငါးသွားဝယ်ကြတယ်ဆိုပဲ။ ငါးသည်ရှေ့ရောက်တော့ အစ်ကိုဖြစ်သူ သာထွေးက တစ်ပိသာလောက်ရှိတဲ့ ရွှေဝါငါးကြင်းကြီးကို ရုတ်တရက်ကောက်ကိုင်ပြီး ညီဖြစ်သူ သာကွေးကို ခြောက်လှန့်တို့လိုက်သတဲ့။

“အမယ်လေး”

သာကွေးတစ်ယောက် နောက်ပြန်လက်ထောက်လဲကျတဲ့အထိ လန့်သွားပုံကိုကြည့်ပြီး ငါးသည်အဒေါ်ကြီးက ခွက်ထိုးခွက်လန်ရယ်ပါလေရော။

“ဟား...ဟား ဟား ယောကျ်ားလေးမဟုတ်သလိုပဲတော်၊ လန့်တတ်ပုံနှယ်”

အဲ့ဒါနဲ့ သာထွေးက ငါးကိုင်ပြီး ထပ်တို့လိုက်တော့...

“အား...အစ်ကိုနော်၊ ငါကြောက်ပါတယ်ဆိုမှ အီး...ဟီး ဟီး”

သာကွေးက အော်ဟစ်ငိုယိုပြီး နောက်ကိုလေးငါးလှမ်းလောက်ဆုတ်သွားတယ်။ ငါးသည်ကြီးကလည်း တဟားဟားအော်ရယ်ပြီး သဘောတွေကျလို့ပေါ့။

“အမယ်လေးဟယ်၊ သတ္တိခဲနှယ်တော်...၊ ဒီလောက်ရှိလှ၊ လိုက်တို့...လိုက်တို့ဟဲ့”

ဒီလိုနဲ့ သာထွေးက လိုက်တို့လိုက်၊ သာကွေးက အကြောက်အကန် အော်ဟစ်ငိုယိုပြီး ထွက်ပြေးလိုက် ငါးသည်အဒေါ်ကြီးက တဟားဟား အော်ရယ်ရင်းမြှောက်ပေးလိုက်နဲ့။ ဝါးသုံးလေးပြန်အကွာ စွေးထောင့်ချိုးနားလည်းရောက်ရော ညီအစ်ကိုနှစ်ယောက် ငါးပွေ့ပြီးပြေးကြပါလေရောတဲ့။ ။

ဖိုးစလုံး

မြန်မာ့ဆေးဝါးလုပ်ငန်းအနေဖြင့် ပေးအပ်သည့်လုပ်ငန်းတာဝန်များကို အောင်မြင်အောင်ကြိုးစားဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မှာကြား

နေပြည်တော် ၎ပြီ ၂၅

စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဒုတိယဝန်ကြီး ဦးသွင်အောင်နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရုံးအမှတ်(၃၇)၌ မြန်မာ့ဆေးဝါးလုပ်ငန်းရုံးချုပ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ဆေးဝါးလုပ်ငန်းအနေဖြင့် ပြည်သူများအတွက် လိုအပ်သောအခြေခံဆေးဝါးများကို နိုင်ငံတကာအသိအမှတ်ပြု စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်းအနေဖြင့် ယခုဘဏ္ဍာရေးနှစ်တွင် ကုန်ထုတ်လုပ်မှုဆောင်ရွက်နိုင်ရေးအတွက် ကုန်ကြမ်းများ ဝယ်ယူမည့်အစီအစဉ်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်



တို့ကို စနစ်တကျရေးဆွဲ၍ တာဝန်ခံဆောင်ရွက်မည့်သူကိုလည်း သတ်မှတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက မြန်မာ့ဆေးဝါးလုပ်ငန်း၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ ယခုဘဏ္ဍာရေးနှစ်တွင် ပြည်သူများလိုအပ်သည့် အခြေခံဆေးဝါးများထုတ်လုပ်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှု၊ ဆေးဝါးအမယ်သစ်များထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေ၊ အစိုးရသစ်၏ ရက် ၁၀၀ ကာလအတွင်း လုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေ၊ နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်များအပေါ် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်မည့်အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက မြန်မာ့ဆေးဝါးလုပ်ငန်း၏ ပြန်လည်ဖွဲ့စည်းမှုကို အချိန်မီ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လမ်းညွှန်ချက်များနှင့်စပ်လျဉ်း၍ အချိန်ဇယားများရေးဆွဲပြီး လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ဆေးဝါးလုပ်ငန်းအနေဖြင့် ပေးအပ်သည့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရန်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာ့ဆေးဝါးလုပ်ငန်းရုံးချုပ်တွင် ဝန်ထမ်းများ နေရာချထားမှု၊ ဌာနအလိုက်လုပ်ငန်းများ ခွဲဝေသတ်မှတ်ထားရှိမှုအခြေအနေတို့ကိုကြည့်ရှုစစ်ဆေးပြီး ရုံးခန်းများ၊ ရုံးအဆောက်အအုံ ပတ်ဝန်းကျင်တို့အား သန့်ရှင်းသာယာလှပစေရေး စီမံဆောင်ရွက်ထားရှိရန်နှင့် မီးဘေးအန္တရာယ်မဖြစ်ပွားစေရေးစနစ်တကျစီမံဆောင်ရွက်ထားရှိရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

ရောဝတီတံတား(ရတနာပုံ) Load Test စစ်ဆေး၍ လက်ရှိခွင့်ပြုနေသည့် ၂၅ တန်မှ ၄၅ တန်အထိ တိုးမြှင့်ခွင့်ပြု



နေပြည်တော် ၎ပြီ ၂၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်အတူ ယနေ့တွင် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ဧရာဝတီတံတား(ရတနာပုံ)ကို အားဖြည့်ပြုပြင်ခြင်းပြီးစီး၍ Load Test စစ်ဆေးပြီး ၂၅ တန်မှ ၄၅ တန်သို့တိုးမြှင့်၍ ကုန်တင်ယာဉ်များ ဖြတ်သန်းခွင့်ပြုပေးနေမှု၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ဝန်ထမ်းအိမ်ရာများအတွက် အသစ်ပြန်လည်တည်ဆောက်နေသည့်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှင်းလင်းဆောင်တွင် တာဝန်ခံအင်ဂျင်နီယာက ဧရာဝတီတံတား(ရတနာပုံ) မန္တလေးငလျင်ကြီးကြောင့် ရေလယ်တိုင်ရှိ Gusset Plate များ၊ သံပေါင်ရှိ Inclined Member များ၊ Bearing များ ပျက်စီးခဲ့ရသည့်အခြေအနေ၊ ပျက်စီးမှုများကိုစစ်ဆေး၍ ကနဦး (ကုန်+ယာဉ်) ၁၅ တန်ဖြင့် စတင်ဖြတ်သန်းခွင့်ပြုခဲ့သည့် အခြေအနေ၊ ယခုအခါ ဒုတိယအဆင့် အားဖြည့်ပြင်ဆင်ခြင်းဆောင်ရွက်ပြီးစီး၍ Load Test စစ်ဆေးပြီး (ကုန်+ယာဉ်) ၄၅ တန်အထိ တိုးမြှင့်ဖြတ်သန်းခွင့်ပြုနိုင်မည့် အခြေအနေနှင့် ပြုပြင်ဆောင်ရွက်ခြင်း၊ စစ်ဆေးခြင်းများဆောင်ရွက်ခဲ့သည့် မှတ်တမ်းများကို ရှင်းလင်းတင်ပြရာ တံတားဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက တံတားကြီး၏မူလခွင့်ပြုထားသော တန် ၆၀ အထိ ပြန်လည်ခွင့်ပြုပေးနိုင်ရေးအတွက် ငလျင်ကြီးဒဏ်ကြောင့် ပျက်စီးသွားသော Bearings လဲလှယ်ခြင်းများ ဆက်လက်ဆောင်ရွက်မည့် အစီအမံတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဧရာဝတီတံတား(ရတနာပုံ) သည် ဧရာဝတီမြစ်ကို ဖြတ်ကျော်၍ မန္တလေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးကို ဆက်သွယ်ပေးထားသည့် အရေးပါသောတံတားတစ်စင်းဖြစ်၍ လမ်းပန်းဆက်သွယ်မှာကြားကာ ဧရာဝတီတံတား (ရတနာပုံ) တွင် ၄၅ တန်အထိ ကုန်တင်ယာဉ်များနှင့် ဆီသယ်ယာဉ်များ စတင်ဖြတ်သန်းသွားလာမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်မန္တလေးမြို့ရှိငလျင်ကြောင့် ပျက်စီးခဲ့သော ဝန်ထမ်းအိမ်ရာ ၂၆ လုံး၊ အခန်းပေါင်း ၃၈၆ ခန်း တည်ဆောက်ခြင်း လုပ်ငန်းခွင်ကိုလည်းကောင်း၊ စစ်ကိုင်းမြို့ရှိ ဝန်ထမ်းအိမ်ရာအဆောက်အအုံ ခုနစ်လုံး၊ အခန်းပေါင်း ၁၁၂ ခန်းအား တည်ဆောက်ရန် လက်ရှိဆောင်ရွက်နေသည့် အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများကို ဆောလျင်စွာ နေရာချထားနိုင်ရေးအတွက် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ကြပ်မတ်ဆောင်ရွက်ရမည့် အခြေအနေတို့ကိုမှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများသို့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ငလျင်ကြောင့်ပျက်စီးခဲ့သော ဝန်ထမ်းအိမ်ရာများကိုပြုပြင်၍ ပြန်လည်နေရာချထားပေးနိုင်မှုအနေဖြင့် မန္တလေးမြို့တွင် ပြင်ဆင်ရမည့် အဆောက်အအုံ ၂၆၄ လုံး အနက် ၇၄ လုံးကိုပြုပြင်ပြီးစီး၍ ဝန်ထမ်းအင်အား ၁၁၃၄ ဦးကိုလည်းကောင်း၊ စစ်ကိုင်းမြို့တွင် ပြင်ဆင်ရမည့် အဆောက်အအုံ ၃၂ လုံးအနက် ၂၅ လုံးကို ပြုပြင်ပြီးစီး၍ ဝန်ထမ်းအင်အား ၂၄၉ ဦးကိုလည်းကောင်း စုစုပေါင်းဝန်ထမ်းအင်အား ၁၃၈၃ ဦးကို ပြန်လည်နေရာချထားပေးပြီးဖြစ်ကြောင်း သိရသည်။

မြဝတီ



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ စစ်မှုထမ်းကောင်းတံဆိပ်ရရှိသူတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်စဉ်။

အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ (၃၆)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ကျင်းပပြုလုပ်

နေပြည်တော် ၎ပြီ ၂၅

အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ (၃၆)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နေ့လယ်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ဧရာယာသီရိခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းသင်္ကာတံဆိပ်ရရှိသူများ၊ စစ်မှုထမ်းကောင်းတံဆိပ်ရရှိသူများ၊ စစ်သည်တော်ကျင့်ဝတ်ပထမဆုရရှိသူ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်ထူးချွန်ဆုရရှိသူနှင့် အိမ်ထောင်သည်လိုင်းစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သန့်ရှင်းရေးအကောင်းဆုံးဆုရရှိသူများအား ဂုဏ်ပြုဆုများအသီးသီးချီးမြှင့်ကြပြီး တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ဗလာမပါကံစမ်းမဲများ ဖောက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

၂၁ ရာစု မြန်မာလူငယ်နှင့် စစ်မှန်သောမျိုးချစ်စိတ်

နေလင်းသူ

၂၁ ရာစု၏ဒစ်ဂျစ်တယ်နည်းပညာနှင့် ကမ္ဘာလုံးဆိုင်ရာဆက်သွယ်ရေး အရှိန်အဟုန်ပြင်းစွာ ပြောင်းလဲလာသော ခေတ်ရေစီးကြောင်းထဲတွင် **"လူငယ်နှင့် မျိုးချစ်စိတ်"**ဟူသော ဝေါဟာရသည် ယခင်ကထက် ပိုမိုလေးနက်ပြီး ဆန်းသစ်သော အဓိပ္ပာယ်ဖွင့်ဆိုချက်များဖြင့် အသက်ဝင်လာခဲ့သည်။ ယနေ့ခေတ်လူငယ်များအတွက် မျိုးချစ်စိတ်ဆိုသည်မှာ သမိုင်းဟောင်းများကဲ့သို့လက်နက်ကိုင်တိုက်ပွဲဝင်ခြင်းထက် ပိုမိုကျယ်ပြန့်ပြီး အပြုသဘောဆောင်သည့် **"နိုင်ငံတော်တည်ဆောက်ရေး"**ကဏ္ဍသို့ သိသိသာသာ ဦးတည်ပြောင်းလဲလာနေပြီဖြစ်သည်။

ခေတ်သစ်မျိုးချစ်စိတ်ဓာတ်သည် တိုက်ခိုက်ဖျက်ဆီးခြင်းထက် **"တည်ဆောက်ခြင်းနှင့် ဖန်တီးခြင်း"**ကို ရှေ့တန်းတင်ထားသည်။ လူငယ်တစ်ဦးသည် မိမိ၏အရည်အချင်း(Skill-based Contribution)ကို အသုံးချကာ လူ့အဖွဲ့အစည်း၏အခက်အခဲများကို ဖြေရှင်းပေးခြင်း၊ စီးပွားရေးအရ အင်အားတောင့်တင်းအောင်ကြိုးစားခြင်းနှင့် ကမ္ဘာ့အဆင့်မီ ပညာရပ်များကို ဆည်းပူးကာ မိမိနိုင်ငံ၏ပုံရိပ်ကိုမြှင့်တင်ခြင်းတို့သည် ခေတ်မီသောနိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်များပင်ဖြစ်သည်။ ထို့ကြောင့် ၂၁ ရာစုလူငယ်တစ်ဦး၏မျိုးချစ်စိတ်သည် စိတ်လှုပ်ရှားမှုသက်သက်(Emotion)မဟုတ်ဘဲ နိုင်ငံတော်ကို အဘက်ဘက်မှ တိုးတက်ခိုင်မာလာစေရန် ဉာဏ်ပညာနှင့်လုပ်အားကို ပေါင်းစပ်အသုံးချသည့် **"လက်တွေ့ကျသော အမျိုးသားရေးတာဝန်"**တစ်ရပ်အဖြစ် အသွင်ပြောင်းလဲလာခြင်းဖြစ်သည်။

ခေတ်မီပညာရေးဖြင့် နိုင်ငံကိုမြှင့်တင်ခြင်း

ယနေ့ခေတ်သည် ဗဟုသုတနှင့် အတတ်ပညာများအရှိန်အဟုန်ဖြင့် ထွန်းကားနေသော "ပညာခေတ်"ဖြစ်သည်နှင့်အညီ အရည်အချင်းပြည့်ဝသည့် ပညာတတ်လူငယ်များပေါများခြင်းသည် နိုင်ငံတော်၏အားကိုးရဆုံးသော အင်အားပင်ဖြစ်သည်။ မျိုးချစ်စိတ်ရှိသောလူငယ်တစ်ဦးသည် မိမိ၏ပညာရည်မြင့်မားရေးကို ကိုယ်ပိုင်အောင်မြင်မှုသက်သက်အဖြစ်မမျှမြင်ဘဲ နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သောရေရှည်ရင်းနှီးမြှုပ်နှံမှု (Human Capital Investment)တစ်ခုအဖြစ်ခံယူရမည်။ မိမိတတ်မြောက်ထားသော နည်းပညာ၊ ဆေးပညာ၊ အင်ဂျင်နီယာအတတ်ပညာ သို့မဟုတ် အနုပညာစသည့်ပညာရပ်များဖြင့် မိမိနိုင်ငံသားများ၏လူမှုစီးပွားဘဝကို လက်တွေ့ကျကျမြှင့်တင်ပေးခြင်းသည် စိတ်ကူးယဉ်မှုထက်သာလွန်သည့်အဆင့်မြင့်သော မျိုးချစ်စိတ်ပင်ဖြစ်သည်။

ထို့ပြင် ခေတ်သစ်လူငယ်တစ်ဦးသည် မိမိ၏ဒေသတွင်းအခြေအနေ၌သာ နစ်မွန်းမနေဘဲ ကမ္ဘာ့အခြေအနေနှင့် နိုင်ငံတကာတွင် ဖြစ်ပေါ်တိုးတက်မှုများကို မျက်ခြည်မပြတ်လေ့လာနားလည်နေရမည်။ မိမိနိုင်ငံ၏အားသာချက်နှင့် အားနည်းချက်များကို ကမ္ဘာ့စံနှုန်းများနှင့်ယှဉ်ထိုးကြည့်ရှုပြီး မိမိနိုင်ငံကို မည်သည့်လမ်းကြောင်းဖြင့် တိုးတက်အောင် လုပ်ဆောင်ရမည်နည်းဆိုသော ခိုင်မာသည့် **Vision (မျှော်မှန်းချက်)**ရှိခြင်းသည် နိုင်ငံတော်ကိုအနာဂတ်တွင် ဦးဆောင်မည့် ခေါင်းဆောင်ကောင်းတို့၏အရည်အချင်းပင်ဖြစ်သည်။ အသိပညာကိုအခြေခံသည့် ထိုမျှော်မှန်းချက်များကသာ နိုင်ငံတော်ကို ကမ္ဘာ့အလယ်တွင် ဝင့်ထည်စေမည်ဖြစ်သည်။

ယဉ်ကျေးမှုနှင့်တီထွင်ဖန်တီးမှုပေါင်းစပ်ခြင်း

လူငယ်များသည် မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို ရှေးဟောင်းပုံစံခွက်ထဲ၌သာ ပိတ်လှောင်ထားရမည့် အရာတစ်ခုအဖြစ်မမျှမြင်ဘဲ ခေတ်ရေစီးကြောင်းနှင့် အညီ ဆန်းသစ်တီထွင်ကာ ဖော်ဆောင်တတ်သည့် တည်ဆောက်ခြင်းပင်ဖြစ်သည်။

လူမှုရေးတာဝန်သိခြင်း

စစ်မှန်သော နိုင်ငံချစ်စိတ်ရှိသည့်လူငယ်တစ်ဦးသည် မိမိကိုယ်ကျိုးထက် မိမိပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းအပေါ် **စာနာထောက်ထားမှု (Empathy)**အပြည့်ရှိသူဖြစ်ရမည်။ မျိုးချစ်စိတ်ဆိုသည်မှာ စိတ်ကူးယဉ်အယူအဆသက်သက်မဟုတ်ဘဲ မိမိပတ်ဝန်းကျင်ရှိ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့် **စေတနာဝန်ထမ်း(Volunteer)** လုပ်ငန်းများတွင် လက်တွေ့ကျကျပါဝင်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို ကာကွယ်သည့် စိမ်းလန်းသောလူပ်ရှားမှုများ၊ နွမ်းပါးသည့်ကလေးငယ်များအတွက် ပညာဒါနပြုခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိန်းသိမ်းပေးသည့် အလွန်ထိရောက်သော မျိုးချစ်စိတ်ဓာတ်ပြယုဂ်တစ်ခုဖြစ်သည်။ မိမိနိုင်ငံအတွင်းရှိ **ဒေသတွင်းလုပ်ငန်းငယ်များ(Local Business)**ကို အစဉ်တစိုက် ပံ့ပိုးကူညီခြင်းနှင့် ပြည်တွင်းထုတ်ကုန်များကို ဂုဏ်ယူစွာသုံးစွဲခြင်းသည် နိုင်ငံခြားသုံးငွေစီးဆင်းမှုကိုဟန့်တားပေးရုံသာမက မိမိနိုင်ငံ၏စီးပွားရေးသံသရာကို အရှိန်အဟုန်ဖြင့် လည်ပတ်စေကာ ပြည်တွင်းထုတ်လုပ်မှုကဏ္ဍကို ပိုမိုခိုင်မာတောင့်တင်းစေသည်။

ထို့ပြင် လူငယ်များအနေဖြင့် **စွန်းဆောင်ရွင်စိတ်ဓာတ်(Entrepreneurship)**ကို အရင်းခံကာ မိမိနိုင်ငံ၏သယံဇာတနှင့်အရင်းအမြစ်များကို အခြေခံသည့်လုပ်ငန်းသစ်များ ဖန်တီးလာခြင်းသည် တိုင်းပြည်အတွက် အလွန်အရေးပါသော အပြောင်းအလဲတစ်ခုဖြစ်သည်။ မိမိတို့ကိုယ်တိုင် လုပ်ငန်းရှင်ရင်းနှီးမြှုပ်နှံသူများဖြစ်လာပြီး အလုပ်အကိုင်အခွင့်အလမ်းသစ်များစွာကို ဖန်တီးပေးနိုင်ခြင်းဖြင့် အရည်အချင်းရှိသောလူငယ်များ ပြည်ပနိုင်ငံများသို့ အလုပ်သွားရောက်လုပ်ကိုင်မှုကို လျော့ချပေးနိုင်မည်ဖြစ်သည်။ ဤကဲ့သို့ မိမိနိုင်ငံသားများ၏လုပ်အားနှင့်တီထွင်မှုများကို အပြန်အလှန်ယုံကြည်အားပေးခြင်းဖြင့်သာ စီးပွားရေးအရ အမှီအခိုကင်းပြီး ဝင့်ထည်ခံညားသော နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

"ခေတ်မီရမည်၊ ကမ္ဘာကိုကြည့်ရမည်၊ သို့သော် မိမိမြေကို မမေ့ရ"ဟူသော ခံယူချက်သည် ယနေ့ခေတ်လူငယ်များဆုပ်ကိုင်ရမည့် အခြေခံမူဝါဒပင်ဖြစ်သည်။ လူငယ်တစ်ဦးအနေဖြင့် မိမိ၏အရည်အချင်းကိုမြှင့်တင်ခြင်း၊ ဗဟုသုတရှာမှီးခြင်းနှင့်မိမိကိုယ်ကိုတိုးတက်အောင် ကြိုးစားနေခြင်းသည် ပုဂ္ဂိုလ်ရေးအောင်မြင်မှုသက်သက်မဟုတ်ဘဲ နိုင်ငံတော်၏အင်အားကို တစ်ဖက်တစ်လမ်းမှ တစ်တပ်တစ်အား တည်ဆောက်နေခြင်းဖြစ်ကြောင်း လေးနက်စွာနားလည်ထားရန်လိုအပ်သည်။

စစ်မှန်သည့် မျိုးချစ်စိတ်ဆိုသည်မှာ အခြားသူများသို့မဟုတ် အခြားသောအယူအဆများကို မုန်းတီးတိုက်ခိုက်ခြင်းမဟုတ်ဘဲ မိမိနိုင်ငံသားအချင်းချင်း အပေါ်ထားရှိသော မေတ္တာတရား၊ စာနာနားလည်မှုနှင့် မိမိနိုင်ငံကို ယခင်ထက် ပိုမိုတိုးတက်စေလိုသော စိတ်ဆန္ဒအမှန်သာဖြစ်သည်။ ထို့ကြောင့် လူငယ်များအနေဖြင့် မိမိတို့၏ရင်ထဲမှ အားကောင်းသော မျိုးချစ်စိတ်ဓာတ်ကို လက်တွေ့ကျသော လုပ်ဆောင်ချက်များဖြင့်ပေါင်းစပ်၍ မြန်မာနိုင်ငံတော်ကြီးကို ကမ္ဘာ့အလယ်တွင် ဝင့်ထည်ပြီး သာယာဝပြောသော နိုင်ငံအဖြစ်သို့ အတူတကွ တည်ဆောက်ကြပါစို့ဟု ရည်ရွယ်ရေးသားလိုက်ရပါသည်။ ။

> ❐ မိမိနိုင်ငံသားအချင်းချင်း စိတ်ဝမ်းကွဲ သံသယပွားစေမည့် မဟုတ်မမှန်သတင်းများကို ဆင်ခြင်တုံတရားမဲ့စွာ မဖြန့်ဝေဘဲ အချက်အလက်အမှန်များဖြင့် စနစ်တကျ ခုခံကာကွယ်ခြင်းသည် လူမှုအဖွဲ့အစည်း တည်ငြိမ်အေးချမ်းရေးအတွက် အလွန်အရေးပါ . . .
>
> ❐ အွန်လိုင်းပေါ်တွင် အမုန်းတရားများကို မျိုးစေ့မချဘဲ အမှန်တရားနှင့်အပြုသဘောဆောင်သော ဆွေးနွေးမှုများဘက်မှ ခိုင်ခိုင်မာမာရပ်တည်ခြင်းဖြင့်သာ စည်းလုံးညီညွတ်သောနိုင်ငံတော်သစ်ကိုတည်ဆောက်နိုင်မည်ဖြစ် . . .

VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်

ကျုံပျော် ဧပြီ ၂၅

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ကျုံကပါရွာမကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရက် ၁၀၀ စီမံချက်ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီလ ၂၅ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများ၊ ကျေးရွာသူ၊ ကျေးရွာသားများမှ ပူးပေါင်းဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်စုစန္ဒာဌေးက ကျေးရွာလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ စီမံကိန်းနှင့်ပတ်သက်သည့်အချက်အလက်များကို ကဏ္ဍာတစ်ခုချင်းအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် ကျေးရွာရပ်မရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုအမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း၊ ကျုံကပါရွာမကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန် ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေများဖြင့် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုညီ(ကျေးလက်)**

နွေရာသီအခြေခံ ဂီတ၊ အဆို၊ အကနှင့် ပန်းချီ၊ ပန်းပုသင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် တက်ရောက်

မန္တလေး ၎ပြီ ၂၅

မြန်မာ့ရိုးရာအနုသုခုမပညာရပ်များကို တန်ဖိုးထားမြတ်နိုးတတ်စေရန်၊ အခြေခံပညာကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင်ပါဝင်သော အနုပညာဘာသာရပ် သင်ကြားမှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ဖွင့်လှစ်သင်ကြားသည့် ၂၀၂၆ ခုနှစ် နွေရာသီအခြေခံ ဂီတ၊ အဆို၊ အကနှင့် ပန်းချီ ပန်းပုသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ပိုင်းတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



ဖွင့်ပွဲသို့ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ သင်တန်းတက်ရောက်ကြမည့် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ၎ပြီလ ၂၅ ရက်မှ မေလ ၉ ရက်အထိဖွင့်လှစ်မည့် သင်တန်းတွင် မဟာဂီတကြိုးသီချင်း၊ မြန်မာ့ရိုးရာအဆိုပညာ၏အခြေခံသံစဉ်ခုနစ်ပါး၊ စန္ဒရားအခြေခံလက်လေ့ကျင့်ခန်းများ၊ အမျိုးသား၊ အမျိုးသမီးအခြေခံကဗျာလွတ် (ပထမအဆင့်) ကကွက်များ၊ ကျောင်းသားလူငယ်များ လူပုံရေးဆွဲရာတွင် လွယ်လင့်တကူ ချဉ်းကပ်ရေးဆွဲနိုင်စေရန် လူပုံရေးဆွဲနည်းများနှင့် အခြေခံကနုတ်ရေးဆွဲနည်းများ၊ ရိုးရာပန်းပုအပြင် ခေတ်ပြိုင်ပန်းပု ဖန်တီးမှုအခြေခံသဘောတရားနှင့် စွန့်ပစ်ပစ္စည်းများကိုအသုံးပြုပြီး ပန်းပုအနုပညာဖန်တီးခြင်းတို့ကို ထည့်သွင်းသင်ကြားပေးသွားမည်ဖြစ်ကြောင်း။

အနာဂတ်ခေါင်းဆောင်များဖြစ်ကြမည့် မျိုးဆက်သစ်ကျောင်းသားလူငယ်များအနေဖြင့် မိမိတို့ဝါသနာပါရာ မြန်မာ့ရိုးရာသုခုမ အနုပညာရပ်များကို နှစ်သက်မြတ်နိုးရန် လိုအပ်ကြောင်း၊ သို့မှသာ မျိုးချစ်စိတ်များ ထာဝစဉ်ရှင်သန်နေမည်ဖြစ်ကြောင်း၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရန်၊ လက်ဆင့်ကမ်းထိန်းသိမ်းသွားနိုင်ရန် မျိုးဆက်သစ်လူငယ်များအနေဖြင့် ယဉ်ကျေးမှုကိုယ်ခံအားကောင်းမွန်ပြီး မြန်မာ့သုခုမအနုပညာရပ်များကို သင်တန်းကာလအတွင်း ကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်က နွေရာသီအခြေခံ ဂီတ၊ အဆို၊ အကနှင့် ပန်းချီ၊ ပန်းပုသင်တန်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ရှင်းလင်းပြီး ဂီတပညာဌာနနှင့် သဘင်ပညာဌာနမှ ကျောင်းသား၊ ကျောင်းသူများက အဆို၊ အကများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းတက်ရောက်ကြမည့်ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေဖြင့် နယ်မြေခံဆောက်လုပ်ရေးတပ်ခွဲ(အင်ဂျင်နီယာ)က ဆောင်ရွက်လျက်ရှိသည့် သုခမ္မာဇရပ်နှစ်ဆောင်ပြန်လည်တည်ဆောက်နေမှု၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ကြီးကြပ်၍ ပြုပြင်ဆောင်ရွက်လျက်ရှိသည့် ရွှေနန်းတော်ကျောင်း ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် သုခမ္မာဇရပ်နှစ်ဆောင်ကို ၂၀၂၆ ခုနှစ် မေလဆန်းတွင် ပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ရှိ အရာထမ်း၊ အမှုထမ်းများအား အဆိုပါတက္ကသိုလ်ရှိ မဏ္ဍူသကဆောင်ခန်းမ၌တွေ့ဆုံပြီး အနုပညာဖန်တီးမှုများကိုဆောင်ရွက်သည့် အခါ ကြည့်ရှုသူစိတ်ဝင်စားမှုရှိအောင် အတွေးအခေါ်သစ်များဖြင့် ဖန်တီးထုတ်လုပ်သွားကြရန် မှာကြားသည်။

ယင်းနောက် တက္ကသိုလ်ရှိ သင်ကြားဆောင်များကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

ရောဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အထောက်အကူပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကချင်ပြည်နယ်ဒေသခံကော်မတီအဖွဲ့ဝင်များနှင့် ပြည်သူလူထုများ တွေ့ဆုံ



မြစ်ကြီးနား ၎ပြီ ၂၅

ကချင်ပြည်နယ်အတွင်း ဧရာဝတီမြစ်ဆုံ - မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာအထောက်အကူပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကချင်ပြည်နယ်ဒေသခံကော်မတီအဖွဲ့ဝင်များအနေဖြင့် ၁၄ ကြိမ်မြောက် ဒေသခံပြည်သူများအား တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲသို့ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ကချင်ပြည်နယ် ဒေသခံကော်မတီအဖွဲ့ဝင်များနှင့် Working Group အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများ၊ ဘာသာရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သူနာပြုနှင့် ပညာရေးဒီဂရီကောလိပ်ကျောင်းများမှ သင်တန်းသား၊ သင်တန်းသူများ စုစုပေါင်း အင်အား ၇၆၀ ကျော် တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ယနေ့တွေ့ဆုံပွဲသည် မိမိတို့ဒေသတွင်း လျှပ်စစ်မီးလိုအပ်ချက်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် အရေးပါသည့်တွေ့ဆုံမှုဖြစ်ကြောင်း၊ တွေ့ဆုံပွဲများမှတစ်ဆင့် လူထုသိလိုသည်များကို အလေးအနက်ထားမှတ်သား၍ တင်ပြဆောင်ရွက်လျက်ရှိကြောင်း၊ နောင်လာမည့်မျိုးဆက်သစ်များလက်ထက်တွင် ပိုမိုကောင်းမွန်သည့်အခွင့်အလမ်းများရရှိနိုင်မည့် စီမံကိန်းဖြစ်သည့်အတွက် မိမိတို့အားလုံးက ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ဧရာဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာအထောက်အကူပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကချင်ပြည်နယ်ဒေသခံကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာအောင်ဝင်း၊ ဦးတူးရိန်၊ ဦးမုန်ရိန်လ၊ ဦးနော်ထွဲနှင့် ဦးဂျန်ခုန့်(ခ) ဦးနော်ခုန့်တို့က မြစ်ဆုံစီမံကိန်းနှင့်စပ်လျဉ်း၍ ပြည်သူလူထုသိသင့်သိထိုက်သည့် အချက်များ၊ နည်းပညာဆိုင်ရာအချက်အလက်များ၊ ကမ္ဘာပေါ်ရှိ ရေအားလျှပ်စစ်အသုံးပြုသည့်နိုင်ငံများနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၊ အနာဂတ်နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းအင်လိုအပ်ချက်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာများကို သုံးသပ်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဒေသခံပြည်သူများက စီမံကိန်းနှင့်စပ်လျဉ်း၍ စိုးရိမ်မှုပန်မှုနှင့် နည်းပညာဆိုင်ရာအချက်အလက်များ၊ သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဒေသခံကော်မတီအဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးပေးကြပြီး ကော်မတီအဖွဲ့ခေါင်းဆောင် ဦးတိန့်ဆောင်က နိဂုံးချုပ်အမှာစကားပြောကြား ခဲ့ကြောင်းသိရသည်။

ပြည်နယ်(ပြန်/ဆက်)

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တွေ့ဆုံအားပေး



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄)သို့တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအတွက် အသုံးအဆောင်ပစ္စည်းများပေးအပ်စဉ်။

နေပြည်တော် ၎ပြီ ၂၅


ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄)သို့တက်ရောက်ကြမည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တပ်နယ်အားကစားရုံ၌ သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄)သို့တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအတွက် အသုံးအဆောင်ပစ္စည်းများပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

▲ ကျောဖုံးမှအဆက်

အာမခံချက်ရှိစေရေးအတွက် မိတ်ဆွေနိုင်ငံများနှင့်ညှိနှိုင်းဆွေးနွေးမှုများဆောင်ရွက်နိုင်ခဲ့ပြီး စက်သုံးဆီအပြင် အခြားရေနံထွက်ပစ္စည်းများတင်သွင်းနိုင်ရေးအတွက်လည်း သဘောတူညီမှုများရရှိထားပါသည်။



ကမ္ဘာ့စက်သုံးဆီဈေးနှုန်းများမြင့်တက်ခဲ့သော်လည်း ပြည်တွင်းစက်သုံးဆီဈေးနှုန်းများစွာမြင့်တက်သွားခြင်းမရှိစေရေးအတွက် နိုင်ငံတော်အစိုးရမှ ကြပ်မတ်ထိန်းကျောင်းဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့နိုင်ငံ၏ စက်သုံးဆီဈေးနှုန်းများသည် အရှေ့တောင်အာရှနိုင်ငံများနှင့်နှိုင်းယှဉ်ပါက သင့်တင့်သည့်ဈေးနှုန်းများဖြစ်သည်ကို တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများနှင့် စက်သုံးဆီဈေးနှုန်းများနှိုင်းယှဉ်ချက်


စဉ်	နိုင်ငံအမည်	ဓာတ်ဆီ(RON 95)	
		(USD/Liter)	(MMK/Liter)
၁	Brunei	0.417	1684.993
၂	Indonesia	0.723	2921.462
၃	Vietnam	0.902	3644.757
၄	Malaysia	1.017	4109.443
၅	Myanmar	1.215	4909.000
၆	Philippines	1.465	5919.699
၇	Cambodia	1.483	5992.432
၈	Thailand	1.646	6651.075
၉	Laos	1.775	7172.331
၁၀	Singapore	2.421	9782.656

စဉ်	နိုင်ငံအမည်	ပရီမီယမ်ဒီဇယ်ဆီ	
		(USD/Liter)	(MMK/Liter)
၁	Brunei	0.244	985.943
၂	Indonesia	0.853	3446.760
၃	Vietnam	1.068	4315.521
၄	Thailand	1.265	5111.549
၅	Cambodia	1.421	5741.906
၆	Malaysia	1.511	6105.573
၇	Myanmar	1.735	7012.000
၈	Philippines	2.051	8287.578
၉	Laos	2.170	8768.428
၁၀	Singapore	3.268	13205.171

ထို့အပြင် ကုန်စည်ပို့ဆောင်ရေးယာဉ်များသုံးစွဲရန် ရိုးရိုးဒီဇယ်ဆီများတင်သွင်းရာတွင် အခွန်အခများကင်းလွတ်ခွင့်ပြုထားသည့်အတွက် တစ်လီတာလျှင် ၅၇၅၂ ကျပ် (1.423 USD/Liter) ဖြင့် ရောင်းချပေးနိုင်လျက်ရှိပါသည်။

ရေနံစိမ်းဈေးနှုန်းမြင့်တက်မှုနှင့် စက်သုံးဆီဈေးနှုန်းမြင့်တက်မှုကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက ကုန်ကြမ်းရေနံစိမ်းဈေးမြင့်တက်မှုရာခိုင်နှုန်းနည်းပါးသော်လည်း ကုန်ချောစက်သုံးဆီဈေးနှုန်းများမှာ တစ်ဟုန်ထိုးမြင့်တက်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ရေနံစိမ်းဈေးနှုန်းနှင့်ဓာတ်ဆီ၊ဒီဇယ်ဈေးနှုန်းနှိုင်းယှဉ်ချက်အခြေပြဖယား



သို့ဖြစ်ရာ ရေနံစိမ်းကိုဝယ်ယူ၍ ကိုယ်တိုင်ချက်လုပ်ဖြန့်ဖြူးနိုင်မည်ဆိုပါက ပြည်သူများအနေဖြင့် စက်သုံးဆီကိုပိုမိုချိုသာသောဈေးနှုန်းဖြင့် သုံးစွဲနိုင်ခွင့်ရရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ရေနံချက်စက်ရုံအသစ်များ တိုးချဲ့တည်ဆောက်နိုင်ရေးစီမံဆောင်ရွက်လျက်ရှိသကဲ့သို့ စက်ရုံအဟောင်းများကိုလည်း အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိနေပါသည်။

ထို့အပြင် ရေနံစိမ်းကိုလုံလောက်စွာထုတ်လုပ်လာနိုင်ပါက ပြည်သူများအနေဖြင့် စက်သုံးဆီနှင့်ပတ်သက်၍ ကြောင့်ကြမှုများကင်းဝေးသွားမည်ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် ရေနံစိမ်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးအတွက်လည်း နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းထုတ်စက်သုံးဆီများကို သုံးစွဲသူပြည်သူများထံ တိုက်ရိုက်ဖြန့်ဖြူးပေးသည့်အနေဖြင့် မော်တော်ဆိုင်ကယ်များ၊ သုံးဘီးယာဉ်များနှင့် အချို့မော်တော်ယာဉ်များကို RON 68 ဓာတ်ဆီတစ်ဂါလန်လျှင် ၁၇၂၅ ကျပ်ဖြင့်လည်းကောင်း၊ RON 72 ဓာတ်ဆီတစ်ဂါလန်လျှင် ၁၇၇၀၇ ကျပ်ဖြင့်လည်းကောင်း၊ တောင်သူလယ်သမားများထံသို့ ဒီဇယ်တစ်ဂါလန်လျှင် ၁၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း လက်ဝယ်အရောက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ ဆက်လက်ရောင်းချပေးသွားရန်အတွက်လည်း စီမံထားရှိပြီးဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် ပြည်သူများအနေဖြင့် ရင့်ကျက်နားလည်မှုရှိသည့်စိတ်၊ ကိုယ်ချင်းစာစိတ်၊ အကောင်းမြင်စိတ်များဖြင့် အကြံဉာဏ်များပေးခြင်း၊ အသိပညာဗဟုသုတများကို လူမှုကွန်ရက်များမှ မျှဝေပေးခြင်း၊ ပြည်သူလူထုထိခိုက်နစ်နာစေသည့်အပြုအမူများကို တွေ့ရှိသည်နှင့်တစ်ပြိုင်နက် Call Center များသို့ သတင်းပို့ခြင်း၊ မီဒီယာများအနေဖြင့်လည်း ပြည်သူလူထုထင်ယောင်ထင်မှားဖြစ်စေမည့်၊ စိုးရိမ်ထိတ်လန့်မှုဖြစ်စေမည့် ခေါင်းစဉ်များဖော်ပြ၍ ရေးသားဖြန့်ဝေခြင်းမပြုမိစေရန် သတိထားဆောင်ရွက်လာခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်မှုများအား ပြုလုပ်နေကြသည့်အတွက် စက်သုံးဆီဖြန့်ဖြူးရောင်းချမှုလုပ်ငန်းစဉ်များသည် တည်ငြိမ်လာသည့်အခြေအနေသို့ ရောက်ရှိလာပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် စက်သုံးဆီပြတ်လပ်မည်ကိုစိုးရိမ်၍ တန်းစီဝယ်ယူစုဆောင်းခြင်းမျိုးမပြုလုပ်ကြပါရန်နှင့် လိုအပ်သလောက်သာဝယ်ယူသုံးစွဲခြင်းဖြင့် လူတစ်ဦးချင်းစီ၏ အချိန်ကုန်လူပင်ပန်းမှုများ သက်သာစေမည်ဖြစ်သည့်အပြင် နိုင်ငံတော်၏ နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချလာနိုင်မည်ဖြစ်သည့်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ မိဘပြည်သူများအကျိုးကိုရှေးရှု၍ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များတွင် ပိုမို၍ပူးပေါင်းပါဝင်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အဖြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၄-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	ဖော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၆၆၀	၄၈၅၅	၄၇၉၅	၄၆၈၅	၄၈၆၀	၄၈၇၀	၄၉၂၀	၄၇၆၅	၄၉၂၀	၅၂၄၀	၄၇၉၀	၄၉၀၅	၄၈၉၅	၄၈၄၅	၄၈၄၅	၅၀၆၀
95 Ron	၄၉၀၉	၅၀၉၀	၅၀၃၀	၄၉၂၀	၅၀၉၅	၅၁၀၅	၅၁၅၅	၅၀၀၀	၅၁၅၅	၅၄၇၅	၅၀၂၅	၅၁၁၀	၅၀၃၀	၅၀၈၀	၅၀၈၅	၅၂၉၅
HSD (500 ppm)	၅၇၅၂	၅၉၃၀	၅၈၇၀	၅၇၆၅	၅၉၃၀	၅၉၄၀	၅၉၉၀	၅၈၄၅	-	၆၂၉၅	၅၈၆၅	၆၂၇၀	၅၉၂၀	၅၉၂၀	၅၉၂၀	၆၁၂၀
HSD (50 ppm)	၅၀၁၂	၅၂၀၅	၅၁၄၅	၅၀၃၅	၅၂၁၀	၅၂၂၀	၅၂၇၀	၅၁၁၀	၅၂၇၀	၅၅၉၀	၅၁၄၀	၅၂၇၅	၅၂၄၅	၅၁၉၅	၅၂၀၀	၅၄၁၀
HSD (10 ppm)	၅၀၁၂	၅၂၀၅	၅၁၄၅	၅၀၃၅	၅၂၁၀	၅၂၂၀	၅၂၇၀	၅၁၁၀		၅၅၉၀	၅၁၄၀	၅၂၇၅	၅၂၄၅	၅၁၉၅	၅၂၀၀	၅၄၁၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၄၂၉	၄၅၅၂
95 Ron	၄၆၆၀	၄၇၈၇
HSD (500 ppm)	၅၄၉၅	၅၆၃၅
HSD (50 ppm)	၆၇၀၂	၆၈၆၆
HSD (10 ppm)	၆၇၀၂	၆၈၆၆

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ မြန်မာအမျိုးသားလေကြောင်းသို့ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး သွားရောက်ကြည့်ရှုစစ်ဆေး





ရန်ကုန် ဧပြီ ၂၅

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးထွန်းလူ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ မြန်မာအမျိုးသားလေကြောင်း ပျံသန်းမှုလုပ်ငန်းဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ လေယာဉ်ပြုပြင်ထိန်းသိမ်းရေးဌာနသို့ရောက်ရှိရာ အင်ဂျင်နီယာချုပ်က လေယာဉ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဖြစ်သည့် လေယာဉ်စတင်မထွက်ခွာမီနှင့် ပြန်လည်ရောက်ရှိချိန်တို့တွင် နေ့စဉ်ပုံမှန်စစ်ဆေးမှုပြုလုပ်ခြင်း၊ လေယာဉ်စက်ပစ္စည်းအစိတ်အပိုင်းများအလိုက် သတ်မှတ်သက်တမ်းပြည့်ချိန်တွင် စစ်ဆေးမှုပြုလုပ်ခြင်းစသည့် လေယာဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေကိုရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လေယာဉ်များ ဘေးကင်းလုံခြုံစွာ ပျံသန်းနိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများသည် အရေးကြီးကြောင်း၊ တာဝန်ယူဆောင်ရွက်သည့် အင်ဂျင်နီယာများအနေဖြင့် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း တိတိကျကျလိုက်နာ စစ်ဆေးဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ လေယာဉ်အပိုပစ္စည်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုအပ်ကြောင်း၊ ဌာနခွဲများအလိုက်အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းဆောင်ရွက်နိုင်ရေး စနစ်တကျ စီမံခန့်ခွဲမှုပြုလုပ်ပေးရန်လိုအပ်ကြောင်းမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။


ထို့နောက် မြေပြင်ဝန်ဆောင်မှုလုပ်ငန်းဌာနသို့ရောက်ရှိရာ ဌာနခွဲတာဝန်ခံအရာရှိက စက်၊ ယာဉ်၊ ယန္တရားများ အသုံးပြုနေမှု၊ ကြိုခိုင်ရေးအတွက် စစ်ဆေးပြုပြင်ဆောင်ရွက်နေမှုနှင့် ပြည်တွင်း/ပြည်ပလေယာဉ်များအတွက် မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ပျံသန်းရေးဌာနသို့ရောက်ရှိရာ ပျံသန်းရေးဌာနမှူးက မြန်မာအမျိုးသားလေကြောင်း နေ့စဉ်ပျံသန်းလျက်ရှိသော ခရီးစဉ်များဘေးအန္တရာယ်ကင်းရှင်းစွာ ပျံသန်းနိုင်ရေးအတွက် ပျံသန်းရေးတာဝန်ထမ်းဆောင်မည့် လေယာဉ်အမှုထမ်းများ တာဝန်မထမ်းဆောင်မီ ပြင်ဆင်ဆောင်ရွက်ရမည့် သတ်မှတ်လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်မှု ရှိ၊ မရှိ စစ်ဆေးကြပ်မတ်ခြင်း၊ လေယာဉ်များခရီးစဉ်တစ်လျှောက် ဘေးအန္တရာယ်ကင်းရှင်းစွာပျံသန်းမှု ရှိ၊ မရှိ စောင့်ကြည့်ထိန်းသိမ်းဆောင်ရွက်ခြင်း၊ နေ့စဉ်ပျံသန်းမှုဆိုင်ရာ မှတ်တမ်းအချက်အလက်များစိစစ်၍ စစ်ဆေးပြင်ဆင်ဆောင်ရွက်ရန်လိုအပ်သည့်သတင်းအချက်အလက်များကို သက်ဆိုင်ရာဌာနများသို့ ပေးပို့ကာ ပြုပြင်ဆောင်ရွက်စေခြင်း စသည့်ပျံသန်းမှုလုပ်ငန်းအတွက် ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ဆက်လက်၍မြန်မာအမျိုးသားလေကြောင်း အစည်းအဝေးခန်းမတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာအမျိုးသားလေကြောင်း စီမံခန့်ခွဲရေးအဖွဲ့ (Board of Director–BOD) များနှင့်တွေ့ဆုံကာ ATR လေယာဉ်များအင်အားအပြည့် ပျံသန်းအသုံးပြုနိုင်ရေးအတွက် ရေးဆွဲထားသည့် ပြုပြင်ရေးလုပ်ငန်းအချိန်ဇယားအတိုင်းထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ နိုင်ငံတော်ပိုင်အလံတင်လေကြောင်းလိုင်း(Flag Carrier)ဖြစ်သည်နှင့်အညီ ခရီးသွားပြည်သူများ ယုံကြည်အားကိုးရသည့်လေကြောင်းလိုင်းဖြစ်စေရေး တာဝန်ရှိသူအဆင့်ဆင့်က ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဌာနခွဲများအလိုက် လေကြောင်းလိုင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လေကြောင်းသိပ္ပံကျောင်းသင်တန်းခန်းမ၌ မြန်မာအမျိုးသားလေကြောင်းနှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှဝန်ထမ်းများအားတွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ



ဖိလစ်ပိုင်နိုင်ငံ မက်ထရိုမနီလာမြို့ဌာကျင်းပသည့် နယ်စပ်ဖြတ်ကျော် အလုပ်သမားရေးရာနှင့်စပ်လျဉ်း၍ အဆင့်မြင့်ကိုယ်စားလှယ် စကားဝိုင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တက်ရောက်

နေပြည်တော် ဧပြီ ၂၅

အာဆီယံ အလုပ်သမ်ကျဉ်ကွန်ဂရက်အဖြစ် ဖိလစ်ပိုင်နိုင်ငံကဦးဆောင်၍ နယ်စပ်ဖြတ်ကျော် အလုပ်သမားရေးရာနှင့် စပ်လျဉ်း၍ အဆင့်မြင့်ကိုယ်စားလှယ်စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က ဖိလစ်ပိုင်နိုင်ငံ မက်ထရိမနီလာမြို့ဌာကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲကို ဘေးကင်းလုံခြုံပြီး တရားဝင်သော လုပ်သားများ ရွှေ့ပြောင်းသွားလာမှုကို တိုးချဲ့ရန်၊ ရွှေ့ပြောင်းသွားလာမှုလမ်းကြောင်းတစ်လျှောက် အန္တရာယ်များကိုလျှော့ချရန်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကျိုးအမြတ်များကို ဖော်ဆောင်နိုင်ရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ပြီး ဆွေးနွေးပွဲသို့ အာဆီယံအလုပ်သမားဝန်ကြီးများနှင့်အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှကိုယ်စားလှယ်များ၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM)မှကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။



ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် ကိုယ်စားလှယ်များက လုပ်သားများ ရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ နှစ်နိုင်ငံ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု ယန္တရားများနှင့် မိတ်ဖက်ဆောင်ရွက်မှုများ၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာစီမံခန့်ခွဲမှုနှင့် ရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ပေးနေမှုများ၊ လုပ်သားများ ပြန်လည်ရောက်ရှိခြင်း၊ ပြန်လည်ပေါင်းစည်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုမှုများ၊ လူမှုဖူလုံရေးကာကွယ်စောင့်ရှောက်မှုများ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ရွှေ့ပြောင်းသွားလာမှု၊ အကျပ်အတည်းအတွက်အသင့်ပြင်ထားမှုနှင့် ဘေးအန္တရာယ်ဆိုင်ရာနေရပ်စွန့်ခွာမှုနှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု စသည်တို့အပေါ် ယင်းတို့၏အတွေ့အကြုံများ၊ စိန်ခေါ်မှုများနှင့်စပ်လျဉ်းသောနမူနာများနှင့် သင်ခန်းစာများကို ဆွေးနွေးဖလှယ်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

အင်္ဂလန်	ဆန်းဒါးလန်	၀	-	၅	နော်တင်ဟမ်	ဝက်စ်ဟမ်း	၂	-	၁	အဲဗာတန်
ပရီးမီးယားလိဂ်	ဖူလ်ဟမ်	၁	-	၀	ဗီလာ	ဝုလ်ဗ်	၀	-	၁	စပါး
ဘောလုံးပွဲရလဒ်များ	လီဗာပူး	၃	-	၁	ပဲလေ့	အာဆင်နယ်	၁	-	၀	နယူးကာဆယ်

တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး နေပြည်တော်သို့ တရားဝင်ခရီးစဉ်ရောက်ရှိ

နေပြည်တော် ဧပြီ ၂၅

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ဧပြီလ ၂၅ ရက်မှ ၂၆ ရက်အထိ တရားဝင်ခရီးစဉ် လာရောက်သည့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြကြောင်းသိရသည်။ မြဝတီ



ပညာရပ်ဆိုင်ရာရလဒ်ထွက်ပေါ်မည့် ရက် ၁၀၀ အစီအစဉ်အတွက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်မှာကြား



ရန်ကုန် ဧပြီ ၂၅

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမပရိဝုဏ်လှပတင့်တယ်ရေးဆောင်ရွက်နေမှုများကို ကြည့်ရှုသည်။

ထို့နောက် စိန်ရတုခန်းမအစည်းအဝေးခန်း၌ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတို့တွင်ရှိသည့် တက္ကသိုလ်သုံးခုတွင် Centre for Research and Innovation (CRI)ကိုစတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်တက္ကသိုလ်တွင် ရှိပြီးဖြစ်သည့် Centre for Research and Innovation (CRI)တွင် သုတေသနများလုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သော စက်ပစ္စည်းများကို ဖြည့်ဆည်း ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် သီးခြားစီဖြစ်နေသည့် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ မြန်မာစာအဖွဲ့တို့ကို ကွန်ရက်တစ်ခုတည်းအဖြစ် ချိတ်ဆက်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့နှင့် အခြားသုတေသနဌာနအဖွဲ့အစည်းများအကြား ပိုမိုနီးကပ်စွာ ချိတ်ဆက်ဆောင်ရွက်သွားကြစေလိုကြောင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်အဖွဲ့ဝင်များက မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၏ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး သုတေသနစာတမ်းများနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အမှုဆောင်အဖွဲ့ဝင်များ၏ အကြံပြုချက်များနှင့် စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် စိန်ရတုခန်းမအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များနှင့်တွေ့ဆုံ၍ နိုင်ငံတော်အစိုးရသစ်နှင့်အတူ ရန်ကုန်တက္ကသိုလ်၏ ရက် ၁၀၀ အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းသည် သုတေသနလုပ်ငန်းဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဘာသာရပ်တစ်ခုတည်း မဟုတ်ဘဲ ဌာနများအချင်းချင်း သုတေသနပညာရှင်များ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ သုတေသနစာတမ်းများရေးသားရာတွင် အရေအတွက်ထက် အရည်အသွေးရှိသော စာတမ်းများကို ပိုမိုအလေးထားရေးသားကြစေလိုကြောင်း၊ ရန်ကုန်တက္ကသိုလ်ကို သုတေသနကဏ္ဍတွင် ဦးဆောင်နိုင်သည့် တက္ကသိုလ်တစ်ခုအဖြစ် မြှင့်တင်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)ရှိ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းသို့ရောက်ရှိရာ ရက်ပေါင်း ၁၀၀ အတွင်း Pilot Project အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည့် Football for School Programme နှင့် အခြေခံပညာကဏ္ဍတွင် ဗဟင်းတန်နှင့် ပြည့်ဝသော ကျောင်းများဖြစ်စေရန်အတွက် Smart School အဖြစ်ဆောင်ရွက်နိုင်ရေး ကျောင်းဝင်းအတွင်းရှိ FIFA school mini football field နှင့် စာသင်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)သို့ရောက်ရှိရာ အားကစားခန်းမအဆင့်မြှင့်တင်ခြင်း၊ အပန်းဖြေရိပ်သာ (Recreation Centre)တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကမာရွတ်မြို့နယ်၊ သထုံလမ်းရှိ တက္ကသိုလ်အားကစားလေ့ကျင့်ရေးဘောလုံးကွင်းများ၊ တက္ကသိုလ်ရေကူးကန်နှင့် ရန်ကုန်တက္ကသိုလ်၊ တက္ကသိုလ်များလေ့လော်အသင်းတို့ကို အဆင့်မြှင့်တင်နိုင်ရေး လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။ မြဝတီ

ဓာတ်သတ္တုဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ရှင်းလင်း

နေပြည်တော် ဧပြီ ၂၅

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ဒုတိယဝန်ကြီး ဦးခင်လတ်ကြီးနှင့် ဒေါက်တာသောင်းနိုင်ဦး၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့် အတူ ယမန်နေ့က မြန်မာနိုင်ငံ၏ ဓာတ်သတ္တုသယံဇာတဖြစ်ထွန်းမှုများနှင့် ဓာတ်သတ္တုများရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းတို့ ဆောင်ရွက်နေသည့် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၏ ဓာတ်သတ္တုဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည့် အစည်းအဝေးသို့တက်ရောက်သည်။

ဦးစွာ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ ဘူမိဗေဒနှင့် ဘူမိသိပ္ပံဆိုင်ရာ နည်းပညာရပ်များ၊ ဓာတ်သတ္တုသယံဇာတဖြစ်ထွန်းမှုများနှင့် အရေးပါသောတွင်းထွက်များ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း စသည့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဓာတ်သတ္တုကဏ္ဍသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခန်းကဏ္ဍမှပါဝင်နေ၍ ဌာနအလိုက် ပညာရှင်များအနေဖြင့် ဓာတ်သတ္တုသယံဇာတများကို တိုးချဲ့ရှာဖွေပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သည့် သုတေသနစွမ်းဆောင်ရည်မြှင့်တင်ခြင်း လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန်၊ အရေးပါသောတွင်းထွက် ဓာတ်သတ္တုများ ရှာဖွေစမ်းသပ်တိုင်းတာခြင်းများကို ဦးစားပေးဆောင်ရွက်သွားရန်၊ ခေတ်မီ အတတ်ပညာနှင့် နည်းပညာများကို စဉ်ဆက်မပြတ်လေ့လာကြရန်နှင့် တရားမဝင် ဓာတ်သတ္တုတူးဖော်မှုများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဓာတ်သတ္တုဖြစ်ထွန်းမှု တည်နေရာပြမြေပုံများ၊ ဘူမိဗေဒမြေပုံများနှင့် ကျောက်နမူနာ၊ ဓာတ်သတ္တုနမူနာများကို လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ မြဝတီ



မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၈·c	/	၃၉·c
ရန်ကုန်	၂၅·c	/	၃၈·c
မန္တလေး	၃၁·c	/	၄၂·c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

၂၅-၄-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

President of the Republic of the Union of Myanmar U Min Aung Hlaing receives member of the Political Bureau of the Communist Party of China Central Committee and Minister for Foreign Affairs H.E. Mr. Wang Yi and delegation

NAY PYI TAW April 25

President of the Republic of the Union of Myanmar U Min Aung Hlaing received a delegation led by member of the Political Bureau of the Communist Party of China Central Committee and Minister for Foreign Affairs H.E. Mr. Wang Yi at the Presidential Palace Reception Hall in Nay Pyi Taw this afternoon.

During the call, the President expressed his pleasure and honor regarding the congratulatory message sent by the President of the People's Republic of China, H.E. Mr. Xi Jinping, within an hour of his election—a gesture that demonstrates the seriousness with which China views its relationship with Myanmar. He then thanked H.E. Mr. Wang Yi for visiting so soon after the new administration took office. The President affirmed that, during its term, the government will further strengthen relations and cooperation between Myanmar and China.

In his discussions, the Chinese Foreign Affairs Minister relayed a congratulatory message and good wishes from PRC President H.E. Mr. Xi Jinping on His Excellency U Min Aung Hlaing's election as President. China demonstrated its seriousness regarding Myanmar and its people by sending this message within an hour of the presidential election process and dispatching a delegation to attend the inauguration ceremony. The PRC Foreign Minister stated, "I believe Myanmar will become a nation achieving long-term development under the leadership of His Excellency, the President." He further noted that China would continue to accelerate progress on issues that benefit both countries and the socio-economic lives of their peoples. He also promised that China would maintain its support for Myanmar on the international stage.

Afterward, the President and the PRC Foreign Affairs Minister cordially exchanged views on improving diplomatic relations and friendship. They discussed the establishment of a "community with a shared future," as well as China's steadfast support for Myanmar's path to success—one that is appropriate to Myanmar's situation and supported by its people. They also deliberated on matters relating to unwavering support for State peace and stability, ethnic reconciliation, and social harmony. Furthermore, they discussed continuing bilateral cooperation to ensure border stability, trade facilitation, and internal peace. Regarding the damage caused by the Mandalay earthquake, the two discussed China's continuous assistance for rehabilitation and reconstruction. Talks also covered opportunities to promote cooperation in international relations and the ASEAN Community. They sought ways to enhance Myanmar's participation in ASEAN, noting that the country had successfully held a multi-party democracy general election and that the government is now steering the nation toward democracy. Other topics included Myanmar's support for President Xi Jinping's four-point proposal for peace in the Middle East, as well as cementing cooperation in border trade, energy, minerals, agriculture, technology, and anti-online scam and gambling initiatives and promoting the existing friendship and cooperation between the two countries.



President of the Republic of the Union of Myanmar U Min Aung Hlaing holds talks with member of the Political Bureau of the Communist Party of China Central Committee and Minister for Foreign Affairs H.E. Mr. Wang Yi.

The President and PRC Foreign Affairs Minster exchanged commemorative gifts and posed for documentary photos together with the attendees.

Also present at the call were Minister at the President's Office U Khin Maung Yi, Union Minister for Home Affairs Lt-Gen Nyunt Win Swe, Union Minister for Foreign Affairs U Tin Maung Swe,and Vice Chairman of National Solidarity and Peacemaking Central Committee Lt-Gen Yar Pyae. The PRC FM was accompanied by Ambassador of PRC to Myanmar H.E. Ms. Ma Jia, the deputy minister of foreign affairs of China and members of the delegation. **100**



President U Min Aung Hlaing and Minister for Foreign Affairs H.E. Mr. Wang Yi exchange commemorative gifts.

Farmers expand cultivation of vegetables in Kanbalu Township

KANBALU April 25

Local farmers could expand sown acreage of vegetables on the croplands in Kanbalu Township of Sagaing Region this year, according to the Township Agriculture Department.

During the 2025-2026 winter crop season, Kanbalu Township authorities earmarked to cultivate 7,426 acres of vegetable crops. Planting began in October 2025, and to date, 7,515 acres have been planted, exceeding the original target.

In Kanbalu Township, the Department of Agriculture has supported vegetable farmers by providing technical training on GAP cultivation methods, guidance to ensure that vegetables produced from farms meet health and safety standards, and assistance to encourage the expansion of vegetable cultivation.

Kanbalu Township annually cultivates a wide range of seasonal vegetables. These crops are reported to be growing successfully and contributing to household incomes. The Township Department of Agriculture has also been providing awareness and technical guidance to prospective vegetable growers on correct cultivation methods, pest prevention, and the production and use of natural fertilizers, natural pesticides, and bio-pesticides. **SK**

►► From Page - 21

commenced area clearance operations, launching successive counter-offensives to regain footholds and penetrate enemy positions. Subsequently, they successfully recaptured Thayagon Village (temporarily held by terrorists on October 27, 2025), Nat Chaung Bridge (October 30), Point 2244 hill (November 3), Kennedy Hill and Webula Camp (November 4), Point 2064 hill (November 8), Thaing Ngin Camp (November 9), Point 1361 hill (November 17), Zaung Kawng Village (November 26), Zwe Lei Village (February 2, 2026), Htin Shu Camp Village (February 10), Par Thae Village (March 31), Var Bridge (April 19), Khun Li Village (April 22), Point 1710 hill, Kyaung Hin Shar Village, and Soon Haran Village (April 23), as well as Surbung Airport and See Zar Maw Village (April 24). Finally, today, on April 25, the military columns have completely and permanently recaptured and brought under their control Falam Town, which had been temporarily occupied by the terrorists.





Photo documentation of terrorist insurgents building bunkers inside government buildings, religious buildings, and residential buildings in Falam Town to use as temporary defensive camps.





Weapons and ammunition seized from the joint terrorist insurgent groups operating under the name CDF.

As the town has been successfully recaptured, the desire of local people to return to their native land and property in peace of mind and to lead peaceful lives for their socio-economic lives without fearing the threats of life, intimidation and concerns has been fulfilled.

The Tatmadaw columns fought relentlessly against the enemies without regard their lives to control Falam and the area phase by phase and launch a total of 109 major fighting/skirmishes, seizing 19 enemy bodies, 33 assorted weapons, ammunition and paraphilia while some officers and other ranks had to sacrifice their lives nobly for the Tatmadaw and the State.

CDF so-called terrorists, while taking temporary control of Falam and its surrounding areas, built bunkers at religious buildings, schools, departmental buildings, hospitals and residential buildings to fight against Tatmadaw columns, used the people as human shield and buildings as defence structures and looted valuable things, foodstuffs and household items by breaking into houses and shops. As a result, local residents including the elderly and children had to flee to nearby towns and villages in great difficulties out of abhorrence and hatred.





Weapons and ammunition seized from the joint terrorist insurgent groups operating under the name CDF.





Bodies of the joint terrorist insurgent groups operating under the name CDF.

Tatmadaw columns are taking measures to enable the temporarily displaced local residents to return to Falam safely, to operate government functions as soon as possible and to give priority to clearing the landmines laid wickedly by terrorist insurgents and plans are underway to rebuild the schools, hospitals/clinics, departmental and office buildings, religious edifices and residential quarter in cooperation with local residents. Security forces will accelerate conter-terrorism operations to completely eliminate terrorist insurgents in Chin State.

The government has invited EAOs to peace talks without preconditions with the aim of solving political issues through political means and ending armed conflicts.. Therefore, members of the Myawady news team would like to convey the message that it is time for armed groups including the PDFs to grasp the opportunity to take the correct path.

100

Chinese car brands shine at auto show in Riga

RIGA April 25

The annual Baltic Motor Show Riga "Auto 2026" was held in the Latvian capital this weekend, with Chinese car brands shining in AI and EV segments.

The event was held at the Kipsala International Exhibition Center in the Latvian capital on April 24-26, with some vehicle models making their debuts at the Latvian and the Baltic market.

Chinese automakers showed the latest technologically advanced models.

The latest P7+ sedan of Chinese carmaker Xpeng was displayed on Friday in the auto show, the first time in the Baltics. With this model, Xpeng offers a sedan equipped with technologies that enable autonomous driving using AI tools.



The car brands, Jaecoo and Omoda, which represent Chinese auto manufacturer Chery, also made their debut in Riga this year.

Latvian Climate and Energy Minister KasparsMelnis said that the motor show has been a special trade fair as it offers visitors a unique opportunity to see various cars in real life.

Andris Kulbergs, president of Latvia's Auto Association, noted that Chinese automakers have learned how to make really good-looking cars and enhanced them technically.

Lv Anqi, economic and commercial counsellor at the Chinese Embassy in Latvia, said that Chinese auto brands have successively entered the Latvian market in recent years. It not only highlights the capabilities of China's automotive industry, but also offers Latvian consumers a wider range of high-quality and environmentally friendly options.

The counsellor added that with bilateral cooperation deepening continuously, Chinese carmakers will enjoy broad prospect in Latvia and inject fresh momentum into China-Latvia economic and trade relations and mutually beneficial cooperation.

Xinhua

Russia's Dmitriev says countries will cooperate once world defeats 'globalist virus'

MOSCOW April 25

Kirill Dmitriev, the head of the Russian Direct Investment Fund (RDIF) and Russia's special presidential representative for investment and economic cooperation with foreign countries, said on Saturday that the countries of the world will cooperate with each other when they defeat the "globalist virus."

"Imagine Russia, the US, China, the EU, India and other countries working together once the world overcomes the globalist virus," Dmitriev said on X.

Dmitriev was commenting on remarks by French President Emmanuel Macron, who claimed that the United States, Russia, and China had supposedly joined forces to confront Europe.

Sputnik

Tehran denies new talks with Trump's envoys

TEHRAN April 25

Tehran has denied that Iranian Foreign Minister Abbas Araghchi's trip to Islamabad will include new talks with Washington, pushing back on reports that US President Donald Trump is dispatching envoys Steve Witkoff and Jared Kushner to Pakistan to restart negotiations.

Iranian Foreign Ministry spokesman Esmaeil Baqaei said in a post on X early Saturday morning that "no meeting is planned to take place between Iran and the US" during the visit and that Tehran's views would instead be conveyed to Pakistan.

Araghchi himself said he was embarking on a "timely tour" of Islamabad, Muscat, and Moscow in order to "closely coordinate" with partners on bilateral issues and consult on regional developments. Iranian state media said the three-leg trip is part of Tehran's ongoing diplomatic effort to secure an end to US-Israeli aggression.

The denial came after the White House announced that Trump's envoys Steve Witkoff and Jared Kushner would travel to Islamabad for a new round of talks, while Vice President J.D. Vance would remain on "standby" and could still be dispatched if negotiations progress far enough to justify his involvement. While Tehran has insisted that no new US talks are on the agenda for this visit, AP reported that the sides could still hold indirect discussions through Pakistani mediation rather than direct face-to-face negotiations.

Tehran's ambassador to Moscow, Kazem Jalali, told RT that Iran is not seeking war but is ready to respond, insisting the country remains open to diplomacy if Washington abandons its bullying. Iranian officials, including Parliament speaker Mohammad Bagher Ghalibaf, have previously accused the US of trying to turn negotiations into "a table of surrender" after failing to achieve victory on the battlefield.

RT

China donates climate aid to Gabon under South-South cooperation

LIBREVILLE April 25

The Chinese Embassy in Gabon donated a batch of climate aid to Gabon's Ministry of Water and Forests, Environment, Climate, in charge of Human-Wildlife Conflict, on Friday.

Developing clean energy is an important component of Gabon's national strategy, and China's aid fully reflects the two countries' shared vision for promoting sustainable development, said Maurice Ntossui Allogo, head of the ministry, at a handover ceremony in Libreville, capital of Gabon.

Thanking China for the donation, the minister said the aid will help Gabon reduce dependence on fossil fuels and enhance its capacity to address climate change.

Chinese Ambassador to Gabon Zhou Ping said the donation, mainly solar power generation equipment, aims to alleviate electricity shortages in Gabon's remote areas and contribute to local economic development and people's well-being.

China is ready to continue strengthening cooperation with Gabon in clean energy to enhance the country's green and low-carbon transition and sustainable development, Zhou said.

In April 2023, China and Gabon signed a joint statement establishing a comprehensive strategic cooperative partnership, under which China pledged to provide Gabon with climate change assistance within the framework of South-South cooperation.

Xinhua

U.S. won't renew Iranian, Russian oil waivers: Treasury Secretary

NEW YORK April 25

U.S. Treasury Secretary Scott Bessent said Friday that exemptions allowing for the purchase of Russian oil already at sea would not be renewed after the current license expires on May 16.

"I wouldn't imagine that we'd have another extension. I think the Russian oil on the water has been largely sucked up," Bessent said in an interview with the U.S. media.

A renewal of the one-time waiver for Iranian oil at sea is totally off the table, Bessent said. "We have the blockade, and there's no oil coming out," he said.

The United States first issued a 30-day license in March allowing shipments of Russian oil loaded by March 11, aiming to ease global supply shortages stemming from the Middle East conflict. It then extended the license for another 30 days on April 17.

Xinhua

Tatmadaw columns completely recapture and regain control of Falam Town and the entire region, temporarily held by terrorist insurgent groups operating under the name CDF

NAY PYI TAW April 25

Falam Town, the second capital of Chin State, is a hill town where state, district, and township offices are located. To its north lies Tedim Township, and to its south lies Hakha Township. Near Falam Town, there is an airstrip at Surbung Mountain, making it the first town in Chin State to have an airport. From Falam, one can travel to Kalay Township in Sagaing Region, and via Falam-Hakha to Gangaw Township in Magway Region. It is a strategically located and peaceful town.

In such a peaceful hill region, the CRPH, NUG terrorist groups incited and encouraged groups posing as CDF to recruit and train local civilians—who were living honestly and peacefully—by promising democracy and regional development as political incentives. They indoctrinated them with terrorist training, turning them into violent actors who destroyed the lives, property, and wealth of local residents. Aiming to disrupt government administrative mechanisms and hinder development, these groups, under the name of the Chin Brotherhood Operation, waged battles in towns and villages and attacked lightly defended military outposts using overwhelming force. On November 8, 2024, they launched a major assault on Falam Town against the local garrison regiment and security forces responsible for the town's security. In response, the security forces fought back valiantly, disregarding their own lives, with a spirit to fight until the last bullet and person, and the determination never to surrender. However, the terrorists, using superior forces obtained through coercion and forced recruitment, and using local ethnic civilians as human shields, attacked the security forces. To avoid harming ethnic civilians and to minimize damage to homes, religious buildings, schools, and hospitals, the security forces defended themselves with restraint. After six months of defensive operations, and due to increasing casualties, the security forces tactically withdrew in an orderly manner on May 6, 2025, allowing the terrorist insurgents to temporarily occupy Falam Town.

To recapture Falam Town, a capital of a Chin State district, as quickly as possible and to destroy the CDF terrorist insurgents, the military columns made necessary preparations, regrouped, and enhanced command and support functions in Kalay and Tedim towns. Coordinating ground and air forces in a balanced manner, they divided into columns and

See Page - 19►►

Military columns recapture Falam Town, which had been temporarily held by terrorist insurgents operating under the name CDF.





Falam Town People's Hospital recaptured.





Department of Human Resources for Health, Nurse Training School in Falam Town recaptured.





Falam Town People's Hospital, which terrorist insurgents had temporarily turned into a defensive camp and destroyed by planting and detonating mines.





Photo documentation of terrorist insurgents building bunkers inside government buildings, religious buildings, and residential buildings in Falam Town to use as temporary defensive camps.

မြန်မာ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဧပြီ ၂၅

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင်မောင်ဆွေသည် နေပြည်တော်သို့ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ည နေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။



အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးပိုမိုခိုင်မာစေရေး၊ အေးအတူပူအမျှအသိုက်အဝန်း ထူထောင်ထားရှိမှု၊ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အရှိန်အဟုန်မြှင့်တင်နိုင်ရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ နှစ်နိုင်ငံနယ်စပ်တစ်လျှောက် တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းရန် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာအစိုးရ၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို တရုတ်နိုင်ငံကပံ့ပိုးကူညီရေး၊ မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံမှ ပံ့ပိုးကူညီသွားရေး၊ နယ်စပ်ဒေသများတွင် အွန်လိုင်းလိမ်လည်မှုများနှင့် တရားမဝင်လုပ်ငန်းများဆောင်ရွက်နေခြင်းကိုတိုက်ဖျက်ရာ၌ နှစ်နိုင်ငံအိမ်နီးချင်းကောင်းဝိသစ္စာဖြင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ဒေသတွင်းနှင့်နိုင်ငံတကာမျက်နှာစာများတွင် အပြန်အလှန်ထောက်ခံရပ်တည်သွားရေးနှင့် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား အစဉ်တစိုက်ထောက်ခံပေးခြင်းနှင့် ကူညီပံ့ပိုးမှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒကိုထောက်ခံရပ်တည်ပါကြောင်း၊ တရုတ်သမ္မတ မစ္စတာ ရှီကျင့်ဖျင်အဆိုပြုထားသော ကမ္ဘာလုံးဆိုင်ရာ အစီအမံလေးခုကိုလည်း ထောက်ခံပါကြောင်း၊ အရှေ့အလယ်ပိုင်း ဒေသငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်း ဆိုင်ရာအဆိုပြုချက်လေးချက်ကို ထောက်ခံပါကြောင်း၊ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပုံမှန်ဆွေးနွေးတိုင်ပင်ညှိနှိုင်းမှုများ ပိုမိုတိုးတက်စေရေး၊ ကိုဗစ်-၁၉ ကပ်ဘေးကာလအတွင်း ပေးကမ်းကူညီခဲ့သော တရုတ်အစိုးရနှင့် ပြည်သူများအား ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi က မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် အစိုးရသစ်တစ်ရပ်ဖွဲ့စည်းပြီးနောက် ယခုလိုလည်ပတ်ခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဆက်လက်ပံ့ပိုးမည်ဖြစ်ပါကြောင်း၊ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကိုအခြေခံသည့် မြန်မာနိုင်ငံက ယုံကြည်အားကိုးနိုင်လောက်သော အိမ်နီးချင်းနိုင်ငံအဖြစ် ရပ်တည်မည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပိုမိုနီးကပ်သည့် ပူးပေါင်းမှုမြှင့်တင်သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုပိုမိုခိုင်မာစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြီးအကဲများအကြား သဘောတူညီချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ရေး ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ ကဏ္ဍစုံတွင်အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားမည်ဖြစ်ပါကြောင်းနှင့် နှစ်နိုင်ငံအကြားရှိ စီမံကိန်းများကို အရှိန်အဟုန်မြှင့်၍ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

နှစ်နိုင်ငံဆွေးနွေးပွဲအပြီးတွင် မန္တလေးငလျင်ဒဏ်သင့် ဘုန်းတော်ကြီးများနှင့် သီလရှင်ကျောင်းများအတွက် တရုတ်နိုင်ငံအစိုးရကလှူဒါန်းသည့် အသင့်နေအိမ်များ လွှဲပြောင်းလက်ခံခြင်းဆိုင်ရာ စာလွှာလဲလှယ်ခြင်းနှင့် မြန်မာအာကာသအေဂျင်စီနှင့် တရုတ်အမျိုးသားအာကာသစီမံခန့်ခွဲမှုဌာနတို့အကြား အာကာသပူးပေါင်းဆောင်ရွက်မှုနှင့် အာကာသဟင်းလင်းပြင်ငြိမ်းချမ်းစွာအသုံးပြုမှုဆိုင်ရာ နားလည်မှုစာချွန်လွှာလဲလှယ်ခြင်းတို့ကို နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများ ရှေ့မှောက်တွင် ပြုလုပ်ခဲ့သည်။

ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ Jasmine Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ အဆိုပါညစာစားပွဲသို့ မြန်မာအာကာသအေဂျင်စီမှ အမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **မြဝတီ**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို





တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြစဉ်။

နေပြည်တော် ဧပြီ ၂၅

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း)။ မူဆယ်ဒေသတစ်ဝိုက် နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နေ့လယ်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတွမ်မြို့ ရှိနယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအားစွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်ပန်းကုံးများဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာသောင်းသောင်းဖြဖြကြိုဆို ဂုဏ်ပြုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေနှင့် အသုံးအဆောင်ပစ္စည်းများပေးအပ်သည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(၁၀၀)**

အဝေးပြေးလမ်းမများ ပြုပြင်ထိန်းသိမ်းရေး ရန်ပုံငွေမပေးသည့် ဗဟိုအစိုးရကို နယူးယောက်ပြည်နယ် တရားစွဲ

နယူးယောက်၊ ပြည်တွင်းရေး

နယူးယောက်ပြည်နယ် အစိုးရသည် အဝေးပြေးလမ်းမကြီးများ ပြုပြင်ထိန်းသိမ်းရေးအတွက်ချထားပေးရမည့် ရန်ပုံငွေများကို ဗဟိုအစိုးရက ဆိုင်းငံ့ထားသည့်အပေါ် တရားဥပဒေကြောင်းအရ စတင်တရားစွဲလိုက်ကြောင်း သိရသည်။

နယူးယောက်ပြည်နယ် ရှေ့နေချုပ်ထံတင်ပြသည့် တရားစွဲဆိုချက်တွင် အိမ်ဖြူတော်အနေဖြင့် ထိုရန်ပုံငွေများကို မတရားတားဆီးထားခြင်းသည် ပြည်နယ်အတွင်းရှိ လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို ထိခိုက်စေရုံသာမက လမ်းဘေးကင်းလုံခြုံရေးအတွက် လုပ်ဆောင်နေသည့်စီမံကိန်းများကိုပါ နှောင့်နှေးစေလျက်ရှိသည်ဟုဖော်ပြထားသည်။

ထရမ့်အစိုးရအဖွဲ့ကမူ အဆိုပါရန်ပုံငွေများကို ဆိုင်းငံ့ထားခြင်းသည် ပြည်နယ်အစိုးရ၏ အချို့သောမူဝါဒဆိုင်ရာလိုက်နာမှုများနှင့် ဆက်စပ်နေသည်ဟု တုံ့ပြန်ထားသော်လည်း နယူးယောက်ပြည်နယ်ဘက်ကမူ ယခုလုပ်ရပ်သည် နိုင်ငံရေးအရ တိုက်ခိုက်ခြင်းသာဖြစ်သည်ဟု စွပ်စွဲထားသည်။

Ref: Xinhua

ဂျာမနီက ဟော်မုရေလက်ကြားသို့ မိုင်းရှင်းရေယာဉ်တစ်စင်း စေလွှတ်မည်

ဘာလင်၊ စစ်ရေး

ဂျာမနီနိုင်ငံသည် အမေရိကန်-အီရန် ပဋိပက္ခပြီးဆုံးပြီးနောက် ဟော်မုရေလက်ကြားတွင်အသုံးပြုရန် မိုင်းရှင်းရေယာဉ်တစ်စင်းကို မကြာမီစေလွှတ်သွားမည်ဖြစ်ကြောင်း ဂျာမန်ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဧပြီလ ၂၅ ရက်တွင်ပြောသည်။

ထို့ပြင် နိုင်ငံအများအပြားသည်လည်း ၎င်းတို့အနေဖြင့် ဟော်မုရေလက်ကြားခြံဘေးကင်းရေးအတွက် မိုင်းရှင်းရေးလုပ်ငန်းများတွင်ပါဝင်သွားမည်ဖြစ်ကြောင်းပြောထားသည်။ အလားတူ အမေရိကန်နိုင်ငံသည် အီရန်နှင့်ပူးပေါင်း၍ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဟု တာဝန်ရှိသူများကပြောထားသော်လည်း အီရန်ဘက်ကမူ ယင်းပြောဆိုချက်ကို အတည်မပြုထားကြောင်းသိရသည်။

Ref: AGC

အမေရိကန်ကိုယ်စားလှယ်များနှင့် ဆွေးနွေးမည်ဟူသော သတင်းကို အီရန်ငြင်းဆို



အစ္စလာမ်မာဘတ်၊ နိုင်ငံရေး

အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်အာရက်ချီ၏ ပါကစ္စတန်နိုင်ငံခရီးစဉ်တွင် အမေရိကန်အစိုးရနှင့် ဆွေးနွေးမှုအသစ် ပြုလုပ်မည်ဟူသောသတင်းများကို အီရန်အစိုးရက ဧပြီလ ၂၅ ရက်အစောပိုင်းတွင် ငြင်းဆိုလိုက်သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၎င်း၏ကိုယ်စားလှယ်များဖြစ်သော စတီဝစ်ကော့နှင့် ဂျရတ်ကုရှနာတို့ကို ဆွေးနွေးပွဲများ ပြန်လည်စတင်ရန် ပါကစ္စတန်သို့ စေလွှတ်သွားမည်ဟူသော သတင်းများထွက်လာပြီးနောက် အီရန်ဘက်က ယခုကဲ့သို့တုံ့ပြန်ခြင်းဖြစ်သည်။

ထိုခရီးစဉ်အတွင်း အီရန်နှင့် အမေရိကန်တို့ကြား မည်သည့်တွေ့ဆုံမှုမျှပြုလုပ်ရန် အစီအစဉ်မရှိကြောင်းနှင့် အီရန်အစိုးရ၏ သဘောထားများကို ပါကစ္စတန်အစိုးရထံသို့သာ အသိပေးသွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အစ္စမေးဘာကေးအီကပြောသည်။ နိုင်ငံခြားရေးဝန်ကြီး၏ ပါကစ္စတန်၊ အိုမန်နှင့်ရုရှားနိုင်ငံခရီးစဉ်များသည် ဒေသတွင်းဖြစ်ပေါ်တိုးတက်မှုများနှင့် နှစ်နိုင်ငံကိစ္စရပ်များကို မဟာမိတ်များနှင့် ညှိနှိုင်းတိုင်ပင်ရန်ဖြစ်ပြီး အမေရိကန်နှင့်အစ္စရေးတို့၏ ကျူးကျော်မှုများရပ်တန့်သွားစေရန် သံတမန်ရေးအရကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း အီရန်နိုင်ငံပိုင်သတင်းဌာနများက ဖော်ပြထားသည်။

အမေရိကန်ဘက်တွင်မူ အိမ်ဖြူတော်ကကိုယ်စားလှယ်နှစ်ဦးကို အစ္စလာမ်မာဘတ်သို့စေလွှတ်မည်ဖြစ်ကြောင်း ကြေညာထားပြီး ဆွေးနွေးမှုများတိုးတက်မှုရှိပါက ဒုတိယသမ္မတ ဂျေဒီဗန့်ကိုပါ ထပ်မံစေလွှတ်ရန် အသင့်ပြင်ထားကြောင်း သိရသည်။

Ref: RT

ဖိလစ်ပိုင်ရဲတပ်ဖွဲ့က တရားမဝင်စီးကရက် ထုတ်လုပ်ဖြန့်ဖြူးရေး အဖွဲ့ကို ဖြိုခွင်း

မနီလာ၊ မှူခင်း

ဖိလစ်ပိုင်ရဲတပ်ဖွဲ့က နိုင်ငံအတွင်းတရားမဝင်စီးကရက်ထုတ်လုပ်ဖြန့်ဖြူးရေးအဖွဲ့ကိုဖြိုခွင်းပြီး ဆက်စပ်ပစ္စည်းများကိုသိမ်းဆည်းလိုက်ကြောင်း ဒေသတွင်းသတင်းဌာနများက ဧပြီလ ၂၅ ရက်တွင်ထုတ်ပြန်ထားသည်။

ရဲတပ်ဖွဲ့အနေဖြင့် အဆိုပါဖြိုခွင်းမှုကို ယခုသီတင်းပတ်အစောပိုင်းတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယင်းတရားမဝင်ကွန်ရက်က ၂၀၂၅ ခုနှစ် တတိယသုံးလပတ်ကတည်းကစ၍ လည်ပတ်နေခြင်းဖြစ်ကြောင်းနှင့် ယခုဖြိုခွင်းမှုတွင် ပီဆိုသန်း ၈၀၀ နီးပါးရှိကုန်ကြမ်းပစ္စည်းများနှင့် ထုတ်လုပ်ရေးပစ္စည်းများကို သိမ်းဆည်းရမိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန အတွင်းဝန်တစ်ဦးကပြောသည်။

ယခုကဲ့သို့ ဖမ်းဆီးနိုင်မှုသည် အလွန်အရေးကြီးကြောင်း၊ ထိုကဲ့သို့ တရားမဝင်လုပ်ငန်းများကြောင့်ပြည်သူ့ကျန်းမာရေးနှင့် အခြားလိုအပ်သော လူမှုရေးဝန်ဆောင်မှုများတွင်အသုံးပြုရမည့် အကောက်ခွန်ငွေ ပီဆိုဘီလီယံနှင့်ချီ၍ ဆုံးရှုံးနေရကြောင်း ၎င်းကပြောသည်။

Ref: Xinhua

အမေရိကန်အစိုးရက သွင်းကုန်အခွန်များအနက် ဒေါ်လာ ၁၅၉ ဘီလီယံကို ပြန်ပေးမည်



ဝါရှင်တန်၊ ပြည်တွင်းရေး

အမေရိကန်အစိုးရအနေဖြင့် ကောက်ခံရရှိထားသည့် သွင်းကုန်အခွန်များအနက် ဒေါ်လာ ၁၅၉ ဘီလီယံကိုပြန်ပေးရမည်ဟူသော တရားရုံးချုပ်၏ဆုံးဖြတ်ချက်သည် ဆိုးရွားလှကြောင်း သမ္မတဒေါ်နယ်ထရမ့်ကဝေဖန်ထားသော်လည်း တရားရုံးချုပ်၏ ဆုံးဖြတ်ချက်အရ အဆိုပါငွေပမာဏကို အစိုးရက ပြန်ပေးသွားမည်ဖြစ်ကြောင်း ပြောထားသည်ဟုသိရသည်။

အဆိုပါ သွင်းကုန်အခွန်များကို ထရမ့်၏ကုန်သွယ်ရေးမူဝါဒ တစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၂၅ ခုနှစ်တွင် စတင်ကောက်ခံခဲ့ခြင်းဖြစ်သော်လည်း ယင်းသို့ကောက်ခံခြင်းသည် အစိုးရအဖွဲ့အနေဖြင့် လုပ်ပိုင်ခွင့်အာဏာကို ကျော်လွန်လုပ်ဆောင်ခဲ့သည်ဟု တရားရုံးများက နောက်ပိုင်းတွင် စီရင်ချက်ချမှတ်ခဲ့ခြင်းဖြစ်သည်။

တရားရုံးချုပ်၏ အဆိုပါဆုံးဖြတ်ချက်ထွက်ပေါ်လာပြီးနောက် သမ္မတ ထရမ့်က ၎င်း၏မကျေနပ်မှုကို ထုတ်ဖော်ပြောဆိုခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ သွင်းကုန်အခွန်မှငွေအမြောက်အမြားကို ပြန်ပေးအပ်ရမည့် အခြေအနေသည် အစိုးရ၏ ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေးစီမံချက်များအပေါ် သက်ရောက်မှုရှိလာနိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။ အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်များအတွက် ထိုစီရင်ချက်သည်၎င်းတို့ပေးဆောင်ခဲ့ရသည့် အကောက်ခွန်များ ပြန်လည်ရရှိမည့် အခွင့်အလမ်းတစ်ရပ် ဖြစ်လာသည်။

Ref: Sputnik

ထိုင်းနိုင်ငံအနေဖြင့် ပင်လယ်ပြင်နယ်နိမိတ် MoU ကို ဖျက်သိမ်းပါက ဝမ်းနည်းရမည်ဟု ကမ္ဘောဒီးယားဆို


ဖနွမ်းပင်၊ နိုင်ငံရေး

နှစ်နိုင်ငံကြားချုပ်ဆိုထားသည့် ပင်လယ်ပြင်နယ်နိမိတ်ဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) မှတစ်ဖက်သတ်နုတ်ထွက်ရန် ထိုင်းနိုင်ငံအနေဖြင့်ဆုံးဖြတ်ခဲ့ပါက အလွန်အမင်း ဝမ်းနည်းရမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားအစိုးရက ဧပြီလ ၂၅ ရက်တွင်ပြောသည်။

၂၀၁၁ ခုနှစ်တွင် လက်မှတ်ရေးထိုးထားသော ပင်လယ်ပြင်အငြင်းပွားနယ်မြေဆိုင်ရာနားလည်မှုစာချွန်လွှာ(MoU-2001) သည် လုပ်ထုံးလုပ်နည်းဆိုင်ရာသဘောတူညီချက်တစ်ခုထက်မကဘဲ နှစ်နိုင်ငံကြားအကျိုးတူ သယံဇာတပူးပေါင်းထုတ်ယူရေးနှင့် နယ်နိမိတ်သတ်မှတ်ရေးတို့ကို နိုင်ငံတကာဥပဒေနှင့်အညီ အကောင်းဆုံးဆောင်ရွက်ရန် နှစ်ဖက်စလုံး၏ စစ်မှန်သောဆန္ဒကို ဖော်ပြနေခြင်းဖြစ်သည်ဟု ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထိုင်းနိုင်ငံအနေဖြင့် ယင်း MoU-2001 ကို တစ်ဖက်သတ်ဖျက်သိမ်းခြင်းသည် စာချုပ်ချုပ်ဆိုစဉ်ကအခြေခံထားသည့် ပူးပေါင်းဆောင်ရွက်ရေးစိတ်ဓာတ်မှ သွေဖည်သွားခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယားဘက်က ဝေဖန်ထားသည်။ထို့ပြင်ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် အဆိုပါနားလည်မှုစာချွန်လွှာပါ အချက်အလက်များနှင့် စိတ်ဓာတ်ကို ဆက်လက်ထိန်းသိမ်းကာ တည်တည်ကြည်ကြည် လိုက်နာသွားမည်ဖြစ်ကြောင်း အတည်ပြုထားသည်ဟုသိရသည်။

Ref: Xinhua



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ဒဿမအကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ နားသ အလှူတော်မင်္ဂလာပြုလုပ်

နေပြည်တော် ၈ပြို ၂၅

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ဒဿမအကြိမ်မြောက် စုပေါင်း ရဟန်းခံ၊ ရှင်ပြု၊ နားသ အလှူတော်မင်္ဂလာအခမ်းအနားကို ၈ပြိုလ ၂၄ ရက်နေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့ရှိ ချမ်းမြေဂုဏ်ဝေ ပရဟိတသာသနာပြုကျောင်းတိုက်၌ ပြုလုပ်ရာ အဆိုပါကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သောဘိတ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုဝင်းနှင့်တာဝန်ရှိသူများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့်တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ စစ်သည်၊ မိသားစုဝင်များတက်ရောက်ကြသည်။

ဦးစွာရဟန်းလောင်းများနှင့်ရှင်သာမဏေများအား ခိုလမ်မြို့အတွင်းရှိ တန်ခိုးကြီးဘုရား၊ စေတီ၊ ပုထိုးများနှင့် ရွှေစည်းခုံစေတီတော်ကြီးတို့၌ ရှင်လောင်းလှည့်လည်ဆုံးမခြင်း၊ ဥပသမ္ပဒ ကမ္မဝါရွတ်ဖတ်ကာ ဥပသမ္ပဒကံဆောင်မြင့်မြတ်သော ရဟန်းဘောင်အဖြစ်သို့ သွတ်သွင်းခြင်းတို့ကို ဆောင်ရွက်တော်မူကြပြီး အလှူရှင်များက ပင့်သံဃာတော်များ၊ ဒုလ္လဘရဟန်းများနှင့် ရှင်သာမဏေများအား သိမ်ဆင်းဆက်ကပ်လောင်းလှူကြသည်။

ထို့နောက် နှစ်စဉ်မြို့နယ်သံဃနာယကဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဏ္ဍညထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များအား နာယူကြည်ညိုကြ၍ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ချမ်းမြေဂုဏ်ဝေ ပရဟိတသာသနာပြုကျောင်းတိုက်ဆရာတော်ထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ဒဿမအကြိမ်မြောက် စုပေါင်း ရဟန်းခံ၊ ရှင်ပြု၊ နားသ အလှူတော်မင်္ဂလာအခမ်းအနားပြုလုပ်စဉ်။

မော်ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ၈ပြို ၂၅

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ ဝါးနက်ချောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်(၃၈)ပါးနှင့် ဒေသခံပြည်သူ ၁၁၆ ဦးအား အဆိုပါကျေးရွာရှိပါရမီဖြည့်ကျောင်းတိုက်၌လည်းကောင်း၊ လှည်းကူးမြို့နယ်၊ မအူကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှသံဃာတော် ၁ ပါးနှင့် ဒေသခံပြည်သူ ၆၁ ဦးအား အဆိုပါကျေးရွာရှိ မဟာစည်မာန်အောင်သာသနာ့ရိပ်သာကျောင်းတိုက်၌လည်းကောင်း အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူများအား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးသည်။

ဆက်လက်၍ ယနေ့နံနက်ပိုင်းတွင် ချမ်းမြေဂုဏ်ဝေ ပရဟိတသာသနာပြုကျောင်းတိုက်တွင် ဒုလ္လဘ ရဟန်းလောင်း ၃၇ ပါးတို့အား ရဟန်းခံခြင်းဆိုင်ရာ ဆောင်ရွက်ဖွယ်ရာ သံဃကိစ္စများဖြစ်သည့် ဥပဇ္ဈာယ်ယူခြင်း၊ ရဟန်းလောင်းကြီး ချမ်းမြေဂုဏ်ဝေ ပရဟိတသာသနာပြုကျောင်းတိုက်၌ ရဟန်းလောင်း(၃၇)ပါး၊ ရှင်သာမဏေလောင်း(၁၄)ပါးနှင့် သာသနာနယ်ဝင်သီလရှင်လောင်း(၆)ပါးတို့အား ဆံချမင်္ဂလာပြုလုပ်ကြသည်။ ထို့နောက် တက်ရောက်လာကြသူများက ချမ်းမြေဂုဏ်ဝေပရဟိတသာသနာပြုကျောင်းတိုက်ဆရာတော်ထံတွင် ငါးပါးသီလခံယူဆောက်တည်ကြပြီး ရဟန်းလောင်းများ၊ ရှင်သာမဏေလောင်းများအား သာသနာ့ဘောင်အတွင်းသို့ သွတ်သွင်းချီးမြှင့်ပေးကြသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်ရှိ မဟာစည်ဩဝါဒခံ၊ ဆင်များရှင်သာသနာ့ရိပ်သာ၌ သံဃာတော်များ၊ သာသနာနယ်ဝင်သီလရှင်များ၊ ဒေသခံပြည်သူများအား အဆိုပါရိပ်သာရှိ ဗေဒါရွှေကြာ(၅)ထပ်ကျောင်းဆောင်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၃ပါး၊ သာသနာနယ်ဝင်သီလရှင် ၈ ပါးနှင့် ဒေသခံပြည်သူ ၁၁၁ ဦးအား သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောဆွေးနွေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များနှင့် တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



သံဃာတော်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

တန့်ယန်းတပ်နယ်ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

နေပြည်တော် ၈ပြို ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းတပ်နယ်ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများက တန့်ယန်းတပ်နယ်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာတိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြေကြားနှိုင်းဆွေးနွေးပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ ဘဝအဆင့်အတန်းမြှင့်တင်ရေးအတွက် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများအား ပေးအပ်စဉ် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ၈ပြို ၂၅

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

(မိုး/၈၀)

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) သွားဆရာဝန်များမှ မြောင်းမြမြို့နယ် ကျေးရွာများသို့ ကွင်းဆင်းကုသပေး



မြောင်းမြ ဧပြီ ၂၅

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)မှတွဲဖက်ပါမောက္ခဒေါက်တာသိန်းထွန်းဦး ဦးဆောင်သောဆေးတက္ကသိုလ်ဆရာ၊ ဆရာမများ၊ အလုပ်သင်ဆရာဝန်များနှင့်ဆရာ၊ ဆရာမများပါဝင်သောအဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် မြောင်းမြမြို့ မြစန္ဒာရပ်ကွက် သဒ္ဓမ္မဝံသကျောင်းတိုက်မမွာရုံ၌ဒေသခံပြည်သူများအား သွားနှင့်ခံတွင်းကျန်းမာရေးဟောပြောပွဲများ ဆောင်ရွက်ခြင်းနှင့် စစ်တမ်းကောက်ယူခြင်း၊ ဆေးဝါးကုသပေးခြင်းအား ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အိမ်မဲမြို့နယ်ရွာသစ်ကျေးရွာသို့ တွဲဖက်ပါမောက္ခဒေါက်တာသိန်းထွန်းဦးပါဝင်သောအဖွဲ့မှလည်းကောင်း၊ မြောင်းမြမြို့ မြစန္ဒာရပ်ကွက်သို့ ဒေါက်တာဒေါ်ခင်အေးသန်းပါဝင်သောအဖွဲ့မှလည်းကောင်း သွားနှင့်ခံတွင်းဆေးဝါးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။ ဒေသခံပြည်သူများ ဆေးဝါးကုသခံယူနေမှုများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်စန္ဒာအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက အားပေးစကားပြောကြားသည်။ အဆိုပါသွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)မှ တွဲဖက်ပါမောက္ခဒေါက်တာသိန်းထွန်းဦး ဦးဆောင်သည့်အဖွဲ့သည် မြောင်းမြမြို့နယ်သို့ ဧပြီလ ၂၂ ရက်မှ ၂၅ ရက်ထိ လေးရက်တိုင် သွားနှင့်ခံတွင်းကျန်းမာရေးအတွက် ကျေးရွာခြောက်ရွာကိုစစ်တမ်းကောက်ယူခြင်းနှင့် ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၀၇)

(၇၅)နှစ်ပြည့် စိန်ရတုသဘင်အထိမ်းအမှတ် အဂ္ဂမဟာစိန်ရတုကျောင်းတော်ကြီး ကျောင်းဆိုင်းဘုတ်နှင့် ကမ္ဘည်းမော်ကွန်းတို့အား ဖွင့်လှစ်ခြင်းမင်္ဂလာအခမ်းအနားပ



ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့မင်းကျောင်းပထမပြန်စာသင်တိုက်၏ (၇၅)နှစ်ပြည့် စိန်ရတုသဘင်အထိမ်းအမှတ် အဂ္ဂမဟာ စိန်ရတုကျောင်းတော်ကြီး ကျောင်းဆိုင်းဘုတ်နှင့်ကမ္ဘည်းမော်ကွန်းတို့အား ဖွင့်လှစ်ခြင်းမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်မင်းကျောင်းပထမပြန်စာသင်တိုက်ကျောင်းဝင်း၌ ကျင်းပသည်။

အခမ်းအနားကို သန်လျင်မင်းကျောင်းပထမပြန်စာသင်တိုက် နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရုအဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ကြသည်။

ထို့နောက် သန်လျင်မင်းကျောင်းပထမပြန်စာသင်တိုက် နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရုအဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ အလှူရှင်များဖြစ်ကြသည့် ဦးဝင်းကျော်နှင့် ဦးအိုက်ရီတို့က အဂ္ဂမဟာစိန်ရတုကျောင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တာဝန်ရှိသူများက ကျောင်း၏ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြကာ ကမ္ဘည်းမော်ကွန်းအား အမွေးနုံသာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် သန်လျင်မင်းကျောင်းပထမပြန်စာသင်တိုက် နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရုအဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် အလှူရှင်များက အလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါကျောင်းအား ၂၀၂၄ ခုနှစ် နိုဝင်ဘာလက ပန်းက်တော်တင်၍ အုတ်မြစ်တော်စိုခဲ့ပြီး ၂၀၂၆ ခုနှစ် ဧပြီလတွင် တည်ဆောက်ပြီးစီးခဲ့သည်။

ဆက်လက်ပြီး (၇၅)နှစ်ပြည့် စိန်ရတုသဘင်၊ (၃၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ဩဝါဒခံယူပွဲကို မွန်းလွဲပိုင်းတွင် အဆိုပါကျောင်း၌ကျင်းပရာ သန်လျင်မင်းကျောင်းပထမပြန်စာသင်တိုက်တွင် ပညာဆည်းပူးခဲ့ကြသည့် အနယ်နယ် အရပ်ရပ်မှ မင်းကျောင်းနွယ်ဖွား သာသနာအရှင်သူမြတ်များ၊ တပည့်ဒါယကာများ၊ ဒါယိကာမများက သန်လျင်မင်းကျောင်းပထမပြန်စာသင်တိုက် နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရုအဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအား ကြည်ညိုပူဇော်ခဲ့ကြကြောင်း သိရသည်။

လင်းခန့်

ဘ ကျောဖုံးမှအဆက်

စဉ်	ရထားအမှတ်	ခရီးစဉ်		ထွက်ခွာ/ဆိုက်ရောက်ချိန်		စုစုပေါင်းကြာမြင့်ချိန်
		မှ	သို့	ထွက်ချိန်	ရောက်ချိန်	
၁	အမှတ်(၅)အဆန်	ရန်ကုန်	မန္တလေး	၀၆:၀၀	၁၆:၀၀	(၁၀)နာရီ
၂	အမှတ်(၆)အစုန်	မန္တလေး	ရန်ကုန်	၀၆:၀၀	၁၆:၁၀	(၁၀)နာရီ(၁၀)မိနစ်

ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်တစ်လျှောက် ရပ်တန့်ဘူတာများမှာ တိုးကြောင်ကလေး၊ ပဲခူး၊ ညောင်လေးပင်၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်၊ ရမည်းသင်း၊ သာစည်၊ ကျောက်ဆည်ဘူတာတို့ဖြစ်ပြီး လက်မှတ်ခန့်နှုန်းထားမှာ အထက်တန်းဒွေကျပ် (၄၈၀၀၀)နှင့် ပထမတန်းဒွေကျပ် (၃၄၀၀၀)တို့ဖြစ်သည်။

ရန်ကုန် - နေပြည်တော် - ရန်ကုန်ခရီးစဉ်တစ်လျှောက် အမှတ်(၃၁)အဆန်/ အမှတ်(၃၂)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား အောက်ပါအချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်။ လမ်းခရီး၌ တိုးကြောင်ကလေး၊ ပဲခူး၊ ဒိုက်ဦး၊ တောင်ငူ၊ ပျဉ်းမနားဘူတာတို့၌ ရပ်တန့်ပေးသွားမည်ဖြစ်ပြီး လက်မှတ်ခန့်နှုန်းထားမှာ ယခင်အတိုင်းဖြစ်သည်။

စဉ်	ရထားအမှတ်	ခရီးစဉ်		ထွက်ခွာ/ဆိုက်ရောက်ချိန်		စုစုပေါင်းကြာမြင့်ချိန်
		မှ	သို့	ထွက်ချိန်	ရောက်ချိန်	
၁	အမှတ်(၃၁)အဆန်	ရန်ကုန်	နေပြည်တော်	၁၀:၀၀	၁၅:၀၀	(၅)နာရီ
၂	အမှတ်(၃၂)အစုန်	နေပြည်တော်	ရန်ကုန်	၁၀:၀၀	၁၅:၀၀	(၅)နာရီ

ရန်ကုန်-နေပြည်တော်-ရန်ကုန်ခရီးစဉ်တစ်လျှောက်အမှတ်(၇)အဆန်/အမှတ်(၈)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား အောက်ပါအချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်။ လမ်းခရီး၌ တိုးကြောင်ကလေး၊ ပဲခူး၊ ဖြူး၊ တောင်ငူ၊ ပျဉ်းမနားဘူတာတို့၌ ရပ်တန့်ပေးသွားမည်ဖြစ်ပြီး လက်မှတ်ခန့်နှုန်းထားမှာ ယခင်အတိုင်းဖြစ်သည်။

စဉ်	ရထားအမှတ်	ခရီးစဉ်		ထွက်ခွာ/ဆိုက်ရောက်ချိန်		စုစုပေါင်းကြာမြင့်ချိန်
		မှ	သို့	ထွက်ချိန်	ရောက်ချိန်	
၁	အမှတ်(၇)အဆန်	ရန်ကုန်	နေပြည်တော်	၁၂:၃၀	၁၇:၃၀	(၅)နာရီ
၂	အမှတ်(၈)အစုန်	နေပြည်တော်	ရန်ကုန်	၁၂:၃၀	၁၇:၃၀	(၅)နာရီ

ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်တွင်ပြေးဆွဲမည့် အမှတ်(၅)အဆန်/ အမှတ်(၆)အစုန် DEMU လူစီးအမြန်ရထားများနှင့် ရန်ကုန်-နေပြည်တော်-ရန်ကုန်ခရီးစဉ်တွင်ပြေးဆွဲနေသော အမှတ်(၃၁)အဆန်/ အမှတ်(၃၂)အစုန်၊ အမှတ်(၇)အဆန်/ အမှတ်(၈)အစုန် လေအေးပေးစက်ပါ DEMU လူစီးအမြန်ရထားများ၏ ထိုင်ခုံလက်မှတ်များအား Online Railways Ticketing and Payment (ORTP) System ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်းနှင့် ရထားစီးနင်းမှုများပြားလာသည်နှင့်အမျှ ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားအနေဖြင့် ရထားခရီးစဉ်များတိုးချဲ့ပြေးဆွဲပေးခြင်း၊ ရထားတွဲများထပ်မံချိတ်ဆက်ပြေးဆွဲခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

အင်အားအနည်းငယ်ရှိသော မြေလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဧပြီ ၂၅

ယနေ့မြန်မာစံတော်ချိန် ၂၁ နာရီ၊ ၄၅ မိနစ်၊ ၁၁ စက္ကန့်အချိန်တွင် ညောင်ဦးမြေလျင်စခန်းမှ အနောက်-အနောက်မြောက်ဘက် မိုင် ၂၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပေါက်မြို့၏ တောင်-အရှေ့တောင်ဘက် ၁၅ မိုင်ခန့် အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၂၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၆၂ ဒီဂရီ၊ အနက် ၁၀၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄.၂ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/၈လ)

လူငယ်ဘဝမှာအရက်သောက်ခြင်းက တစ်သက်စာ ဦးနှောက်ထိခိုက်မှုဖြစ်စေနိုင်



အသက် ၂၀ ကျော်အရွယ်မှာ စိတ်ဖိစီးမှုတွေကိုကျော်လွှားဖို့အတွက်အရက်သောက်တတ်တဲ့အလေ့အထဟာ နောင်တစ်ချိန်မှာ ဦးနှောက်ကို ရေရှည်ထိခိုက်စေနိုင်တယ်လို့ သုတေသနအသစ်တစ်ခုက သတိပေးလိုက်ပါတယ်။


အသက်ကြီးလာတဲ့အခါ အရက်ဖြတ်ထားရင်တောင်မှ ငယ်စဉ်တုန်းက အရက်သောက်ခဲ့တဲ့ဒဏ်တွေက ဦးနှောက်ထဲမှာ ကျန်နေခဲ့နိုင်တယ်လို့ ဆိုပါတယ်။ အဓိကကတော့ ဦးနှောက်ထဲမှာဆုံးဖြတ်ချက်ချတာနဲ့ စိတ်ဖိစီးမှုတို့ကို ထိန်းချုပ်ပေးတဲ့ အစိတ်အပိုင်း ပျက်စီးသွားခြင်းကြောင့် ဖြစ်ပါတယ်။

ပုံမှန်ဆိုရင် စိတ်ဖိစီးမှုပြီးသွားတာနဲ့ အဲ့ဒီအစိတ်အပိုင်းက အနားယူသွားရမှာ ဖြစ်ပေမယ့် အရက်သောက်ခြင်းနဲ့အတူ စိတ်ဖိစီးမှုဒဏ်ကို လူငယ်ဘဝမှာ အလွန်အမင်းခံထားရရင် အဲ့ဒီစနစ်က ကောင်းကောင်း အလုပ်မလုပ်တော့ပါဘူး။ ဒါကြောင့် သက်လတ်ပိုင်းရောက်လာတဲ့အခါ အခြေအနေအသစ်တွေနဲ့ လိုက်လျောညီထွေနေထိုင်နိုင်စွမ်း လျော့နည်းသွားတာမျိုး ဖြစ်တတ်ပါတယ်။

ဒါဟာ သူငယ်ပြန်ရောဂါတို့၊ အယ်ဇိုင်းမားရောဂါတို့ရဲ့ အစောပိုင်းလက္ခဏာတွေနဲ့ ဆင်တူနေတာကြောင့် လူငယ်ဘဝမှာ အရက်သောက်တာဟာ ကိုယ့်ရဲ့ဦးနှောက်တည်ဆောက်ပုံကိုပါ ပြောင်းလဲပစ်နိုင်လို့ အထူးသတိထားသင့်ကြောင်း ပညာရှင်တွေက အကြံပြုထားပါတယ်။ **Ref: STD**

ကိုထက်

လူသားလိုတွေးခေါ်နိုင်တဲ့ Geely ရဲ့ Eva Cab အမည်ရှိ Robotaxi ထွက်ရှိလာ



တရုတ်ကားကုမ္ပဏီဖြစ်တဲ့ Geely က ဉာဏ်ရည်တု (AI) နည်းပညာကိုအခြေခံပြီး သီးသန့် ဒီဇိုင်းထုတ်ထားတဲ့ Eva Cab အမည်ရှိ ပထမဆုံးသော Robotaxi ကို မိတ်ဆက်လိုက်ပါတယ်။ ဒီကားဟာ သာမန်ကားတွေကို ပြန်ပြင်ထားတာမျိုးမဟုတ်ဘဲ AI စနစ်နဲ့ အဆင့်မြင့်အလိုအလျောက်မောင်းနှင်မှုစနစ်တွေကို တစ်ပါတည်းပေါင်းစပ်တည်ဆောက်ထားတာဖြစ်ပါတယ်။

Eva Cab ရဲ့ ထူးခြားချက်တွေကို ကြည့်မယ်ဆိုရင် ပထမဆုံးအနေနဲ့ လူသားထက်သုံးဆပိုမြန်တဲ့တုံ့ပြန်မှုရှိတာတွေ့ရပါတယ်။ ဒီစနစ်ဟာ လူသားယာဉ်မောင်းတစ်ဦးထက် သုံးဆပိုမိုမြန်ဆန်စွာတုံ့ပြန်နိုင်ပြီး အချက်အလက်တွေကိုလည်း အလွန်လျင်မြန်စွာ တွက်ချက်နိုင်စွမ်းရှိတာပါ။

ဒုတိယအချက်ကတော့ ကျွမ်းကျင်ယာဉ်မောင်းလို တွေးခေါ်နိုင်စွမ်းရှိတာပဲ ဖြစ်ပါတယ်။ Geely ရဲ့ နည်းပညာအသစ်ကြောင့် ဒီကားဟာ လမ်းကြောင်းတွေကို လူသားတစ်ယောက်လိုပဲ အခြေအနေအရ ခန့်မှန်းမောင်းနှင်နိုင်ပါတယ်။ ဒါကြောင့် လမ်းအမှတ်အသားမရှိတဲ့ ကျေးလက်လမ်းတွေမှာတောင် အခက်အခဲမရှိမောင်းနှင်နိုင်မှာဖြစ်ပြီး နေ့စဉ်ကြုံတွေ့နေရတဲ့ လမ်းအခြေအနေ ဥဇု ရာခိုင်နှုန်းကို ကိုင်တွယ်ဖြေရှင်းနိုင်မယ်လို့ Geely ကုမ္ပဏီကထုတ်ပြန်ထားပါတယ်။ **Ref: IE**

ကိုထက်

အမေရိကန်ရဲ့ ဒရုန်းကနေပစ်ခတ်နိုင်တဲ့ ဘန်ကာဖျက်ပုံး စမ်းသပ်မှုအောင်မြင်



အမေရိကန်က ဒရုန်းကနေတစ်ဆင့် ပစ်ခတ်နိုင်တဲ့ ဘန်ကာဖျက်ထိပ်ဖူးတပ်ဗုံးသီးကို စစ်မြေပြင်စမ်းသပ်မှုအတွင်း အောင်မြင်စွာ ပစ်ခတ်နိုင်ခဲ့တယ်လို့သိရပါတယ်။ ဒီစမ်းသပ်မှုမှာ အလွန်ကိုခိုင်မာစွာတည်ဆောက်ထားတဲ့ မြေအောက်ပစ်မှတ်တစ်ခုကို တိတိကျကျချေမှုန်းနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒီစနစ်ရဲ့ ထူးခြားချက်ကတော့ သမားရိုးကျလေယာဉ်တွေနဲ့သွားဖို့ ခက်ခဲလှတဲ့ နေရာတွေကို ဒရုန်းအသုံးပြုပြီး အဝေးမှလှမ်းပစ်နိုင်တာပဲဖြစ်ပါတယ်။ အဆင့်မြင့် နည်းပညာပါဝင်တာကြောင့် မြေအောက် ဒါမှမဟုတ် ကွန်ကရစ်အထပ်ထပ်နဲ့ ခံစစ်ပြင်ထားတဲ့နေရာတွေကို အလွယ်တကူ ထိုးဖောက်ဖျက်ဆီးနိုင်စွမ်းရှိပါတယ်။

စစ်မြေပြင်စမ်းသပ်မှုအတွင်းမှာ ဗုံးဟာ ပစ်မှတ်ကိုအမှားအယွင်းမရှိ ထိမှန်နိုင်ခြင်းအားဖြင့် သူ့ရဲ့အဖျက်စွမ်းအားကိုသက်သေပြနိုင်ခဲ့ပါတယ်။ ဒါဟာ အနာဂတ်စစ်ပွဲတွေမှာ လူအင်အားအထိအခိုက်နည်းနည်းနဲ့ ရန်သူ့ရဲ့အရေးပါတဲ့ အဆောက်အအုံတွေကို အဝေးကနေချေမှုန်းနိုင်စေမယ့် နည်းပညာအသစ်တစ်ခုဖြစ်လာမှာဖြစ်ကြောင်း သိရပါတယ်။ **Ref: IE**

ကိုထက်


ဆီးချိုဆေး မက်ဖော်မင်က HIV ဗိုင်းရပ် ပြန်မပွားလာအောင် တားဆီးပေးနိုင်ခြေရှိ

ဆီးချိုရောဂါအတွက် အသုံးများတဲ့ မက်ဖော်မင် (Metformin) ဆေးဟာ HIV ဗိုင်းရပ်ပြန်လည်ပွားများလာမှုကို တားဆီးပေးနိုင်တဲ့အစွမ်းရှိနေတယ်လို့ သုတေသနအသစ်တစ်ခုက ဖော်ပြလိုက်ပါတယ်။ အဲဒီဆေးဟာ HIV ဗိုင်းရပ်ကို ခန္ဓာကိုယ်ထဲမှာ ငုပ်လျှိုးနေအောင် လုပ်ဆောင်ပေးတဲ့ မျိုးဗီဇတွေကို လှုံ့ဆော်ပေးနိုင်တာကြောင့် ဖြစ်ပါတယ်။

ပုံမှန်ဆိုရင် HIV ပိုးရှိသူတွေဟာ ဆေးသောက်တာရပ်လိုက်တာနဲ့ ပိုးတွေက ပြန်ပြီးပွားလာလေ့ရှိပါတယ်။ ဒါပေမဲ့ပညာရှင်တွေက HIV ပိုးရှိသူအချို့အနေနဲ့ ဆေးကိုမသောက်ဘဲနေတာတောင်မှ ပိုးတွေက ဘာလို့ငြိမ်နေတာလဲဆိုတာကို လေ့လာခဲ့ရာမှာ ကလာပ်စည်းတွေထဲမှာရှိတဲ့ မျိုးဗီဇအချို့က HIV ဗိုင်းရပ်ကို သော့ခတ်ထားသလိုမျိုး လုပ်ဆောင်နေတယ်ဆိုတဲ့အချက်ကိုတွေ့ရှိခဲ့တာပါ။ အထူးသဖြင့် မက်ဖော်မင်ဆေးဟာ အဲဒီလိုသော့ခတ်ပေးတဲ့စနစ်ကို ပိုပြီးအားကောင်းစေတာ ဖြစ်ပါတယ်။

မက်ဖော်မင်ဆေးဟာ ဘေးကင်းပြီး ဈေးသက်သာတဲ့ ဆေးမျိုးဖြစ်တဲ့အတွက် HIV ပိုးကို ရေရှည်ထိန်းချုပ်ထားနိုင်စေဖို့ မျှော်လင့်ချက်အသစ် ဖြစ်လာပါတယ်။ လက်ရှိမှာတော့ ဒီဆေးကို HIV ကုထုံးမှာ အမှန်တကယ်အသုံးပြုလို့ရအောင် လက်တွေ့စမ်းသပ်မှုတွေ ထပ်မံလုပ်ဆောင်ဖို့ စီစဉ်နေတယ်လို့ Gladstone Institutes မှ သုတေသီ နာဒီယာရှန်းကပြောထားတာတွေ့ရပါတယ်။ **Ref: STD**

ကိုထက်



ပညာရှင်များက ကမ္ဘာပေါ်မှာအလွန်ရှားပါးတဲ့ အာဂွန်အိုင်ဆိုတုပ်ကို တိုက်ရိုက်ရှာဖွေတွေ့ရှိ

သိပ္ပံပညာရှင်တွေဟာ ကမ္ဘာပေါ်မှာ ရှာဖွေရအခက်ဆုံးလို့ဆိုရမယ့် အာဂွန်-၃၉ (Argon-39) အိုင်ဆိုတုပ်ကို ပထမဆုံးအဖြစ် တိုက်ရိုက်ရှာဖွေတွေ့ရှိပြီလို့သိရပါတယ်။ ဒီအိုင်ဆိုတုပ်ဟာ ဂဏန်းအရေအတွက်အားဖြင့် တစ်သန်းမှာတစ်ခုနှုန်းလောက်သာရှိတဲ့ အလွန်ရှားပါးတဲ့အရာပါ။

ဒီရှာဖွေတွေ့ရှိမှုဟာ အဏုဗြူရူပဗေဒလောကအတွက် တကယ်ကို ကြီးမားတဲ့ခြေလှမ်းတစ်ခုပါ။ သိပ္ပံပညာရှင်တွေဟာ ဒီအိုင်ဆိုတုပ်ကို ရှာဖွေဖို့အတွက် အလွန်အမင်းအထိခိုက်မခံတဲ့ အာရုံခံကိရိယာတွေကို အသုံးပြုခဲ့ရပါတယ်။ အာဂွန်-၃၉ ကို အောင်မြင်စွာ တိုင်းတာနိုင်တာကြောင့် သမုဒ္ဒရာရေစီးကြောင်းတွေရဲ့ သက်တမ်းကို တွက်ချက်တာ၊ ကမ္ဘာ့အောက်ခြေက ရေထုတွေ ဘယ်လောက်ကြာပြီလဲဆိုတာတွေကို




သိပ္ပံနည်းကျဆန်းစစ်ရာမှာ အများကြီး အထောက်အကူဖြစ်လာတော့မှာပါ။

အခုနည်းပညာဟာ စကြဝဠာထဲက ပဟေဠိတစ်ခုဖြစ်တဲ့ အမှောင်ဒြပ်ထုတွေကို ရှာဖွေရာမှာလည်း အခြေခံအုတ်မြစ်တစ်ခုဖြစ်လာနိုင်တယ်လို့ ပညာရှင်တွေက မျှော်လင့်ထားကြပါတယ်။ အခုလို ရှာဖွေတွေ့ရှိမှုဟာ သဘာဝတရားရဲ့ အသေးငယ်ဆုံးသောအစိတ်အပိုင်းတွေကို လူသားတွေအနေနဲ့ပိုမိုနားလည်လာစေဖို့အချက်ပြလိုက်တာပဲ ဖြစ်ပါတယ်။ **Ref: IE**

ကိုထက်



တပ်မတော်စစ်ကြောင်းများက CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် ဆူရ်ဘုန်လေဆိပ်အား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖလမ်းမြို့အား အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်။

❍ **ကျောဖုံးမှအဆက်**

ဒီမိုကရေစီအရေးနှင့် ဒေသကောင်းစားရေးဟု နိုင်ငံရေးမက်လုံးများဖြင့် စည်းရုံးသိမ်းသွင်း၍ အကြမ်းဖက်သင်တန်းများပို့ချပေးခဲ့သည်။ ထိုသို့အကြမ်းဖက်သမားများအဖြစ်မွေးထုတ်ပေးကာ နယ်မြေခံပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်များကို ဖျက်ဆီးပြီး အစိုးရအုပ်ချုပ်ရေးယန္တရားများ ပျက်စီးကာ ဖွံ့ဖြိုးတိုးတက်မှုနောင့်နေးစေရန်ရည်ရွယ်၍ ချင်းညီနောင်စစ်ဆင်ရေးအမည်ဖြင့် မြို့ရွာများတွင် တိုက်ပွဲများဖော်ဆောင်ခြင်း၊ လုံခြုံရေးအားနည်းသောတပ်စခန်းငယ်များကို အင်အားအလုံးအရင်းအသုံးပြု၍ တိုက်ခိုက်ခြင်းများလုပ်ဆောင်လျက်ရှိရာ ဖလမ်းမြို့အား ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်တွင် အင်အားအလုံးအရင်းဖြင့် မြို့လုံခြုံရေးဆောင်ရွက်နေသည့် နယ်မြေခံတပ်ရင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ထိုသို့တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျည်တစ်တောင့်၊ လူတစ်ယောက်ကျန်သည်အထိ တိုက်ရဲသည့်စိတ်ဓာတ်၊ လေ့ခွက်ချည်းကျန်အလံမလဲသည့်စိတ်ဓာတ်များဖြင့် အသက်ကိုပဓာနမထားဘဲ ရဲရဲဝံ့ဝံ့ဖြင့် ပြန်လည်ခုခံတွန်းလှန်ခဲ့ကြသော်လည်း အကြမ်းဖက်သမားများအနေဖြင့် အတင်းအဓမ္မခြိမ်းခြောက် လူသစ်စုဆောင်းခြင်းဖြင့် ရရှိလာသော သာလွန်အင်အားများကို အသုံးပြုကာ ဒေသခံတိုင်းရင်းသားပြည်သူလူထုအား လူသားတံတိုင်းအဖြစ် အသုံးချ၍ တိုက်ခိုက်လာခြင်းတို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တိုင်းရင်းသားပြည်သူများ ထိခိုက်မှုမရှိစေရန်နှင့် ပြည်သူလူထု၏နေအိမ်များ၊ သာသနိကအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံ ဆေးခန်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရေးအတွက် ထိန်းထိန်းသိမ်းသိမ်းဖြင့် ခုခံခဲ့သည်။ထိုသို့စစ်ဆင်ရေးကာလ (၆)လကြာမျှ ခုခံခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ထိခိုက်၊ ဒဏ်ရာရရှိမှု များပြားလာမှုများကြောင့်လုံခြုံရေးတပ်ဖွဲ့ဝင်များသည်စစ်နည်းဗျူဟာမြောက်ကြားခံစစ်အဆင့်ဆင့်ဖြင့် ၂၀၂၅ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် စနစ်တကျဆုတ်ခွာခဲ့ရသဖြင့် အကြမ်းဖက်သောင်းကျန်းသူများသည် ဖလမ်းမြို့အား ယာယီစိုးမိုးခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းနိုင်ရေးအတွက် ကလေးမြို့နှင့် တီးတိန်မြို့တို့၌လိုအပ်သည့်ပြင်ဆင်စုဖွဲ့မှုများနှင့် အုပ်ချုပ်ထောက်ပံ့မှုများကို ချင်းပြည်နယ်၊ ခရိုင်မြို့တော်ကြီး တစ်ခုဖြစ်သည့် ဖလမ်းမြို့အား အမြန်ဆုံးပြန်လည်သိမ်းပိုက်ရရှိနိုင်ရေးနှင့် CDF အမည်ခံဖြည့်တင်းဆောင်ရွက်ခဲ့ပြီး မြေပြင်/ဝေဟင်ဟန်ချက်ညီပေါင်းစပ်စုဖွဲ့၍ စစ်ကြောင်းများခွဲ၍ နယ်မြေရှင်းလင်းခြင်းများစတင်ခဲ့ပြီး တန်ပြန်တိုက်စစ်များ တစ်ဆင့်ပြီး တစ်ဆင့် ခြေကုပ်ယူထိုးဖောက်တိုက်ခိုက်ခဲ့ရာ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် **စာမျက်နှာ ၂၈ သို့** ❍



တပ်မတော်စစ်ကြောင်းများက CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် နယ်မြေခံတပ်ရင်းဌာနချုပ်အား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။









CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီခံစစ်စခန်းပြုလုပ်ကာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဖလမ်းမြို့ရှိ ဌာနဆိုင်ရာအဆောက်အအုံများကိုတွေ့ရစဉ်။





CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ဖလမ်းမြို့ရှိ ဌာနဆိုင်ရာအဆောက်အအုံ၊ ဘာသာရေးအဆောက်အအုံများနှင့်လူနေအဆောက်အအုံများအတွင်း ဘန်ကာများပြုလုပ်၍ ယာယီခံစစ်စခန်းပြုလုပ်ခဲ့မှုကိုတွေ့ရစဉ်။





CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ဖလမ်းမြို့ရှိ ဌာနဆိုင်ရာအဆောက်အအုံ၊ ဘာသာရေးအဆောက်အအုံများနှင့်လူနေအဆောက်အအုံများအတွင်း ဘန်ကာများပြုလုပ်၍ ယာယီခံစစ်စခန်းပြုလုပ်ခဲ့မှုကိုတွေ့ရစဉ်။













CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းများကို တွေ့ရစဉ်။

CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ အလောင်းများကို တွေ့ရစဉ်။







CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းများကို တွေ့ရစဉ်။





CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ဖလမ်းမြို့ရှိ ဌာနဆိုင်ရာအဆောက်အအုံ၊ ဘာသာရေးအဆောက်အအုံများနှင့် လူနေအဆောက်အအုံများအတွင်း ဘန်ကာများပြုလုပ်၍ ယာယီခံစစ်စခန်းပြုလုပ်ခဲ့မှုကိုတွေ့ရစဉ်။

❍ **စာမျက်နှာ ၂၇ မှအဆက်**

အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော သာယာကုန်းကျေးရွာအားလည်းကောင်း၊ အောက်တိုဘာလ ၃၀ ရက်နေ့တွင် နတ်ချောင်းတံတားအားလည်းကောင်း၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် ပွိုင့်-၂၂၄၄ တောင်ကုန်းအားလည်းကောင်း၊ နိုဝင်ဘာလ ၄ ရက်နေ့တွင်ကနေဒီတောင်နှင့် ဝေဘူလစခန်းတို့အားလည်းကောင်း၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ပွိုင့်-၂၀၆၄ တောင်ကုန်းအားလည်းကောင်း၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် သိုင်းငင်းစခန်းအားလည်းကောင်း၊ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ပွိုင့်-၂၁၄၃ တောင်ကုန်းအားလည်းကောင်း၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ပွိုင့်-၂၀၆၃ တောင်ကုန်းအားလည်းကောင်း၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ဇွယ်လေကျေးရွာအားလည်းကောင်း၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ထင်းရှူးစခန်းကျေးရွာအားလည်းကောင်း၊ မတ်လ ၃၁ ရက်နေ့တွင် ပါသဲကျေးရွာအားလည်းကောင်း၊ ဧပြီလ ၁၉ ရက်နေ့တွင်ဗားတံတားအားလည်းကောင်း၊ ဧပြီလ ၂၂ ရက်နေ့တွင် ခွန်လီကျေးရွာအားလည်းကောင်း၊ ဧပြီလ ၂၃ ရက်နေ့တွင် ပွိုင့် ၁၇၁၀ တောင်ကုန်း၊ ကြောင်ဟင်ရွာကျေးရွာနှင့် ဆွန်ဟရန်ကျေးရွာတို့အားလည်းကောင်း၊ ဧပြီလ ၂၄ ရက်နေ့တွင် ဆူရ်ဂုန်လေဆိပ်နှင့် ဆီဇာမော်ကျေးရွာတို့အားလည်းကောင်း အသီးသီး အောင်မြင်စွာ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဧပြီလ ၂၅ ရက်နေ့ ယနေ့တွင် အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသည့် ဖလမ်းမြို့အား တပ်မတော်စစ်ကြောင်းများက အပြီးအတိုင်အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

ထိုသို့အောင်မြင်စွာသိမ်းပိုက်နိုင်ခဲ့သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများ၏ နေရပ်ဇာတိအိုးအိမ်နေရာများ၌ စိတ်အေးချမ်းသာစွာ ပြန်လည်နေထိုင်လိုသည့်ဆန္ဒ၊ အကြမ်းဖက်သောင်းကျန်းသူများ၏ အသက်အန္တရာယ်ရန်ပြုမှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှု၊ ထိတ်လန့်ကြောက်ရွံ့နေရမှုဘေးမှကင်းဝေးပြီး ၎င်းတို့၏ လူမှုစီးပွားဘဝအတွက် အေးချမ်းစွာရှာဖွေလုပ်ကိုင်စားသောက်လိုသည့် စိတ်ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်ခဲ့ပြီဖြစ်သည်။

တပ်မတော်စစ်ကြောင်းများက ဖလမ်းမြို့နှင့်အဆိုပါဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏အသက်ကိုပဓာနမထားဘဲ ရွှပ်ရွှပ်ခွံခွံ အဆင့်ဆင့်ပြန်လည်တိုက်ခိုက်ထိန်းချုပ်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/တိုက်ပွဲငယ် ထိတွေ့မှုစုစုပေါင်း ၁၀၉ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၁၉ လောင်း၊ လက်နက်မျိုးစုံ ၃၃ လက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ရသည်။

CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် ဖလမ်းမြို့နှင့် ၎င်းဒေသတစ်ဝိုက်အား ယာယီစိုးမိုးထားစဉ် မြို့/ရွာများအတွင်းရှိ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များတွင် ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ်အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်း၊ နေအိမ်များနှင့် ဈေးဆိုင်ခန်းများအားဖောက်ထွင်း၍ တန်ဖိုးကြီးပစ္စည်းများ၊ စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများကို အဓမ္မယူဆောင်ခြင်းများ လုပ်ဆောင်ခဲ့သဖြင့် **စာမျက်နှာ ၂၉ သို့** ❍

အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဈေးများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဧပြီ ၂၅

တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာ လှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းနောင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၂၄ မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့တို့ရှိ အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ လမ်းများနှင့် ဈေးများ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်

ရန်ကုန် ဧပြီ ၂၅

အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက်ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်ိန်းကျွန်းမြို့နယ် သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ကျင်းပရာ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းနှင့်တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှတာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးတွင် အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံ၍ အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက်သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေးနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်စီမံဆောင်ရွက်ရန်ရှိသည်များ ညှိနှိုင်းဆောင်ရွက်ရေးနှင့် ပတ်သက်၍ မှာကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးဦးဗိုလ်ဌေးက မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ နိုင်ငံတကာအဆင့်အားကစားပြိုင်ပွဲဖြစ်၍ ယခင်ကျင်းပခဲ့သော်ပြိုင်ပွဲများထက် ပိုမိုကောင်းမွန်အောင် အိမ်ရှင်နိုင်ငံက လုပ်ငန်းများ အားလုံးလစ်ဟာမှုမရှိစေရေးနှင့် သန့်ရှင်းစိမ်းလန်းသာယာရေး လုပ်ငန်းများပါထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်သွားရန် ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီများက မိမိတို့တာဝန်ယူဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များအား ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။ ယင်းနောက် အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဆွေးနွေးတင်ပြချက်များနှင့် ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လိုအပ်ချက်များဖြည့်စွက်မှာကြားကာ အစည်းအဝေးကိုရုပ်သိမ်းခဲ့သည်။

အဆိုပါအကြိမ်(၂၀)မြောက်အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံ၍ ၂၀၂၆ ခုနှစ် မေလ ၁၄ ရက်မှ ၁၈ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)ခန်းမ၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ ယင်းအားကစားပြိုင်ပွဲသို့ အာဆီယံနှင့် ဒေသတွင်းနိုင်ငံများမှ အုပ်ချုပ်/နည်းပြအပါအဝင် အားကစားသမားများပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်(WBPF)နှင့် အာရှကာယဗလအဖွဲ့ချုပ်(ABBF)တို့မှ ကြီးကြပ်ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားအဖွဲ့သည် ၂၀၂၅ ခုနှစ်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင်ကျင်းပသည့် (၁၉)ကြိမ်မြောက်အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် နိုင်ငံကိုးနိုင်ငံမှ ကစားသမား ၈၀ ဦးတို့နှင့် ပြိုင်ပွဲဝင်အတန်း ၁၇ တန်း၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်သုံးခုဆွတ်ခူးရရှိခဲ့ပြီး ချမ်းမြေ့ထွန်းက (Mr.South East Asia 2025) ၂၀၂၅ ခုနှစ် အရှေ့တောင်အာရှကာယဗလမောင်အဖြစ် ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။

ဝန်းရံခ

❍ **စာမျက်နှာ ၂၈ မှအဆက်**

ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ အပါအဝင် ဒေသခံတိုင်းရင်းသားများအနေဖြင့်လည်း အကြမ်းဖက်သမားများအား စက်ဆုပ်ရွံရှာမုန်းတီးခြင်းနှင့်အတူဆင်းရဲမှုဘေးဒုက္ခကြီးစွာဖြင့် နီးစပ်ရာမြို့ရွာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ဖလမ်းမြို့အတွင်းသို့ ယာယီနေရပ်စွန့်ခွာနေကြရသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား အန္တရာယ်ကင်းရှင်းစွာ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားများ အမြန်ဆုံးလည်ပတ်နိုင်ရေးနှင့် အကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာရက်စက်စွာ လုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းများအား ဦးစားပေးရှင်းလင်းဖော်ထုတ်ခြင်းကို ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများ၊ ဆေးရုံ/ဆေးခန်းများ၊ ရုံး/ဌာနအဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များအား ဒေသခံတိုင်းရင်းသားများနှင့်ပူးပေါင်း၍ အမြန်ဆုံးပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ချင်းပြည်နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများ လုံးဝကင်းစင် ပပျောက်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)ကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်အတွက် ကြိုတင်ကန့်သတ်ချက်များ မထားသည့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ဖိတ်ခေါ်လျက်ရှိသည်။ ထို့ကြောင့် PDF အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းအသီးသီးအနေဖြင့် လမ်းကြောင်းမှန်ကိုလျှောက်လှမ်းနိုင်ရန် အခွင့်အရေးတစ်ခုအနေဖြင့် စဉ်းစားချိန်တန်ပြီဖြစ်ကြောင်း မြဝတီအဖွဲ့သားများက သတင်းစကားပါးအပ်လိုက်ပါသည်။

(၁၀၀)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
အကြီးစားပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနအောက်ရှိ (ပြင်ဦးလွင်နှင့် အေလာ)အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်မည့် အောက်ဖော်ပြပါပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့်ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	စီမံကိန်း/လုပ်ငန်းအမည်	အရေအတွက်
(၁)	ဆရာဆောင်(မင်းဝံဆောင်)(၁၁၃'x၉၇'x၂၄')အား အခန်းများဖွဲ့ပေးခြင်း၊ နံရံများပြုပြင်ခြင်း၊ မျက်နှာကြက်နှင့်အမိုးများပြုပြင်ခြင်း၊ ဆေးသုတ်ခြင်းနှင့် မီးလိုင်းများသွယ်တန်းခြင်း	၁
(၂)	ဆရာမဆောင်(ရန်ကင်းဆောင်)(၁၅၂'x၁၀၀'x၂၆')ပထမထပ်ရှိ သန့်စင်ခန်း၊ ရေချိုးခန်းနံရံများ၊ ကြမ်းခင်းများ၊ ရေ၊ မီး၊ မိလ္လာများ ပြန်လည်ပြုပြင်ခြင်းနှင့်ဆေးသုတ်ခြင်း	၁
(၃)	ဓာတ်ခွဲခန်းဌာနစု(၁၄၇'x၂၃'x၂၅')ဆေးသုတ်ခြင်းနှင့် လျှပ်စစ်မီးလိုင်းပြုပြင်ခြင်း။	၁
(၄)	ဝန်ထမ်းအိမ်ရာရှိ သန့်စင်ခန်း(၃'x၄'x၇')(၁၀)လုံး၊ Septic Tank (၇'x၃'x၅'၆")(၅)လုံးပြုပြင်ခြင်း။	၁
(၅)	Transformer 315 kV 6.6 kV/0.4 kV(1) No နှင့် ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း	၁

တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၂၄-၄-၂၀၂၆

တင်ဒါလျှောက်လွှာပုံစံများ နောက်ဆုံးတင်သွင်းရမည့်ရက် - ၇-၅-၂၀၂၆(၁၆:၀၀)နာရီ

တင်ဒါပုံစံရောင်းချမည့်နေရာ - ရုံးအမှတ်(၂၁)၊ နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန(ရုံးချုပ်)
မော်တော်ယာဉ်နည်းပညာသုတေသနဌာန(ပြင်ဦးလွင်)
ဖြပ်ပစ္စည်းသိပ္ပံသုတေသနဌာန(အေလာ)

၂။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များအား ဆက်သွယ်မေးမြန်းနိုင်ပါသည်။ ရုံးချုပ် ၀၆၇-၃၄၀၄၅၃၇၊ မော်တော်ယာဉ်နည်းပညာသုတေသနဌာန(ပြင်ဦးလွင်) ၀၉-၂၀၄၄၆၅၃၄၊ ဖြပ်ပစ္စည်းသိပ္ပံသုတေသနဌာန(အေလာ) ၀၉-၄၂၀၄၄၂၀၇

တင်ဒါကော်မတီ

နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက်ဝယ်ယူမည့် လျှပ်စစ်သုံးယာဉ်နည်းပညာဆိုင်ရာဆက်စပ်ပစ္စည်းများ၊ သုတေသနလုပ်ငန်းသုံးစက်ပစ္စည်းများ၊ Networking Equipments နှင့် ရုံးသုံးစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

Lot-1	လျှပ်စစ်သုံးယာဉ်နည်းပညာဆိုင်ရာဆက်စပ်ပစ္စည်းများ	-	(၆)မျိုး
Lot-2	သုတေသနလုပ်ငန်းသုံးစက်ပစ္စည်းများ	-	(၈)မျိုး
Lot-3	သုတေသနလုပ်ငန်းသုံးစက်ပစ္စည်းများ	-	(၁၆)မျိုး
Lot-4	X-Ray Diffractometer License Renewal	-	(၁)မျိုး
Lot-5	ရုံးသုံးစက်ပစ္စည်းများ	-	(၅)မျိုး
Lot-6	Networking Equipments	-	(၃)မျိုး

တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၂၄-၄-၂၀၂၆

တင်ဒါလျှောက်လွှာပုံစံများ နောက်ဆုံးတင်သွင်းရမည့်ရက် - ၇-၅-၂၀၂၆(၁၆:၀၀)နာရီ

တင်ဒါပုံစံရောင်းချမည့်နေရာ - ရုံးအမှတ်(၂၁)၊ နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန(ရုံးချုပ်)
- မော်တော်ယာဉ်နည်းပညာသုတေသနဌာန
- ဖြပ်ပစ္စည်းသိပ္ပံသုတေသနဌာန(ဓာတ်တော်)
- ဖြပ်ပစ္စည်းသိပ္ပံသုတေသနဌာန(အေလာ)

၂။ အသေးစိတ်သိရှိလိုပါက (ရုံးချုပ်)၀၆၇-၃၄၀၄၅၃၃၇၊ ၀၆၇-၃၄၀၄၅၂၀၊ မော်တော်ယာဉ်နည်းပညာသုတေသနဌာန(ပြင်ဦးလွင်)၀၉-၂၀၄၄၆၅၃၄၊ ဖြပ်ပစ္စည်းသိပ္ပံသုတေသနဌာန(ဓာတ်တော်) ၀၉-၂၁၅၁၃၉၁၁၊ ၀၃၃-၆၀၃၅၈၊ ဖြပ်ပစ္စည်းသိပ္ပံသုတေသနဌာန(အေလာ)၀၉-၄၂၀၇၄၈၄၀၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ

နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန

ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ဆေးရုံရပ်ကွက်၊ အမှတ်(၄၄)မြို့မလမ်းနေ မောင်ကြိုင်(ဘ)ဦးဘထွန်း ၁၄/၀၁၈မ(နိုင်) ၀၀၈၉၉၃ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၇၄၉၇၈

ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ဆေးရုံရပ်ကွက်၊ အမှတ်(၄၄)မြို့မလမ်းနေ သန်းသန်းရီ(ဘ)ဦးရက်ဆား ၁၄/၀၁၈မ(နိုင်) ၁၄၀၂၄၀ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၇၄၉၇၈

ပျောက်ဆုံးကြောင်း

ဦးတင်မြင့်(ဘ)ဦးဘသန်း ၉/၀မန(နိုင်) ၀၈၇၀၉၃ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၇၃၆၂၅၉

ပျောက်ဆုံးကြောင်း

ပူဂျား(ဘ)ဦးဘာဘူရမိုး ၁၃/မကန(နိုင်) ၁၂၈၇၂၇ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၃၇၅၈၄၇၈

တစ်ဦးတည်းဖြစ်ပါကြောင်း

တမူးမြို့နယ်၊ စမ်းပါတ်တွင်မွေးဖွားစာရင်းမှာ ကျင့်ရှန်မွမ်းဆန်(ခ)မူဟာမက်အေခ်ရာမ်ကျင့်(ဘ)ဦးကျော်နိုင် ၁၂/လကန(နိုင်)၀၄၅၃၃၉၆ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ကျင့်ရှန်မွမ်းဆန်(ခ)မူဟာမက်အေခ်ရာမ်ကျင့်

ပျောက်ဆုံးကြောင်း

မူမူနိုင်(ဘ)ဦးအဟုတ် ၁၂/တမန(နိုင်) ၀၈၉၄၆၀ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ် အမှတ်(MI 360910)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၅၁၃၄၁၄၆

ပျောက်ဆုံးကြောင်း

ပပဝင်း(ဘ)ဦးတင်အေး ၉/ရမသ(နိုင်) ၁၅၀၄၁၂ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၀၅၁၃၂၇

ပျောက်ဆုံးကြောင်း

မပေါက်တီ(ဘ)ဦးလောချန် ၁၃/နခန(နိုင်) ၁၁၂၈၉ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ် အမှတ်(MJ 126939)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၆၀၁၃၈၇၅

အမည်မှန်

ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ဆရလ(၁၅) လမ်းနေ ဦးဇော်မင်း၏သမီး မချူးပြည့်စုံ၏ အမည်မှန်မှာ မသက်နှင်းဇင်ဖြစ်ပါကြောင်း။

မသက်နှင်းဇင်

ပျောက်ဆုံးကြောင်း

ယမင်း(ဘ)ဦးဝင်းမင်းသန့် ၅/တဆန(နိုင်) ၁၇၃၈၂၇ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၁၈၃၀၄၈

ပျောက်ဆုံးကြောင်း

ဝေဇာလွင်(ဘ)ဦးအောင်လှိုင် ၁၂/ခရန(နိုင်) ၁၃၆၄၇၆ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၄၉၅၁၄၄၄

ပျောက်ဆုံးကြောင်း

နန်းမယ်ဝင်းကြည်(ဘ)ဦးမြသိန်း ၃/လဘန(နိုင်)၁၇၆၁၀၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 996161)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ဆေးရုံရပ်ကွက်၊ အမှတ်(၄၄)မြို့မလမ်းနေ ဇွန်သဲမောင်(ဘ)ဦးမောင်ကြည် ၁၄/၀၁၈မ(နိုင်) ၁၆၅၄၄၆ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၇၄၉၇၈

ပျောက်ဆုံးကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဣန္ဒာ(၁၁)လမ်း၊ အမှတ်(၉၃၈)နေ အီစမန်ကာ(ခ)ဇော်ဝင်း(ဘ)ဦးကေအာဒီယား ၁၂/ဥကဘ(နိုင်)၁၄၁၉၇၂ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၆၀၆၆၅၃

Insolvency Law ပုဒ်မ ၁၄၇။ (က) (၁)နှင့်(၂)အရ အစုရှင်များ၏ဆန္ဒအလျောက် MYANMAR XING AN COMPANY LIMITED အား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ၊ (၉)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ MYANMAR XING AN COMPANY LIMITED အား (၁၈-၄-၂၀၂၆)ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးကျော့မောင်၊ Insolvency Practitioner (MAIP No.109550)အား Liquidator အဖြစ်ခန့်အပ်လိုက်ပါသည်။ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၂၇ ခုနှစ်၊ ဧပြီလ(၁၉)ရက်နေ့ကိုနောက်ဆုံးထား၍ Liquidator ထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Daw Hla Hla Yee	U Tin Tun
Director	Managing Director
Myanmar Xing An Co.,Ltd.	Myanmar Xing An Co.,Ltd.

Insolvency Law ပုဒ်မ ၁၄၇။ (က) (၁)နှင့်(၂)အရ အစုရှင်များ၏ဆန္ဒအလျောက် SUMMIT APEX COMPANY LIMITED အား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ၊ (၈)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ SUMMIT APEX COMPANY LIMITED အား (၁၇-၄-၂၀၂၆)ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးကျော့မောင်၊ Insolvency Practitioner (MAIP No.109550)အား Liquidator အဖြစ်ခန့်အပ်လိုက်ပါသည်။ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၂၇ ခုနှစ်၊ ဧပြီလ(၁၈)ရက်နေ့ကိုနောက်ဆုံးထား၍ Liquidator ထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U Si Thu Win	U Tin Kyaw Min
Director	Managing Director
Summit Apex Company Limited	Summit APEX Company Limited

အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အဘ ဦးဝင်းတင် ၅/ခဥတ(နိုင်)၀၆၈၀၃၅၅ ၏သမီး အမှတ်(၉၁)အခြေခံပညာမူလတန်းလွန်ကျောင်း (မြို့ဦး)Grade-4 ကျောင်းဝင်အမှတ်၀၂၈၂မသော်တာရွှန်းလုံ၏အမည်မှန်မှာ မသော်တာရွှန်းလတ်ဖြစ်ပါကြောင်း။

မသော်တာရွှန်းလတ်

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အ.မ.က(နေရှင်နယ်)ကျောင်း Grade-4 မှ မောင်ဟိန်းသန့်ဖြိုး၏ဖခင် ဦးမင်းမင်းစိုး၏ အမည်မှန်မှာဦးမင်းစိုး၈/တတက(နိုင်)၁၄၆၇၀၉ ဖြစ်ပါကြောင်း။

ဦးမင်းစိုး

မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အေးချမ်းသာကျေးရွာနေ အဘ ဦးဝင်းလှိုင်၏သမီး မဝိုင်းစုလှိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၆-၂၀၀၈ ဖြစ်ပါကြောင်း။

၁-၆-၂၀၀၈

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ မြို့မ(အ.လ.က)Grade-6 မှ မောင်ဟိန်းဝင်္ဂဖြိုး၏ဖခင် ဦးမင်းမင်းစိုး၏အမည်မှန်မှာ ဦးမင်းစိုး ၈/တတက(နိုင်)၁၄၆၇၀၉ ဖြစ်ပါကြောင်း။

ဦးမင်းစိုး

ပျောက်ဆုံးကြောင်း

ဒေါ်တင်ကြည်(ဘ)ဦးကျော်ညွှန့် ၉/ပမန(နိုင်)၀၈၇၀၉၂ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၆၆၅၇၀၁၃

ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ဆေးရုံရပ်ကွက်၊ အမှတ်(၄၄)မြို့မလမ်းနေ မောင်ကြိုင်(ဘ)ဦးဘထွန်း ၁၄/၀၁၈မ(နိုင်) ၀၀၈၉၉၃ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၇၄၉၇၈







ပင်ရင်းအရောင်း- ဖုန်း - ၀၁ ၆၅၁၁၇၇၊ ၀၉ ၆၉၄၉၆၅၁၀၀

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၀၆၀၁၀၀

KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇





တပ်မတော်စစ်ကြောင်းများက CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် ဆူရ်ဘုန်လေဆိပ်အားပြန်လည်သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။

တပ်မတော်စစ်ကြောင်းများက CDF အမည်ခံအကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် ဗလမ်းမြို့နှင့် အဆိုပါဒေသတစ်ခုလုံးအား အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်

နေပြည်တော် ဧပြီ ၂၅

ချင်းပြည်နယ်၏ ဒုတိယမြို့တော်ဖြစ်သည့် ဖလမ်းမြို့သည် ပြည်နယ်ရုံး၊ ခရိုင်ရုံး၊ မြို့နယ်ရုံးများစိုက်ရာ တောင်ပေါ်မြို့တစ်မြို့ဖြစ်သည်။ မြောက်ဘက်တွင် တီးတိန်မြို့နယ်နှင့် တောင်ဘက်တွင် ဟားခါးမြို့နယ်တို့တည်ရှိကာ ဖလမ်းမြို့အနီး ဆူရ်ဘုန်တောင်တွင် လေယာဉ်ကွင်းရှိပြီး ချင်းပြည်နယ်၏ပထမဆုံးလေဆိပ်ရှိသည့်မြို့ဖြစ်သည်။ ဖလမ်းမှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်သို့လည်းကောင်း၊ ဖလမ်း-ဟားခါးမှတစ်ဆင့် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်ဘက်သို့လည်းကောင်း သွားလာနိုင်ပြီး အချက်အချာကျပြီး နယ်မြေအေးချမ်းသည့် မြို့တစ်မြို့ဖြစ်သည်။

ထိုကဲ့သို့သော နယ်မြေအေးချမ်းသည့် တောင်ပေါ်ဒေသတွင် ရိုးသားစွာ နေထိုင်လုပ်ကိုင်စားသောက်နေကြသည့် ပြည်သူများအား CDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များက CRPH၊ NUG အကြမ်းဖက်အဖွဲ့တို့၏ သွေးထိုးမြှောက်ပင့်မှုနှင့်အတူ စာမျက်နှာ ၂၇ ကော်လံ ၁

- နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
- နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

နိုင်ငံတော်တည်ငြိမ်ရေးနှင့်နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို စာ - ၂၂ သို့

စက်သုံးဆီဖြန့်ဖြူးရောင်းချမှုနှင့် ပတ်သက်၍ပြည်သူသို့အသိပေးပန်ကြားချက်

နေပြည်တော် ဧပြီ ၂၅

အရှေ့အလယ်ပိုင်းတွင် ဖြစ်ပွားနေသောပဋိပက္ခများကြောင့် ကမ္ဘာ့ရေနံတင်ပို့မှုငါးပုံတစ်ပုံခန့် ဖြတ်သန်းသယ်ယူပို့ဆောင်လျက်ရှိသော ဟောမုရေလက်ကြားပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့ရာ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများဆက်တိုက်မြင့်တက်ခဲ့ပြီး စက်သုံးဆီဈေးနှုန်းများလည်း လိုက်ပါမြင့်တက်သောကြောင့် အခက်အခဲများစွာကြုံတွေ့ခဲ့ကြရပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် စက်သုံးဆီမပြတ်လပ်စေရေး ပုံမှန်ညှိနှိုင်းကြီးကြပ်ဆောင်ရွက်ခဲ့သည့်အတွက် စဉ်ဆက်မပြတ်ဖြည့်တင်းနိုင်ခဲ့ပြီး စက်သုံးဆီများ ပုံမှန်ဖြန့်ဖြူးရောင်းချပေးနိုင်လျက်ရှိသည့်အပြင်စနစ်တကျစိစစ်သုံးစွဲနိုင်မှုကြောင့် ရက် ၆၀ စာဖူလုံမှုရှိသည်အထိ ဖြည့်တင်းသိုလှောင်နိုင်သည့် အခြေအနေသို့ ရောက်ရှိခဲ့ပါသည်။ ထို့အပြင် စက်သုံးဆီဖူလုံမှု စာမျက်နှာ ၁၅ ကော်လံ ၁▲

ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်တွင် အမှတ်(၅)အဆန်/အမှတ်(၆)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားတိုက်ရိုက်စတင်ပြေးဆွဲမည်

နေပြည်တော် ဧပြီ ၂၅



နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှာကြားချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာနမြန်မာ့မီးရထားသည် ခရီးသွားပြည်သူများအဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရန်ကုန်-မန္တလေး-ရန်ကုန်ရထားခရီးစဉ်အဖြစ် အမှတ်(၅)အဆန်/ အမှတ်(၆)အစုန် လေအေးပေးစက်ပါခေတ်မီ DEMU လူစီးအမြန်ရထားအား ၂၀၂၆ ခုနှစ် မေလ ၁ ရက် မှစတင်၍ အောက်ပါအချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်။

စာမျက်နှာ ၂၅ ကော်လံ ၁ ○

ဆောင်းပါး

၂၁ ရာစု မြန်မာလူငယ်နှင့် စစ်မှန်သောမျိုးချစ်စိတ်

စာ - ၁၃ သို့

ရောဝတီတံတား(ရတနာပုံ) Load Test စစ်ဆေး၍ လက်ရှိခွင့်ပြုနေသည့် ၂၅ တန်မှ ၄၅ တန် အထိ တိုးမြှင့်ခွင့်ပြု

စာ - ၁၂ သို့

